# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ Monday, 22 November 2021 ၁၀၅၆၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**တိုင်းဖျက် ပြည်ဖျက် PDF အမြစ်ပြတ်ချေမှုန်းကြရမည်**

စာမျက်နှာ » ၆

**နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့**

စာမျက်နှာ » ၉




**ရသစုံလင် ပြုံးပျော်ရွှင်**

စာမျက်နှာ ၂၀၊ ၂၁

**ကယားတို့ဌာနေ ငွေတောင်မြေ၌ လမ်း၊ တံတားများက ပန်းများပမာပွင့်ခဲ့ပြီ**

စာမျက်နှာ » ၂၂



**ဆိုရှယ်မီဒီယာပေါ်မှ ဝါဒဖြန့် ကောလာဟလ သတင်းတု ပြဿနာ**

စာမျက်နှာ » ၁၈

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် ၅၂၇ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၂ ဒသမ ၅၅ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၂၄

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထပ်မံလှူဒါန်းသည့် Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သုံးသန်း doses အနက် တတိယအသုတ် တစ်သန်း doses ရောက်ရှိ

## ဝယ်ယူမှုနှင့် လှူဒါန်းမှုတို့မှ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၄၀၁၆၈၀၀၀ doses ရောက်ရှိပြီးဖြစ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထပ်မံလှူဒါန်းသည့် Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သုံးသန်း doses အနက် တတိယအသုတ် တစ်သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဝယ်ယူထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စုစုပေါင်း ၃၁ သန်း doses နှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ မိတ်ဆွေနိုင်ငံများမှ လှူဒါန်းလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စုစုပေါင်း ၉၁၆၈၀၀၀ doses ရရှိပြီးဖြစ်၍ ဝယ်ယူမှုနှင့် လှူဒါန်းမှုတို့မှ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၄၀၁၆၈၀၀၀ doses ရောက်ရှိပြီးဖြစ်သည်။

**တတိယအသုတ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံသို့ Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သုံးသန်း doses လှူဒါန်းထားသည့်အနက် တတိယအသုတ်အဖြစ် Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်သန်း doses နှင့် ဆေးထိုးအပ်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ ညနေ ၄ နာရီခွဲတွင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑

ကြေးမုံ

# အားလုံးအနာဂတ်အတွက် ဦးတည်ဆောင်ရွက်

သတ္တဝါတို့သည် ပင်ကိုအသိဉာဏ်ဖြင့် အသက်ရှင်သန်ရပ်တည်နေကြသည်။ လူတို့သည် သင်ယူလေ့လာမှုအသိဉာဏ် (ပညာ) ဖြင့် ဘဝတိုးတက်ရေးကို ဆောင်ရွက်နေကြသည်။ မွေးကင်းစလူဖြစ်လာသည့်အရွယ်မှစ၍ ပတ်ဝန်းကျင်ကို လေ့လာ၍ သင်ယူတတ်မြောက်လာကြသည်။ အရွယ်ရောက်စအချိန်တွင် အသက်အရွယ်အလိုက် အသိပညာတိုးပွားစေမည့်ပညာတို့ကို လေ့လာသင်ယူကြရသည်။ လူလားမြောက်သောအရွယ်တွင် အသိပညာ၊ အတတ်ပညာ၊ တီထွင်ကြံဆ၊ ဆင်ခြင်တုံတရားများ မြင့်မားလာအောင် ကြိုးပမ်းအားထုတ်ကြရသည်။ ပြီးလျှင် မိမိအကျိုး၊ တိုင်းပြည်အကျိုး တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ကြသည်။

ဤသည်မှာ လူတို့ဘဝအဆင့်ဆင့် တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ရသည့် အားလုံးအနာဂတ်အတွက် ဦးတည်ဆောင်ရွက်ချက်ဖြစ်သည်။ လူဖြစ်လာလျှင် မလွဲမသွေလုပ်ဆောင်ရမည့် ဘဝတိုးတက်ရေးလုပ်ငန်းစဉ်ဖြစ်သည်။ လူဖြစ်လာလျှင် ဘဝတိုးတက်ရေးအတွက် လူတိုင်းလူတိုင်း ပညာသင်ကြားကြရသည်။ လူတိုင်းစာတတ်ရေး၊ ပညာတတ်ရေးကို နိုင်ငံအားလုံး အစိုးရတို့က တာဝန်ယူဆောင်ရွက်ပေးကြသည်။ ပညာသင်ကြားခြင်းသည် ကလေးသူငယ်၊ လူငယ်အားလုံးအတွက် အခွင့်အရေးတစ်ခုဖြစ်သလို တာဝန်လည်းဖြစ်သည်။ လူသားအားလုံး ပညာတတ်မြောက်ရေးအတွက် ကုလသမဂ္ဂက ချမှတ်ထားသည့် ကလေးသူငယ်များအခွင့်အရေးတွင် ကျန်းမာရေးနှင့် ပညာသင်ကြားခွင့်ကို ဦးစားပေးထည့်သွင်းထားသည်။

ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် လူသားအားလုံးအတွက် ရေခံမြေခံဘူမိနက်သန်နေရာမှန်ဖြစ်သည်။ အားလုံးအတွက် ပညာအမွေသန္ဓေတည်ရာဖြစ်သည်။ ပညာသည် ဘဝမြင့်မားရေးအတွက်သာမက တိုင်းပြည်၏အနာဂတ်ကို ပုံဖော်ထင်ဟပ်စေသည့် အခြေခံအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် ပညာသင်ကြားရေးတွင် စာသင်ကျောင်းသည် စာပေသင်ကြားပေးသည့်နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုရေးကျင့်ဝတ်များကို သင်ကြားပေးသည့်နေရာမျိုးဖြစ်ရန် လိုအပ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားသည်။

မြန်မာနိုင်ငံပညာရေးသမိုင်းတွင် အခြေခံပညာကျောင်းများ၌ အသိပညာဗဟုသုတတိုးတက်ရေးသာမက ကာယ၊ ဉာဏ၊ စာရိတ္တ၊ ကျန်းမာကြံ့ခိုင်ရေးတို့ကိုပါ ပေါင်းစပ်ပျိုးထောင်ပေးခဲ့သည်။ ထိုစဉ်က တိုင်းပြည်၏မူဝါဒအရ အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်ခဲ့သော်လည်း လူတို့၏ဘဝများနှင့် လူမှုပတ်ဝန်းကျင်အများစုမှာမူ သင့်တင့်လျောက်ပတ်သည့် တည်ငြိမ်အေးချမ်းသာယာမှုနှင့် ကိုယ်စိတ်နှလုံးချမ်းမြေ့မှုများ ရှိခဲ့ကြပါသည်။ ခေတ်စနစ်အရ တိုးတက်ပြောင်းလဲမှုများ ရှိသည်မှန်သော်လည်း အသိဉာဏ်ပညာဆင်ခြင်တုံတရားရှိသည့်ပညာသည် အဓိကကျပါသည်။ သို့မှသာ မိမိကိုယ်မိမိ အကျိုးပြုနိုင်သည့်၊ မိမိပတ်ဝန်းကျင်ကို အကျိုးပြုနိုင်သည့်၊ မိမိနိုင်ငံတော်ကို အကျိုးပြုနိုင်သည့် စိတ်ရောကိုယ်ပါ ကြံ့ခိုင်ကောင်းမွန်ကြသည့် လူကောင်းလူတော် နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်အတွက် တန်ဖိုးကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ တန်ဖိုးကြီးသည့် အရင်းအနှီးကို အချိန်ကာလရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ကြရသည်။ ယင်းကို ကုလသမဂ္ဂအပါအဝင် နိုင်ငံများအားလုံးသာမက ကမ္ဘာ့ပြည်သူအားလုံးကပါ သိရှိနားလည်ထားကြသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများက ကလေးသူငယ်များ၏ပညာရေးနှင့် ကျန်းမာရေးကို ဦးစားပေးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထိုအခြေအနေတွင် နိုင်ငံအတွက် ရက်စရာကောင်းသောအလုပ်ကို အကြမ်းဖက်အဖွဲ့များက လုပ်ကိုင်ခဲ့ကြသည်ကိုတွေ့ရသည်။ အကြမ်းဖက်အဖျက်သမားများက စာသင်ကျောင်းများ မဖွင့်လှစ်နိုင်ရန်နှင့် ပညာရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေရန် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံ၏အနာဂတ်၊ မျိုးဆက်သစ်လူငယ်လူရွယ်များ၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံထားသည့် အရင်းအမြစ်များကို ဖျက်ဆီးခဲ့ကြသည်။ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမျှ မပြုလုပ်သည့် စာသင်ကျောင်းအမြောက်အမြားကို ဖျက်ဆီးခဲ့ကြသည်။ ပညာသင်ကြားပေးသော ဆရာ ဆရာမများကို သတ်ဖြတ်ခဲ့ကြသည်။ တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းပေါင်း ၄၄၄ ကျောင်းကို အကြမ်းဖက်အဖျက်သမားများက မိုင်းထောင်ဖောက်ခွဲ မီးရှို့ဖျက်ဆီးခဲ့ကြသည်။ အဆိုပါအဖြစ်အပျက်များမှာ မမှန်သတင်းများမဟုတ်ဘဲ ပျက်စီးခဲ့သည့်စာသင်ကျောင်းများကို သွားရောက်ကြည့်ရှုလျှင် လက်တွေ့သိမြင်နိုင်သည်။ ထိုအဖြစ်အပျက်များကို ကုလသမဂ္ဂအနေဖြင့်လည်း သိရှိလိမ့်မည်ဟု မျှော်လင့်သည်။ ပညာမသင်ကြားနိုင်ရေးကို ပြုလုပ်ခြင်းသည် ကုလသမဂ္ဂ၏ကလေးသူငယ်အခွင့်အရေးများကို ချိုးဖောက်ဖျက်ဆီးခြင်းပင်ဖြစ်သည်။

မည်သို့ပင် အဖျက်လုပ်ရပ်များကို ဆောင်ရွက်သည်ဖြစ်စေ၊ မည်သို့ပင် စာသင်ကျောင်းများကို ဖျက်ဆီးနေသည်ကို မျက်ကွယ်ပြုသည်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျောင်းနေအရွယ်ကလေးငယ်အားလုံး ပညာသင်ကြားခွင့်ရအောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အားလုံး၏အနာဂတ် မပျောက်ပျက်အောင် အစွမ်းကုန်ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

“ပဋိဇီဝဆေးယဉ်ပါးမှု အသိပညာပေးရက်သတ္တပတ်”
MOALI
“ပဋိဇီဝဆေးယဉ်ပါးမှု ရပ်တန့်ဖို့ အသိပညာပေးမှုမြှင့်တင်စို့”
Spread awareness, stop resistance
HANDLE ANTIMICROBIALS WITH CARE
၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်မှ (၂၄)ရက်အထိ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်



**ပဲခူး နိုဝင်ဘာ ၂၁**

ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၉ ရက်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားပန်းရန်သင်တန်း ပို့ချဆောင်ရွက်နေမှုအား ကြည့်ရှုပြီး ၂၀၂၁-၂၀၂၂ ခြောက်လဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ဆောင်ရွက်မည့် ကျေးရွာလေးရွာမှ သင်တန်းသားနှစ်ဦးစီအား VDP/AVIP သင်တန်းငါးရက် ပို့ချမည့်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ဌာနတွင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပွဲတမေ့ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပုံစံ(၇-ခ) ဖြင့် ထုတ်ချေးဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုပြီး ကော်မတီဝင်များ၊ အသင်းသား အသင်းသူများနှင့် တွေ့ဆုံခြင်း၊ စီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာတွင်း လမ်းနေရာကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခုက ယာဉ်စီးရေလေးစီးဖြင့် နှာခေါင်းစည်း ၃၃ တန် တင်သွင်းခဲ့သည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ထုတ်ကုန်များ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်

နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု၊ သွင်းအားစုများရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု များစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## မိမိထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ အမှတ် (၃) အထည်စက်ရုံခွဲ (စစ်ကိုင်း) သို့ရောက်ရှိပြီး စက်ရုံအတွင်း စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။



**မှာကြား**

ဆက်လက်၍ အမှတ်(၃)အထည်စက်ရုံ (စစ်ကိုင်း) သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံထုတ်ကုန် ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာလျှင် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က **“ချည်မျှင်နှင့်အထည်စက်ရုံများသည် နိုင်ငံအတွက် လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအား အသုံးပြုနိုင်ရေး စနစ်တကျစဉ်းစားသုံးသပ်ဆောင်ရွက်ကြရန်”** လမ်းညွှန်မှုပြုထားကြောင်း၊ ထို့ကြောင့် မိမိထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ဈေးကွက်သုတေသနပြုလုပ်ပြီး ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများနှင့်ပတ်သက်၍ သုံးစွဲသူများ၏အကြံပြုချက်များကို အလေးထား၍ ပြုပြင်ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ အဝတ်အထည်များအား အရည်အသွေးကောင်းမွန်ပြီး ဆန်းသစ်သည့်ဒီဇိုင်းများဖြင့် ထုတ်လုပ်ရန် လိုအပ်သလို သုံးစွဲသူများအား ဆွဲဆောင်မှုရှိမည့် ထုပ်ပိုးမှုပုံစံဖြစ်အောင် စီမံရမည်ဖြစ်ကြောင်း၊ အထည်စက်ရုံများ လည်ပတ်ဆောင်ရွက်နိုင်လျှင် ဝါစိုက်ပျိုးသည်မှ အထည်ချောထွက်ရှိသည်အထိ Supply Chain တစ်ခုလုံးတွင် ဝင်ရောက်လုပ်ကိုင်နေသူတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်၍ ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားကာ ဝါဖန်ဌာန၊ ဗိုင်းတောင့်ဌာန၊ အပင်ပေါင်းဌာန၊ ချည်ငင်ဌာန၊ ရက်ကန်းဌာနနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနတို့သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဧည့်ရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားတွေ့ဆုံ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှ ဦးစီးဌာန၊ သင်တန်းကျောင်းနှင့် စက်ရုံများ၏ လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ကုန်ကြမ်းလိုအပ်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် အဝတ်အထည်ကဏ္ဍအတွက် လိုအပ်သောချည်နှင့်ပိတ်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သောထုတ်ကုန်ပစ္စည်းများအား အခြားဝန်ကြီးဌာနများသို့ ရောင်းချမည်ဖြစ်၍ ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ထို့အပြင် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ အမှတ်(၃) အထည်စက်ရုံ (စစ်ကိုင်း)နှင့် အမှတ်(၆) အထည်စက်ရုံ (ဆားလင်းကြီး) တို့အတွက် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ဝါစိုက်တောင်သူများနှင့်ချိတ်ဆက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မည်**

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်မှုဝန်ကြီးဌာနရှိ အထည်စက်ရုံများအတွက် ဝါကုန်ကြမ်းများ အပြည့်အဝရရှိရေးအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ သဖန်းဆိပ်ဆည်မှ ရေရရှိမှုအခြေအနေပေါ်မူတည်၍ ယခုနှစ်နွေရာသီတွင် ချည်မျှင်ရှည်ဝါများ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဝါအထွက်နှုန်းအားသတ်မှတ်ချက်ထက်ကျော်လွန်ထွက်ရှိနိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် လက်တွဲပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် စက်ရုံအလုပ်ရုံများအတွက် လိုအပ်သောလုပ်သားများရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ **သတင်းစဉ်**

---

❑ **ရှေ့ဖုံးမှ**

ထပ်မံရောက်ရှိလာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ကုသရေး /ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဦးဆောင်သည့်အဖွဲ့က လက်ခံရယူသည်။

သို့ဖြစ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ထပ်မံလှူဒါန်းသည့် Sinovac အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သုံးသန်း doses သည် သုံးသုတ်ခွဲ၍ ယနေ့တွင် အပြည့်အစုံရောက်ရှိပြီးဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်အထိ လူဦးရေစုစုပေါင်း ၁၅ ဒသမ ၃ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၀ ဒသမ ၄ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၄ ဒသမ ၉ သန်း ရှိပြီဖြစ်သည်။

သို့အတွက် နိုဝင်ဘာ ၂၀ ရက်အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း ၂၅ ဒသမ ၈ သန်း ထိုးနှံပြီးဖြစ်သည်။ ထိုသို့ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာတွင် ကာကွယ်ဆေးထိုးစီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (VMIS) တွင် အချက်အလက်များကို စနစ်တကျ ထည့်သွင်းထားရှိ၍ QR code ပါရှိသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း အသိအမှတ်ပြု ကတ်ပြားများကိုလည်း ထုတ်ပေးလျက်ရှိသည်။

ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူများအနေဖြင့် ပြည်တွင်း/ပြည်ပခရီးသွားလာရာတွင် ဖြေလျှော့ပေးမှုများ အလိုက် လွယ်ကူအဆင်ပြေစွာသွားလာနိုင်ရေးအတွက် အဆိုပါ ကာကွယ်ဆေးထိုးနှံပြီးကြောင်း အသိအမှတ်ပြုကတ်ပြားများကို အထောက်အထားအဖြစ် ပြသနိုင်မည်ဖြစ်သည်။



**အကြိမ်ပြည့်ထိုးနှံမှုခံယူ**

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ်ကာကွယ်ဆေးထိုးနှံမှု ရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက်တွင် (သို့မဟုတ်) အနီးဆုံးသတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်၍ ထိုးနှံမှုခံယူခြင်းစသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် မိမိကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုဝင်များ၊ မိတ်ဆွေများတွင်လည်းကောင်း ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူရခြင်းမရှိသေးပါက ကာကွယ်ဆေးထိုးနှံခြင်းကို မပျက်မကွက် အကြိမ်ပြည့် ခံယူမှုပြုကြစေရေး တိုက်တွန်းနှိုးဆော်ပေးကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **သတင်းစဉ်**

# ကမ္ဘောဇသာဒီနန်းတော်ရာဝင်းအတွင်း ပြည်တွင်း ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**ပဲခူး နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ရာဝင်းအတွင်း ပြည်တွင်း ပြည်ပ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေးသည်။

**ခရီးသွားလုပ်ငန်းမြှင့်တင်**

တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘောဇသာဒီနန်းတော်သည် ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်သူ ဘုရင့်နောင်မင်းတရားကြီး ထီးနန်းစိုက်ရာနေရာဖြစ်၍ ပြည်တွင်းသာမက ပြည်ပနိုင်ငံများကပါ စိတ်ဝင်တစား လာရောက်လည်ပတ်ရသည့် နေရာတစ်ခုဖြစ်ကြောင်း၊ နန်းတော်ရာဝင်းအတွင်း တူးဖော်တွေ့ရှိထားသည့် ရှေးဟောင်းပစ္စည်းများအတွက် သီးခြားပြတိုက်ထားရှိသွားရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို အထူးအလေးထား ဆောင်ရွက်သွားရန်နှင့် ဒေသတွင်းသာမက ပြည်ပခရီးသွားများ လာရောက်လည်ပတ်နိုင်ရေး Travel Blogger များ ဖိတ်ခေါ်၍ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

ကမ္ဘောဇသာဒီနန်းတော်ကြီးသို့ တစ်နှစ်လျှင် ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားဦးရေ ၂၀၀၀၀ နီးပါးနှင့် ပြည်တွင်းခရီးသွားဧည့်သည် ၆၀၀၀၀၀ ကျော် လာရောက်လည်ပတ် အနားယူအပန်းဖြေကြပြီး လေ့လာစရာအဖြစ် ရှေးဟောင်းကျွန်းတိုင်ကြီးများ၊ မြန်မာနိုင်ငံနှင့် သမိုင်းထင်ရှားမင်းသုံးပါးတို့၏ ပုံတူပန်းချီကားချပ်များ၊ ခေတ်သုံးခေတ် နန်းတော်ပုံ ပန်းချီကားချပ်၊ မြန်မာမင်းတို့၏ ကန်တော့ခံအခမ်းအနားပုံ ပန်းချီကားချပ်၊ ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် ပုံတူရထားတော်ကြီး၊ နန်းတော်ကုန်း တူးဖော်စဉ်ကတွေ့ရှိသည့် ရှေးဟောင်းပစ္စည်းများ၊ သီဟာသနပလ္လင်တော်နှင့် အသုံးအဆောင်ပစ္စည်းများ၊ နန်းဆောင်များ၊ ပြတိုက်များရှိသည့်အပြင် အခမဲ့ငှားရမ်းဆော့ကစားနိုင်သည့် ကစားနည်းမျိုးစုံ၊ ဂိမ်းများဆော့ကစားနိုင်ခြင်း၊ အခမဲ့အင်တာနက်သုံးစွဲခွင့်ရရှိအောင် စီစဉ်ပေးထားခြင်း၊ ပန်းခြံအတွင်း သုတ၊ ရသနှင့် အင်္ဂလိပ်၊ မြန်မာ ကလေးစာအုပ်ပေါင်း ၁၀၀၀ ကျော် ဖတ်ရှုနိုင်ရန် ရွေ့လျားစာကြည့်တိုက် ဖွင့်လှစ်ပေးထားခြင်း၊ နေ့ထူး၊ နေ့မြတ်များနှင့် ပွဲတော်ရက်များတွင် လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဖျော်ဖြေရေး အစီအစဉ်များနှင့် တင်ဆက်ပေးခြင်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ယခုအခါ ကမ္ဘောဇသာဒီနန်းတော်ကြီးအား ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ နိုဝင်ဘာ ၁၀ ရက်မှစတင်၍ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ ပြန်လည်ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ် တူယှဉ်နွှဲပျော် ဂီတပွဲတော် တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၁**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် တူယှဉ်နွှဲပျော် ဂီတပွဲတော် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုဝင်ဘာ ၁၆ ရက် ညနေ ၆ နာရီက ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါ လမ်းညွှန်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

ဆန်ခါတင်ရွေးချယ်ထားသော ခြောက်ဦးတို့၏ ထပ်မံယှဉ်ပြိုင်သီဆိုနေမှုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့် တိုင်းဒေသကြီးဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ကြသူများ၊ နှစ်သိမ့်ဆုရရှိခဲ့ကြသူများနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဆုများနှင့် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



## မြစ်ကြီးနားတက္ကသိုလ်ပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်

**မြစ်ကြီးနား နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးတို့သည် တာဝန်ရှိသူများနှင့်အတူ ဝိုင်းမော်မြို့နယ်အတွင်းရှိ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များစုပေါင်း၍ ရွှေမိုးတောင်ဘုရား ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

**စုပေါင်းဆောင်ရွက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားတက္ကသိုလ် ပရိဝုဏ်အတွင်း လမ်းဘေး ဝဲ/ယာတစ်လျှောက် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ရိတ်ခြင်း၊ အမှိုက်များကောက်ယူခြင်းတို့ကို ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့်အတူ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး မြစ်ကြီးနား တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ထပ်မံဆောင်ရွက်ရမည့် အစီအစဉ်များနှင့် ပတ်သက်ပြီး လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမှုထမ်းအဆင့် အခြေခံဘာသာရပ်ဆိုင်ရာ သင်တန်း (၁/၂၀၂၁) ဆင်းပွဲသို့ တက်ရောက်ပြီး သင်တန်းတွင် ဘာသာရပ်အလိုက် ထူးချွန်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**တံခွန်စိုက်ဆုဖလားပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောင်းရာသီအားကစားပွဲတော် အထိမ်းအမှတ် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ပိတ်ပွဲသို့ တက်ရောက်ပြီး အနိုင်ရရှိသည့် အမျိုးသား အမျိုးသမီး ဘော်လီဘောအသင်းမှ အားကစားသမားများအား ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆု၊ အသင်းလိုက် တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသား ရှစ်သင်းနှင့် အမျိုးသမီးခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နိုဝင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ဆောင်းရာသီအားကစားပွဲတော် အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ကလေးတက္ကသိုက် ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်တွေ့ဆုံပြီး မိုးစပါးစံကွက်ရိတ်သိမ်းပွဲ တက်ရောက်

**မုံရွာ နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယမန်နေ့နံနက်ပိုင်းတွင် ကလေးမြို့ ကလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများ တည်ငြိမ်အေးချမ်းစွာပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကလေးမြို့ ခုတင် ၃၀၀ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာဝန်၊ သူနာပြုများနှင့် ဝန်ထမ်းများ၊ ဆေးကုသမှုခံယူနေသည့် လူနာများအတွက် ငွေကျပ်ငါးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် Oxygen Concentrator ငါးလုံး၊ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၂၀ အား ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

**ကုန်ထုတ်လမ်းဖောက်လုပ်**

ဆက်လက်၍ ကလေးမြို့ မင်္ဂလာဥယျာဉ်ကျေးရွာရှိ တောင်သူဦးမောင်မျိုး ကွင်းအမှတ်-၈၄၃၊ စပါးမျိုးကွဲ ရေမင်း-၄ ဒသမ ၅၀ ဧက၊ အတန်းအစားသင့်အဆင့်ရှိ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်ပြီး ဒေသခံတောင်သူ ၆၇ ဦးစိုက်ပျိုးထားသည့် လယ်မြေ ၃၂၈ ဧကအား အကျိုးပြုမည့် အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ ကျောက်ခင်းကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တိုင်းဖျက်ပြည်ဖျက် PDF အမြစ်ပြတ်ချေမှုန်းကြရမည်

**နိုဝင်ဘာလ ၁၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွေမှာ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ အကြောင်းမဲ့သတ်ဖြတ်မှုကြောင့် ဆရာ ဆရာမတွေနဲ့ ပညာရေးဝန်ထမ်းတွေ သေဆုံး၊ ထိခိုက်ဒဏ်ရာရတဲ့သတင်းကို ဖတ်ရှုလိုက်ရပါတယ်။ နိုင်ငံရေးအပြောင်းအလဲ စတင်စဉ်ကနေ နိုဝင်ဘာလလယ်အထိကာလမှာ အကြမ်းဖက်သမားတွေကြောင့် အနယ်နယ်အရပ်ရပ်က ဆရာ ဆရာမတွေနဲ့ ပညာရေးဝန်ထမ်း ၁၂ ဦး သေဆုံးပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါတယ်။**

သော်က

ပညာရေးဝန်ထမ်းတွေတင် မကပါဘူး။ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ ပြန်ကြားရေး၊ မြေစာရင်း၊ လျှပ်စစ်၊ သစ်တော၊ အကောက်ခွန်၊ လဝက၊ ပို့ဆက်၊ ဆောက်လုပ်ရေးစတဲ့ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း အကြမ်းဖက် PDF တွေ သတ်ဖြတ်ခဲ့လို့ စုစုပေါင်း ၃၈ ဦးအထိ သေဆုံးခဲ့ကြပြီး ဝန်ထမ်း ၇၉ ဦး ထိခိုက်ဒဏ်ရာတွေ ရရှိခဲ့တယ်လို့ သတင်းထုတ်ပြန်ချက်တွေမှာ တွေ့ရပါတယ်။

### ရပ်တည်ချက်မှန်စွာနဲ့ စွန့်ခဲ့ရတဲ့အသက်တွေ

နိုင်ငံတစ်နိုင်ငံမှာ ပညာရေးကဏ္ဍနဲ့ ကျန်းမာရေးကဏ္ဍတွေဟာ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အခြေခံအကျဆုံးကဏ္ဍတွေဖြစ်ပါတယ်။ အထူးသဖြင့် မိမိတို့တိုင်းပြည်လို ဖွံ့ဖြိုးတိုးတက်ဖို့ ရုန်းကန်နေရတဲ့နိုင်ငံမှာ ပညာရေးမြင့်မားအောင်၊ ကျန်းမာကြံ့ခိုင်အောင် အဲဒီကဏ္ဍတွေမှာ တာဝန်ယူနေကြတဲ့ ဆရာ ဆရာမတွေနဲ့ ဆရာဝန်၊ သူနာပြုတွေဟာ မရှိမဖြစ်အရေးကြီးတဲ့သူတွေ။ ဘာသာတရားအရလည်း ဆရာကို အနန္တောအနန္တငါးပါးထဲမှာ ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားရှိပြီး ဆည်းကပ်လေ့ရှိတဲ့ မိမိတို့နိုင်ငံအတွက်တော့ အကြမ်းဖက် PDF တွေရဲ့ တိုက်ခိုက်သတ်ဖြတ်ခြင်းခံရတဲ့ ဆရာ ဆရာမတွေအားလုံးအတွက် ယူကျုံးမရဖြစ်မိပါတယ်။

**နိုင်ငံရေးဖြစ်စဉ်ပြောင်းလဲမှုကာလမှာ ဝန်ထမ်းအချို့ CDM လုပ်သွားကြတဲ့အခါ အများစုသောကဏ္ဍဟာ ပညာရေးနဲ့ ကျန်းမာရေးပဲ ဖြစ်ပါတယ်။ သို့သော် ဌာနမှာ ယုံကြည်ချက်ခိုင်ခိုင်မာမာနဲ့ ဝန်ထမ်းတာဝန်ဝတ္တရားတွေကို အမျိုးမျိုးနှောင့်ယှက်နေချိန်မှာတောင် ထမ်းဆောင်ပြီး ကျန်ရစ်ခဲ့ကြသူတွေဟာ ရှိသမျှအင်အားနဲ့ ကိုယ့်နိုင်ငံရဲ့ အုပ်ချုပ်လည်ပတ်မှုယန္တရား မရပ်တန့်စေဖို့၊ နိုင်ငံရဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စာသင်ကျောင်းတွေ အမြန်ဆုံးပြန်ဖွင့်ဖို့၊ ဆေးရုံ၊ဆေးခန်းတွေ အမြန်ဆုံးပြန်ဖွင့်ပြီး လူနာတွေကိုကယ်တင်ဖို့ ကြိုးပမ်းနေကြသူတွေ ဖြစ်ပါတယ်။ ထိုသူတွေကို သတ်ဖြတ်၊ တိုက်ခိုက်တဲ့ အကြမ်းဖက်သမားတွေရဲ့ အတွေးအခေါ်၊ ဦးနှောက်နဲ့ ဆင်ခြင်တုံတရားကိုတော့ သြချလောက်ပါပေတယ်။**

### ကလေးတွေ ကျောင်းတက်ချင်ကြတယ်

ပြီးခဲ့တဲ့ရက်က ရန်ကုန်မြို့က ဆွေမျိုးသားချင်းကလေးတွေကို မေးမိတယ်။ "ကလေးတို့ ကျောင်းတက်ချင်ကြသလား"လို့။ အားလုံးတညီတညွတ်တည်း "တက်ချင်တာပေါ့၊ ဒါပေမဲ့ သွားမတက်ရဲသေးဘူး။ သွားတက်ရင် ဒလန်ဆိုပြီး သတ်ခံရမှာစိုးလို့"ဆိုပြီး ဖြေကြပါတယ်။ နုနယ်ငယ်ရွယ်တဲ့ ကလေးတွေဟာ စာသင်ကျောင်းခန်းထဲမှာ စုံစုံညီညီနဲ့ ပညာသင်ကြားရမယ့်အချိန်၊ အခုတော့ အကြမ်းဖက်သမားတွေရဲ့ရန်ကို ကြောက်တာနဲ့ တင် ကျောင်းကို ရဲရဲမတက်ရဲ၊ ကျောင်းဝင်းထဲကို လွတ်လပ်ပေါ့ပါးစွာ ပြေးမဝင်ရဲ။ ဒါတွေဟာ တိုင်းပြည်ကောင်းဖို့လား၊ ဖျက်ဆီးဖို့လား PDF တို့ရေ။

ပြည်သူအတွက် ဝန်ဆောင်မှုပေးနေတဲ့ အုပ်ချုပ်ရေးဝန်ထမ်းတွေ၊ လျှပ်စစ်ဝန်ထမ်းတွေ၊ စည်ပင်နဲ့ ဆောက်လုပ်ရေးဝန်ထမ်းတွေ၊ ပို့ဆက်ဝန်ထမ်းတွေကိုလည်း ဦးနှောက်မပါတဲ့ PDF က အလွတ်မပေးပြန်ပါဘူး။ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေဟာ အကြမ်းဖက်သမားတွေကြောင့် အသက်ပေးခဲ့ကြရတာရှိတယ်။ ထို့အတူ နယ်မြေလုံခြုံရေး တာဝန်ရှိသူတွေ၊ ဒလန်လို့ အမည်တပ်ခံရသူတွေ၊ ဝန်ထမ်းတွေ အကြမ်းဖက်ခံရပြီး သေဆုံး၊ ဒဏ်ရာရတဲ့အခါ လူမှုကွန်ရက်တွေကနေ ပေါ်ပေါ်တင်တင် ပျော်ရဲကြသူတွေကိုလည်း အံ့အားသင့်ဖွယ် မြင်တွေ့ရပါတယ်။ မည်သို့သောတရားနဲ့ လက်ကိုင်ထားပြီး လူ့ဘဝကိုဖြတ်သန်းပါသလဲပေါ့။ သူတို့အခေါ်ကတော့ လူသားအချင်းချင်း ရက်ရက်စက်စက် သတ်ဖြတ်တာတွေဟာ ဒလန်ရှင်းလင်းရေးတဲ့လေ။ အမှန်က အကြမ်းဖက်တာ၊ ရက်ရက်စက်စက် အကြမ်းဖက်တာ၊ တိုင်းပြည်ကို နာလန်မထူအောင် ဖျက်ဆီးနေကြတာ။

### နယ်ချဲ့လက်ပါးစေ အကြမ်းဖက်သမားများ

ဒီလိုအကြမ်းဖက်မှုတွေ PDF တွေ လုပ်နိုင်အောင် နောက်ကွယ်ကနေ ချုပ်ကိုင်ကြိုးဆွဲပေးသူတွေက ဘယ်သူတွေများလဲ။ မမျှတတဲ့ ရွေးကောက်ပွဲကနေ ပြည်သူနဲ့အတူဆိုတဲ့ ရွှေရည်စိမ်စကားတစ်ခွန်းပိုက်ပြီး လုပ်ချင်ရာလုပ်ဖို့ မှန်းထားလေသမျှ လွှတ်တော်ကို တစ်ရက်တောင် တက်ခွင့်ရမသွားရှာတဲ့ CRPH ပြည်ပြေးအဖွဲ့နဲ့၊ ဒီမိုကရေစီအယောင်ပြ အာဏာယစ်မူးပြီး တိုင်းပြည်ကို အပိုင်းပိုင်းခွဲရောင်းစားလိုတဲ့ NUG လေလှိုင်းအစိုးရတို့ပါပဲ။

အင်အားတောင့်တင်းတဲ့ အဖွဲ့အစည်းတွေလို့ဆိုလိုက်ရင် သံဃာအဖွဲ့အစည်း၊ ကျောင်းသားအဖွဲ့အစည်းနဲ့ ဝန်ထမ်းအဖွဲ့အစည်း၊ တပ်မတော်ဆိုပြီး Institution တွေ နိုင်ငံမှာရှိပါတယ်။ တပ်မတော်ဟာ စနစ်တကျနဲ့ လေ့ကျင့်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်တာကြောင့် ဖျက်ဆီးဖြိုလှဲဖို့ မလွယ်ကူပါဘူး။ ဒါကြောင့် အကြမ်းဖက်အင်အားစုတွေဟာ ဝန်ထမ်းအဖွဲ့အစည်းကို ပထမဦးစွာ ချဉ်းကပ်ခဲ့ကြပါတယ်။ သို့သော်လည်း CDM ဟာ သူတို့မျှော်မှန်းသလို မအောင်မြင်ခဲ့ဘဲ CDM တံခါးကြီးဟာလည်း ပြည်ပြေး ဖော်ဝေစိုးတို့လက်ထဲမှာ ဖွင့်ချည်၊ ပိတ်ချည် အခါခါပါပဲ။ ဝန်ထမ်းအဖွဲ့အစည်းတွေကို တိုးမပေါက်တဲ့ ဒီမိုအမည်ခံ အာဏာမတရားရလိုသူတွေဟာ ကျောင်းသားလူငယ်တွေကို ပစ်မှတ်ထား မြှောက်ပင့်ပြီး လမ်းပေါ်ထွက်ခိုင်းခဲ့ပါတော့တယ်။

**နိုင်ငံရေးအတွေ့အကြုံ အားနည်း၊ အမြော်အမြင်မရှိတဲ့ လူငယ်တွေဟာ လမ်းပေါ်ထွက်ရာကနေ နောက်က မြှောက်ပင့်ပေးသူတွေကြောင့် တစ်ဆင့်ပြီးတစ်ဆင့်တက်ရင်း ပဋိပက္ခအဆင့်ဆင့်၊ အကြမ်းဖက်အဆင့်အထိ ရောက်ရှိသွားကြရတာပါ။ လက်နက်တွေ ပေးတယ်၊ ဖောက်ခွဲရေးနည်းပညာတွေ သင်ပေးတယ်၊ ပြီးတော့ နီးစပ်ရာ တိုက်ခိုက်ခိုင်းတော့တာပဲ မဟုတ်ပါလား။ ဒီနေရာမှာ တပ်မတော်လို အင်အားတောင့်တင်းပြီး စနစ်တကျ လေ့ကျင့်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကြီးကို ရှောင်ပြီး အခြား Institution တွေကို ပစ်မှတ်ထားကြတော့တာပါပဲ။**

**အတ္တကြီးသူတို့ကြောင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲက အရာမထင်၊ အကျည်းတန် ပျက်သုဉ်းသွားခဲ့ရပြီ။ နိုင်ငံအတွင်း ထိခိုက်ကွဲရှမှုတွေကို ပြည်သူနဲ့အစိုးရ လက်တွဲညီညီနဲ့ အကောင်းဆုံးပူးပေါင်းပြီး ဖယ်ရှားသွားကြမယ်၊ ခလုတ်ကန်သင်းတွေဖြစ်တဲ့ အကြမ်းဖက်သမားတွေကို အစိုးရ၊ ပြည်သူ ပူးပေါင်းမှုနဲ့ ဖော်ထုတ်အမြစ်ဖြုတ်ကြမယ်ဆိုတဲ့ ပြည်ထောင်စုချစ်စိတ် ခိုင်ခိုင်မာမာထားရှိကြပါစို့လို့ ပြည်သူတစ်ရပ်လုံးကို တိုက်တွန်းလိုက်ရပါကြောင်း**

**ဝန်ထမ်းတွေကို သတ်ဖြတ်၊ ခြိမ်းခြောက်၊ CDM မလုပ်ရင် ဒလန်ဆိုပြီး သတ်ဖြတ်၊ အုပ်ချုပ်ရေးဝန်ထမ်းတွေကို နယ်မြေမငြိမ်သက်အောင်၊ မအေးချမ်းအောင်၊ မအုပ်ချုပ်နိုင်အောင် ဒလန်စွပ်စွဲ သတ်ဖြတ်ရင်းနဲ့ ပြည်သူတွေ အကြောက်တရားနဲ့ သူတို့ဘက်ကို ယိမ်းယိုင်လာစေဖို့ ဇာတ်သွင်းနေခဲ့တာ အထင်အရှားပါပဲ။**

### သံဃာဂိုဏ်းသင့်မယ့် လူသတ်သမားတွေ

ယခုနောက်ပိုင်းမှာ အကြမ်းဖက်အဖွဲ့တွေဟာ သံဃာတော်တွေကိုလည်း အလွတ်မပေး၊ ပစ်မှတ်ထားသတ်ဖြတ်နေတာကို သတင်းတွေမှာ တွေ့ရပါတယ်။ သင်္ဂါယနာနှစ်ကြိမ် တင်ထားခဲ့ဖူးပြီး သာသနာရောင်ဝါ ထွန်းလင်းတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံတော်အဖို့ ရက်စက်ကြမ်းကြုတ်လွန်းတဲ့ နေ့ရက်တွေပါ။ ဆန္ဒပြပွဲနေ့ရက်တွေရဲ့ အစပိုင်းကတည်းက သံဃာတော်တွေအပေါ် ယုတ်ညံ့တဲ့အပြုအမူမျိုးစုံနဲ့ စော်ကားခဲ့ကြတယ်။ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတွေကို အမျိုးမျိုးစော်ကားပြစ်တင်ခဲ့ကြပါတယ်။ အဓမ္မဘက်ကို မလိုက်ကြဘဲ ဘာသာ၊ သာသနာအကျိုးကိုသာ တစိုက်မတ်မတ် ဆောင်ရွက်တော်မူကြတဲ့ ဆရာတော်တွေကို ဝစီနဲ့ စော်ကားရုံမက အသက်အန္တရာယ်ကိုပါ ထိခိုက်လာခဲ့ကြပါတယ်။

ဥပမာတစ်ခုမှာ ဝမ်းတွင်းမြို့နယ် သဲတောလေးကျေးရွာ မင်္ဂလာမှန်ကျောင်းဆရာတော် ဆွမ်းဘုဉ်းပေးစဉ် အကြမ်းဖက်သမား အမျိုးသားနှစ်ဦးက သေနတ်နဲ့ ပစ်ခတ်ခဲ့တဲ့အတွက် ဆရာတော်မှာ နဖူးမှ နောက်စေ့ကို ကျည်ဖောက်ဝင်ဒဏ်ရာနဲ့ နေရာမှာတင် ပျံလွန်တော်မူခဲ့တာကို လူမှုကွန်ရက်တွေမှာ ဓာတ်ပုံတွေနဲ့တကွ မြင်တွေ့ခဲ့ရပါတယ်။ အခြေခံလူ့ကျင့်ဝတ်၊ လူ့စည်းကမ်းတွေအားလုံး ပျက်သုဉ်းနေတဲ့ အကြမ်းဖက်သမားတွေလို့ပဲ ရေရွတ်မိရင်း ဘာသာသာသနာအတွက် စိတ်မကောင်းဖြစ်မိပါတယ်။ မုဆိုးတွေတောင်မှ အမဲလိုက်တဲ့အခါ အစာစားနေတဲ့ သားကောင်၊ နို့တိုက်နေတဲ့ သားကောင်ဆိုရင် မပစ်ကြပါဘူး။ အခုဟာက ဘုရားနဲ့တစ်ဂိုဏ်းတည်း သံဃာတော်ကို ဆွမ်းဘုဉ်းပေးချိန်မှာ ရက်ရက်စက်စက် ပစ်သတ်လိုသတ်၊ လမ်းဆုံလမ်းခွမှာ အကြောင်းမဲ့ပစ်သတ်လိုသတ်၊ စာချဆရာတော်ကို မထီမဲ့မြင် ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုနေတဲ့ အသံဖိုင်တွေ လူမှုကွန်ရက်တွေကနေ အမြင်မတော်တဲ့ မြင်ကွင်းတွေ မြင်တွေ့ကြားသိနေရတာ ပြည်သူတွေရဲ့ စိတ်နှလုံးညှိုးနွမ်းဖွယ်ရာတွေပါပဲ။ **စာမျက်နှာ ၇ သို့** ■

**နိုင်ငံရေးအတွေ့အကြုံအားနည်း၊ အမြော်အမြင်မရှိတဲ့ လူငယ်တွေဟာ လမ်းပေါ်ထွက်ရာကနေ နောက်က မြှောက်ပင့်ပေးသူတွေကြောင့် တစ်ဆင့်ပြီးတစ်ဆင့်တက်ရင်း ပဋိပက္ခအဆင့်ဆင့်၊ အကြမ်းဖက်အဆင့်အထိ ရောက်ရှိသွားကြရတာပါ။ လက်နက်တွေပေးတယ်၊ ဖောက်ခွဲရေးနည်းပညာတွေ သင်ပေးတယ်၊ ပြီးတော့ နီးစပ်ရာတိုက်ခိုက်ခိုင်းတော့တာပဲ မဟုတ်ပါလား။ ဒီနေရာမှာ တပ်မတော်လို အင်အားတောင့်တင်းပြီး စနစ်တကျလေ့ကျင့်ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကြီးကို ရှောင်ပြီး အခြား Institution တွေကို ပစ်မှတ်ထားကြတော့တာပါပဲ။ ဝန်ထမ်းတွေကို သတ်ဖြတ်၊ ခြိမ်းခြောက်၊ CDM မလုပ်ရင် ဒလန်ဆိုပြီးသတ်ဖြတ်၊ အုပ်ချုပ်ရေးဝန်ထမ်းတွေကို နယ်မြေမငြိမ်သက်အောင်၊ မအေးချမ်းအောင်၊ မအုပ်ချုပ်နိုင်အောင် ဒလန်စွပ်စွဲ သတ်ဖြတ်ရင်းနဲ့ ပြည်သူတွေ အကြောက်တရားနဲ့ သူတို့ဘက်ကို ယိမ်းယိုင်လာစေဖို့ ဇာတ်သွင်းနေခဲ့တာ အထင်အရှားပါပဲ**

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။
- ★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး။
- ★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။
- ★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

## မောက်မယ်မြို့နယ်၌ RDT Test Kit ဖြင့် မြို့အဝင် / အထွက်ဂိတ်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိစစ်ဆေးပေး



**မောက်မယ် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပျံ့နှံ့မှုအား ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကဦးဆောင်၍ အထူးစီမံချက်အရ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်နိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြို့အဝင်/အထွက်ဂိတ်များတွင် ပြည်သူများအား နှာခေါင်းစည်း စနစ်တကျတပ်ဆင်ခြင်း ရှိ၊ မရှိ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီး၊ မပြီး၊ RDT Test Kit ဖြင့် စစ်ဆေးကာ ကာကွယ်ဆေးမထိုးနှံရသေးသည့် ပြည်သူများအား ချက်ချင်းစာရင်းကောက်ယူ၍ ထိုးနှံပေးပြီး ကျန်းမာရေးစစ်ဆေး ဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက် ၆ နာရီက စတင်ပြုလုပ်ခဲ့သည်။

ထိုသို့ RDT ဖြင့်စစ်ဆေးခဲ့ရာ အမျိုးသားတစ်ဦး ပိုးတွေ့ခဲ့ပြီး ကုန်းလမ်းရပ်ကွက်ရှိ Positive Centre သို့ ပို့ဆောင်ပေးပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်( မောက်မယ်)**



## ညောင်ဦးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၁၈၈ ဦး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးဖြစ်

**ညောင်ဦး နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုဝင်ဘာ ၂၁ ရက်အထိ ၁၁၈၈ ဦး ထိုးနှံပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် ပညာရေးဦးစီးဌာန မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးထံမှ သိရသည်။

အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ဆေးထိုးသည့် သတ်မှတ်စုရပ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ မိဘဆရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ သင်ကြားရေး ဆရာ ဆရာမများ ပူးပေါင်းကာ ကိုဗစ် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူ ၂၄၂၁ ဦးရှိပြီး သတ်မှတ်စုရပ်များဖြစ်သည့် မူလွန် စက်စက်ယို၊ ငါ့သရောက် အထက၊ ကြအို အထက၊ တက်မ အထက၊ ညောင်ဦး အထက၊ တောင်ဇင်း အထက၊ ပုဂံ အထကနှင့် လက်ပံခြေပေါ် အထကတို့တွင် ကျန်းမာရေးဦးစီးဌာနမှ ကာကွယ်ဆေးထိုးအဖွဲ့ တစ်ဖွဲ့လျှင် ၂၃ ဦးတို့ဖြင့် ထိုးနှံပေးနေပြီး နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းအထိ ကျောင်းသားကျောင်းသူ ၁၁၈၈ ဦး ထိုးနှံပေးနိုင်ခဲ့ပြီဖြစ်ကာ ဆေးခွဲတမ်းရရှိသည့်အပေါ်မူတည်၍ ဆက်လက်ထိုးပေးလျက်ရှိကြောင်း သိရသည်။

**ကိုထိန်၊KPD**

## မြဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေး မြန်မာနှင့်ပိုးကရင် နှစ်ဘာသာဖြင့် အသိပညာပေးနှိုးဆော်

**မြဝတီ နိုဝင်ဘာ ၂၁**

ကရင်ပြည်နယ် မြဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာဘာသာ၊ ပိုးကရင်ဘာသာတို့ဖြင့် ယနေ့နံနက် ၈ နာရီက မြို့ပေါ်ရပ်ကွက်များနှင့် လမ်းဆုံနေရာများ၌ အသိပညာပေး နှိုးဆော်ခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးနှိုးဆော်မှုကို မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နေ့စဉ် အသိပညာပေး



လိုက်လံနှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

■ **စာမျက်နှာ ၆ မှ**

**မြှောက်ထိုးပင့်ကော် သစ္စာဖောက်မီဒီယာများ**

ဒါကိုတောင် ပြည်ပအားကိုးတဲ့ မီဒီယာတု၊ မီဒီယာယောင်တွေ၊ မီဒီယာအမည်ခံ သစ္စာဖောက်တွေက ရိုးရိုးသားသားမဖော်ပြဘဲ သံဃာတော်တွေရဲ့ သိက္ခာကိုတောင်ချနင်းပြီး မဟုတ်မမှန်သတင်းတွေ၊ ထင်ယောင်ထင်မှား အရေးအသားတွေနဲ့ ဆိုးဆိုးရွားရွား အကြမ်းဖက်မှုကို နိုင်ငံတကာက အပြစ်မမြင်လေရအောင် ဆိတ်သားရေနဲ့ ဖုံးကွယ်ပေးနေကြတာကိုလည်း မြင်တွေ့ရပါတယ်။

**ပြည်ဖျက် PDF ရဲ့ အစွမ်းကုန်ရက်စက်မှုတွေ**

ယနေ့အထိ အကြမ်းဖက်သတ်ဖြတ်ခံရတဲ့ သံဃာတော် ၁၂ ပါးခန့် ရှိလာခဲ့ပါပြီ။ အကြောင်းမဲ့ သေနတ်နဲ့ ပစ်ခံရ၊ မီးရှို့သတ်ဖြတ်ခံရ၊ ဒလန်လို့ ခွပ်စွဲသတ်ဖြတ်ခံခဲ့ရတာပါ။ ထို့အတူ ပညာရေးနယ်ပယ်က ဆရာ ဆရာမတွေနဲ့ ဝန်ထမ်းတွေ ရက်ရက်စက်စက် သတ်ဖြတ်ခံရတာ ၁၂ ဦးခန့်ရှိလာပြီး ဆရာ ဆရာမ ခုနစ်ဦးနဲ့ ဝန်ထမ်းငါးဦး ပါဝင်ပါတယ်။ ထို့အတူ သေကံမရောက်ခဲ့ဘဲ ထိခိုက်ဒဏ်ရာရရှိတဲ့ ဆရာ ဆရာမ ၁၃ ဦးနဲ့ ပညာရေးဝန်ထမ်း နှစ်ဦး ရှိခဲ့ပါတယ်။ ထို့အတူ နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေ စိုးမိုးပြီး ပြည်သူတွေ လုံခြုံမှုရှိအောင် ပရဟိတစိတ်အပြည့်နဲ့ ထမ်းဆောင်နေကြတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ရာအိမ်မှူး၊ ရပ်ကျေးစာရေးတွေ စုစုပေါင်း ၁၉၈ ဦးကို အကြမ်းဖက်သမားတွေက လူမဆန်စွာ သတ်ဖြတ်ပစ်ခဲ့ကြပါတယ်။ ဒဏ်ရာရရှိသူတွေလည်း ၁၄၈ ဦးခန့် ရှိခဲ့ပါတယ်။ ပြည်သူအတွက်၊ နိုင်ငံအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့အညီ အေးအေးချမ်းချမ်းနဲ့ တာဝန်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်း ၃၈ ဦးခန့်ဟာ အဆင်အခြင်မဲ့ အတ္တလွန်ကဲပြီး အသိစိတ်ခေါင်းပါးနေတဲ့ အကြမ်းဖက်သမား၊ ပြည်ပြေးလက်ပါးစေ PDF တွေကြောင့် ကြွေလွင့်ခဲ့ရပါပြီ။

အတ္တကြီးသူတို့ကြောင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲက အရာမထင်၊ အကျည်းတန် ပျက်သုဉ်းသွားခဲ့ရပြီ။ နိုင်ငံအတွင်း ထိခိုက်ကွဲရှမှုတွေကို ပြည်သူနဲ့အစိုးရ လက်တွဲညီညီနဲ့ အကောင်းဆုံးပူးပေါင်းပြီး ဖယ်ရှားသွားကြမယ်၊ ခလုတ်တံသင်းတွေဖြစ်တဲ့ အကြမ်းဖက်သမားတွေကို အစိုးရ၊ ပြည်သူပူးပေါင်းမှုနဲ့ ဖော်ထုတ်အမြစ်ဖြုတ်ကြမယ်ဆိုတဲ့ ပြည်ထောင်စုချစ်စိတ် ခိုင်ခိုင်မာမာထားရှိကြပါစို့လို့ ပြည်သူတစ်ရပ်လုံးကို တိုက်တွန်းလိုက်ရပါကြောင်း။ ။

# ကလေးအရွယ်ဆိုတာကလည်း အသိဉာဏ်ဖွံ့ဖြိုးမှု အားအကောင်းဆုံးအရွယ်ဖြစ်တာမို့ အဲဒီအရွယ်လေးတွေအတွက် အသိပညာစာပေလေးတွေ မျှဝေပေးချင်မိတာကလည်း ရင်ထဲကဆန္ဒတစ်ခုပဲ ဖြစ်ပါတယ်

ဝတ်ရည်ခင်(ပဲခူး)

**စာပေနှင့်ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံအတွက် အဓိကအချက်အချာဖြစ်ပြီး ထိုနိုင်ငံအတွက် ကိုယ်စားပြုခြင်းဖြစ်ရာ ပြည်သူများအတွက် အသိပညာနှင့်အတွေးအခေါ် မြင့်မားစေမည့်စာပေများကို ရေးသားခဲ့ကြသော စာရေးဆရာ၊ ဆရာမကြီးများအား နိုင်ငံတော်မှ နှစ်စဉ်အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများကို ရွေးချယ်ချီးမြှင့်လျက်ရှိသောကြောင့် ၂၀၂၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုများကို ထုတ်ပြန်ကြေညာခဲ့ရာ၌ စာပေဗိမာန်စာမူဆု ပထမဆုရရှိခဲ့ကြသော စာရေးဆရာ၊ ဆရာမများအား တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**


ဆရာ အောင်စိုး(စိုက်ပျိုး/၁၀၇)


ဆရာမ ဝတ်ရည်ခင်(ပဲခူး)


ဆရာ မြေလတ် မင်းလွင်

**ဦးအောင်စိုး**
**အောင်စိုး(စိုက်ပျိုး/၁၀၇)**
**သုတပဒေသာ(ရိုးရိုးသိပ္ပံ/အသုံးချသိပ္ပံ)**

၁၉၃၉ ခုနှစ် ဇွန် ၂၅ ရက်မှာ မွေးတာဖြစ်ပြီး အဘအမည် ဦးရွှေ (မြန်မာ့ဆေးဆရာ)နဲ့ အမိအမည်ကတော့ ဒေါ်မုန်းဖြစ်ပါတယ်။ ၁၉၆၈ ခုနှစ်မှာ ဘွဲ့ယူခဲ့တယ်။ ၁၉၉၈ ခုနှစ်မှာ စာပေလောကကို စတင်ဝင်ရောက်ခဲ့တယ်ဆိုပေမယ့် အဲဒီမတိုင်ခင် ၁၉၇၆ ခုနှစ်ဖြစ်တဲ့ အသက် ၄၅ နှစ်အရွယ်ကတည်းက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှာ ဝန်ထမ်းဘဝနဲ့ နေကြာတိုးချဲ့စိုက်ပျိုးရေး၊ သခွားမွှေးတိုးချဲ့စိုက်ပျိုးရေး၊ ဖရဲစိုက်ပျိုးရေးတို့ကို ရေးခဲ့ပါတယ်။ ၁၉၆၈ ခုနှစ်မှာ ဘွဲ့ရရှိခဲ့ပါတယ်။ ကျွန်တော့်အထက်မှာ စိုက်ပျိုးရေးဘွဲ့ရထားကြတာ ၁၀၆ ယောက်ရှိခဲ့တာဆိုတော့ ကျွန်တော်က ၁၀၇ ယောက်မြောက်မို့လို့ ကလောင်အမည်ကို အောင်စိုး(စိုက်ပျိုး/၁၀၇) ဆိုပြီး ထည့်တာပါ။

ဒီစာမူအမည် "အရိပ်ရပင်များနှင့် ပန်းအလှပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုး၍ စီးပွားဖြစ်လုပ်ကိုင်နိုင်မည့်နည်းလမ်းများ" စာအုပ်ကို ရေးဖြစ်တယ်ဆိုတာကလည်း တစ်ပိုင်တစ်နိုင်စီးပွားဖြစ် စိုက်ပျိုးရေး လုပ်နိုင်တာကို ဆိုလိုတာပါ။ အလုပ်မရှိဘူးဆိုရင် ဒီစာအုပ်ထဲမှာပါတဲ့ စိုက်ပျိုးနည်းလမ်းပေါင်း ၅၀ နီးပါးထဲက တစ်မျိုးမျိုးကိုပဲ ဖောက်ချပြီး ပျိုးမယ်၊ လုပ်မယ်ဆိုရင် စီးပွားဖြစ်လုပ်ကိုင်နိုင်တယ်ဆိုတဲ့ အကြောင်းကို ပြောထားတာပါ။

၁၉၉၈ ခုနှစ်မှာပဲ စာပေဗိမာန်ဆုပြိုင်ပွဲမှာ "သုတပဒေသာ (သိပ္ပံနှင့်အသုံးချပညာရပ်)" ဆုကို "သန်းရှစ်ဆယ်ဖြစ်လာခဲ့လျှင်" စာမူဖြင့် ပထမဆုရရှိခဲ့ပါတယ်။ အဲဒီစာအုပ်ထဲမှာ ဟင်းသီးဟင်းရွက်အမျိုးအစား ၁၀ မျိုးနဲ့ သစ်သီးဝလံ ၁၀ မျိုး ရေးထားပါတယ်။ နောက်တစ်ခါ ၂၀၀၆ ခုနှစ်မှာ "ထိပ်ဆုံးသို့ အမြန်ရောက်ဖို့.... စိုက်ပျိုးရေးနှင့် လှမ်းတက်စို့...." စာမူအမည်နဲ့ "သုတပဒေသာ (သိပ္ပံနှင့်အသုံးချပညာရပ်)"ဆု ပထမဆုရရှိခဲ့ပါသေးတယ်။ အဲဒီစာအုပ်ကို ၂၀၀၈ ခုနှစ်မှာ စာပေဗိမာန်စာအုပ်နဲ့ ရိုက်တဲ့အခါကျတော့ အဲဒီစာအုပ်က အမျိုးသားစာပေဆုရရှိခဲ့တယ်။

တစ်ခါ အဲဒီနောက်ပိုင်း ၂၀၀၇ ခုနှစ်မှာတော့ "ပို့စ်ဟာဗက်ဆွတ်ခူးပြီး နောက်ပိုင်းဝယ်" စာမူနဲ့ "သုတပဒေသာ(အသုံးချပညာရပ်)" ဆု ပထမဆုရရှိခဲ့ပါတယ်။ ပို့စ်ဟာဗက်ဆိုတာက သစ်သီးဝလံ ဟင်းသီးဟင်းရွက်တွေကို ဆွတ်ခူးပြီးတဲ့အခါမှာ မပျက်စီးအောင် ထိန်းသိမ်းနည်း၊ သိုလှောင်တဲ့နည်း၊ ပို့ဆောင်တဲ့နည်းတွေကိုရေးတာပါ။ ၂၀၀၉ ခုနှစ်မှာတော့ "သိပ္ပံနည်းကျ လက်တွေ့အသုံးချ စပျစ်စိုက်ပျိုးရေးနည်းပညာ" စာမူနဲ့ ဒုတိယဆု၊ ၂၀၁၀ ပြည့်နှစ်မှာလည်း အထက်ပါဘာသာရပ်မှာ "အရေးကြီးသီးနှံများတွင်တွေ့ရှိသော အာဟာရချို့တဲ့မှုနှင့် ယင်းတို့အား ကုစားနည်း"စာမူအမည်နဲ့ ဒုတိယဆု၊ ၂၀၁၂ ခုနှစ်မှာတော့ "သက်ရှည်ကျန်းမာချမ်းသာရေးအတွက် လူတိုင်းနေ့စဉ်စားသုံးရမည့် သစ်သီးသုံးမျိုး၊ ဖရဲသီး၊ သခွားမွှေး၊ နဂါးမောက်" စာမူနဲ့ဒုတိယဆု၊ ယခု ၂၀၂၀ ပြည့်နှစ်အတွက်ကတော့ "အရိပ်ရပင်များနှင့် ပန်းအလှပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုး၍ စီးပွားဖြစ်လုပ်ကိုင်နိုင်မည့် နည်းလမ်းများ" စာမူအမည်နဲ့ ပထမဆုရရှိခဲ့ပါတယ်။ ဒီနှစ်ရတဲ့ဆု အပါအဝင် ပထမဆု လေးကြိမ်ရရှိခဲ့ပြီး အမျိုးသားစာပေဆု တစ်ကြိမ်နဲ့ ဒုတိယဆု သုံးကြိမ်ရရှိခဲ့ပါတယ်။ အခုဆုနဲ့ဆို အားလုံးရှစ်ကြိမ်မြောက် ရရှိခဲ့ပါပြီ။ လက်ရှိအသက် (၈၄)နှစ်ရှိပြီ။ ကျွန်တော်က ဆီးချို၊ သွေးတိုးဘာရောဂါမှမရှိဘူး။ ငယ်ငယ်ကတည်းက အရက်၊ ဆေးလိပ်၊ ကွမ်းယာ တစ်ခါမှမစားသလို လက်ဖက်ရည်၊ ကော်ဖီလည်း သိပ်မကြိုက်ဘူး။ နောက်ပိုင်း ရှေ့ဆက်ပြီးလည်း စာဆက်ရေးနေဦးမှာဖြစ်ပြီး လက်ရှိလည်း ဒီနှစ်အတွက် "ကမ္ဘာ့စားနပ်ရိက္ခာသီးနှံ အာလူး"အကြောင်းရေးနေပြီး စာအုပ်ထုတ်ဖို့လုပ်နေပါတယ်။

**ဒေါ်ခင်ဝတ်ရည်**
**ဝတ်ရည်ခင်(ပဲခူး)**
**ကလေးစာပေဆု**

"မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ" စာမူအမည်နဲ့ ပထမဆုရရှိတဲ့အပေါ် တကယ်ကိုဝမ်းသာကြည်နူးမိပါတယ်။ ကလေးတွေအတွက် ပညာရေး၊ ကျန်းမာရေး၊ သစ်ပင်သစ်တော ချစ်တတ်လာရေးစတဲ့ ကဏ္ဍပေါင်းစုံတိုးတက်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပြီး ကလေးတွေ နိုင်ငံနဲ့လူမျိုးကို ချစ်ခင်မြတ်နိုးစိတ်၊ အမျိုးဂုဏ်ကို ထိန်းသိမ်းလိုစိတ်၊ ပညာကိုမြတ်နိုးထားသင်ယူလိုစိတ်၊ ယဉ်ကျေးမှုအမွေအနှစ်တွေ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်၊ ကြီးသူရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူကိုသနားလိုတဲ့စိတ်တွေကို ကလေးတွေမှာ များပြားစွာ ရှိစေချင်တဲ့အတွက်ကြောင့် ဒီစာအုပ်လေးကို ရေးဖြစ်ခဲ့တာပါ။ စုစုပေါင်း ဝတ္ထုတို ၁၇ ပုဒ် ပါဝင်ရေးသားထားပါတယ်။ ဆရာမမှာ မြေးလေး နှစ်ယောက်ရှိတာဆိုတော့ သူတို့လေးတွေဆီက တွေ့မြင်၊ တွေ့ကြုံနေရတဲ့ အဖြစ်အပျက်လေးတွေရယ်၊ သူတို့အရွယ်လေးတွေကို အသိပညာတွေပေးချင်တဲ့ စိတ်ဆန္ဒတွေ များနေတာနဲ့ပဲ ကလေးတွေအတွက် အသိပညာပေးဝတ္ထုလေးတွေ ရေးဖြစ်သွားတာပါ။

ကလေးအရွယ်ဆိုတာကလည်း အသိဉာဏ်ဖွံ့ဖြိုးမှု အားအကောင်းဆုံးအရွယ်ဖြစ်တာမို့ အဲဒီအရွယ်လေးတွေအတွက် အသိပညာစာပေလေးတွေ မျှဝေပေးချင်မိတာကလည်း ရင်ထဲကဆန္ဒတစ်ခုပဲ ဖြစ်ပါတယ်။ ကလေးစာပေတွေ ဆိုတာကလည်း ရေးရင်းနဲ့ကို ကုသိုလ်ရနေတဲ့ စာပေဖြစ်ပါတယ်။ အရင်နှစ်က ကလေးစာပေဝတ္ထုတို ဒုတိယဆုကို တစ်ကြိမ် ရထားဖူးပါတယ်။ ဆရာမအနေနဲ့ ကလေးစာပေတွေကို ဆက်လက်ရေးသွားပါမယ်။ စာပေလောကကို ၂၀၀၆ ခုနှစ်က စတင်ဝင်ရောက်ခဲ့တာဖြစ်ပြီး မင်္ဂလာမောင်မယ်မှာထူးချွန်တဲ့ လူငယ်ကလေးတွေအကြောင်း ရေးသားရင်းနဲ့ စတင်ပြီး စာတွေ ရေးသားခဲ့တာပါ။ စာပေဗိမာန်ဆုအပါအဝင် လူငယ်ဆု၊ ကလေးစာပေဆုနဲ့ ပြဇာတ်စာပေဆုတွေ ရရှိထားပြီးပါပြီ။ ဆက်လက်ပြီး စဉ်ဆက်မပြတ် ရေးသားနေမှာလည်း ဖြစ်ပါတယ်။ စာဖတ်ပရိသတ်တွေကိုပြောချင်တာကတော့ စိတ်ကောင်းထားရင် စာကောင်းထွက်ပါတယ်ဆိုတဲ့အတိုင်း စာကောင်းပေမွန်လေးတွေကို အသက်ရှင်နေထိုင်နိုင်တဲ့ အချိန်အထိ ရေးသားသွားမှာပါ။ ကလေးဝတ္ထုလေးတွေကို အသိပညာဗဟုသုတများစွာနဲ့ လက်တွေ့ကျကျရေးသားထားတာဖြစ်ပြီး ယနေ့ခေတ်ကလေးတွေဟာဆိုရင် အသိဉာဏ်ပညာကြွယ်ဝမှုက ရှိရမယ့်ဦးနှောက်အသိထက် ပိုတော်နေကြတာ များသောအားဖြင့် တွေ့ရတာဆိုတော့ ဆရာမတို့က သူတို့တော်နေ၊ ထက်နေတာကို စာဖတ်ခြင်းဖြင့် ပိုပြီးလင်းလက်တောက်ပစေချင်တာပါ။

**ဦးသိန်းဆောင်**
**မြေလတ် မင်းလွင်**
**စာပဒေသာဆု**

ကျွန်တော့်ဇာတိက မကွေးမြို့နယ် သစ်ရာကောက်အုပ်စု စမ်းကြီးရွာကဖြစ်ပြီး ကျွန်တော့်အသက် (၆၇)နှစ်ရှိပြီဖြစ်ပါတယ်။ ၁၉၈၅ ခုနှစ်ကစပြီး စာပေလောကထဲ ဝင်ရောက်ခဲ့တာပါ။ အခုပထမဆုရတဲ့ ဒီစာမူအမည်ဖြစ်တဲ့ "ဆိုင်းဂီတဖြင့် တိုင်းပြည်ကိုအလှဆင်ခြင်း(သို့) အလင်္ကာကျော်စွာ စိန်စတင်း" မှာ ရေးထားတဲ့ အဓိပတိဆိုင်းဆရာကြီး၊ အလင်္ကာကျော်စွာ ဆိုင်းပညာရှင်ကြီး ဦးစိန်စတင်းဟာဆိုရင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃ ရက်မှာ ဆုံးသွားခဲ့ပါပြီ။ ဒီစာမူကို ရေးဖြစ်တာကလည်း ပြောရမယ်ဆိုရင် အလင်္ကာကျော်စွာ ဆိုင်းပညာရှင်ကြီး ဦးစိန်စတင်းဟာဆိုရင် သူ့ဆိုင်းတပည့်တွေကိုဖိတ်ပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၃ ရက်မှာ ပွဲလုပ်မယ်ပေါ့။ ပွဲလုပ်ပြီးရင် ဒီစာအုပ်ကို တပည့်တွေကို ဝေမယ်ပေါ့ဗျာ။ ဒါနဲ့ တပည့်တွေကို ဝေဖို့အတွက် ကျွန်တော့်ကို အကူညီတောင်းခဲ့တဲ့အခါမှာ ကျွန်တော်နဲ့ ဆိုင်းဆရာ စိန်စတင်းနဲ့က ရင်းနှီးနေတာဆိုတော့ အဲဒီပွဲမှာ ထုတ်ဖို့အတွက်စာအုပ်ကို လုံးချင်းရေးဖြစ်တာလည်း ဖြစ်ပါတယ်။ အခြေအနေအရ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်နေတော့ ပွဲက မလုပ်ဖြစ်ဘူး ဖြစ်သွားတယ်။ စိန်စတင်းရဲ့ ဇာတိက ဓနုဖြူမြို့နယ်ဖြစ်ပြီး ညောင်တုန်းမြို့နယ်မှာ သူ့အစ်ကိုရှိနေတဲ့အတွက်ကြောင့် ဒါလေးကို ကျွန်တော်က "ကဲ..ငါလည်းအားထုတ်ထားတာပဲလေ" ဆိုပြီးတော့ ညောင်တုန်းမြို့နယ်က သူ့အစ်ကိုဖြစ်သူနဲ့ သွားတွေ့ပြီး အင်တာဗျူးပြီးရေးဖြစ်ခဲ့ပါတယ်။ စိန်စတင်းဟာဆိုရင် ၂၀ ရာစုနဲ့ ၂၁ ရာစုနှစ်ခုစလုံးကို ခွပြီး မြန်မာ့ဂီတအနုပညာမှာ ဆိုင်းနဲ့ပတ်သက်ပြီးတော့ ဆရာကြီးတစ်ဆူအဖြစ် စံထားလောက်အောင် လုပ်ဆောင်သွားခဲ့ပါတယ်။ အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည်မှာရှိတဲ့ စိန်စတင်းရဲ့ ညှော်ခံဆိုင်းတီးတဲ့မှုဆိုတာ ကျန်ရစ်ခဲ့တာဆိုတော့ အဲဒီအကြောင်းတွေကို ဖတ်လိုက်ရင် မသိသေးတဲ့သူတွေအနေနဲ့ မှတ်စုခုရသွားမှာပါ။ ဆိုင်းကို ဘယ်လို ညှော်ခံမလဲ။

ဘယ်လိုဘယ်လိုလူခေါ်မလဲဆိုတာ စိန်စတင်း လုပ်ဆောင်သွားတာတွေ ရှိနေတာဆိုတော့ အဲဒီမှုတွေဖြစ်တဲ့ ခေါ်ချည်၊ ပျိုးချည်၊ တီးချည်တွေကို အားလုံးသိကြအောင်လို့ ဒီစာပဒေသာကို ရေးတာလည်းဖြစ်ပါတယ်။ အဲဒီတော့ ခေါ်ချည်ဆိုတာ လူခေါ်တာကို ဆိုလိုတာဖြစ်ပြီး ပျိုးချည်ဆိုတာ ဆိုင်းတီးမလို့ ပျိုးထားတာကို ဆိုလိုတာဖြစ်တယ်။ တီးချည်ဆိုတာကတော့ ညှော်ခံတဲ့ဆိုင်းတွေ တီးပေးတာကို ဆိုလိုခြင်းပဲ ဖြစ်တယ်။ နောက်ပိုင်းကျတော့ လက်စွမ်းပြအနေနဲ့ ပွဲတစ်ပွဲကို သူတစ်ယောက်တည်း သီချင်းကြီး အပုဒ်ရေ ၁၀ ပုဒ်ကနေ အပုဒ်ရေ ၄၀ အထိ တစ်ဆက်တည်း တီးနိုင်တာဆိုတော့ ဒီလို တီးနိုင်တဲ့လူက မြန်မာပြည်မှာ ဒီတစ်ယောက်တည်း ရှိတယ်လို့ ပြောလို့ရတယ်။

အဓိကအနေနဲ့ပြောရရင် ဂီတသမားတွေရဲ့ စံထားလောက်တဲ့ဆရာကြီးမို့ ပြည်သူတွေ သိစေချင်လို့လည်း ရေးဖြစ်တာလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြိုးကြိုးစားစား လုပ်ဆောင်ထားတာဆိုတော့ စာအုပ်မထုတ်ဖြစ်ရင်လည်း စာပေဗိမာန်ကို တင်လိုက်မယ်ဆိုပြီး စာပေဗိမာန်ကို တင်လိုက်တာပါ။ ယခင်ကတည်းက စာပေဗိမာန် စာမူဆုတွေ ရထားဖူးတာဆိုတော့ ဒီတစ်ကြိမ် အပါအဝင်ဆို ကျွန်တော်ဆုရရှိတာ ၂၄ ဆု ရှိသွားပါပြီ။ ကဗျာပေါင်းချုပ်၊ ဝတ္ထုတိုပေါင်းချုပ်၊ ဝတ္ထုရှည်တွေအတွက် စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေ စာမူဆုစသဖြင့် ဆုပေါင်း ၂၃ ဆုရရှိခဲ့ပြီး ဆိုင်းဆရာ စိန်စတင်းအကြောင်း စာပဒေသာက အခုမှ ရေးတာဖြစ်ပြီး စာပဒေသာဆုကို ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

စာပေလောက ဖြတ်သန်းခဲ့တာဆိုရင် ဝတ္ထုတို၊ ဝတ္ထုရှည်က စုစုပေါင်း ၂၀ နီးပါးရှိပြီး အလှူနဲ့ မင်္ဂလာဆောင်ပွဲတွေမှာ အနုပညာရှင်တွေ သီဆိုဖို့အတွက် ရတုတေးထပ်တွေကို ရေးနေတာဟာလည်း အပုဒ်ရေ ၃၀၀၀ လောက်ရှိသွားပါပြီ။ လက်ရှိမှာလည်း ကျွန်တော့်အနေနဲ့ဂီတအနုပညာသမားတွေ သီဆိုဖို့ အပ်ထားတာတွေကို ရေးပေးနေဆဲဖြစ်ပြီး ကျွန်တော်ကိုယ်တိုင်လည်း ဂီတအလုပ်တွေကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း- ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**

အမျိုးသားအောင်ပွဲနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့

**မောင်သောင်းဝင်း (တမန်ဟောင်း)**

ပြည်ထောင်စုမြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် မားမားမတ်မတ်ရပ်တည်နိုင်ခဲ့သည်။ အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းမင်းတရားတို့လက်ထက်တွင် ကာကွယ်ရေးအင်အားကို ကျောထောက်နောက်ခံပြုလျက် စည်းလုံးညီညွတ်သော မြန်မာနိုင်ငံတော်ကြီးကို ခံ့ညားထည်ဝါစွာ တည်ထောင်နိုင်ခဲ့သည်။ ကျူးကျော်စော်ကားလာသူများကိုလည်း စည်းလုံးညီညွတ်မှုစွမ်းအား၊ ကာကွယ်ရေးစွမ်းအားတို့ဖြင့် တိုက်ထုတ်နိုင်ခဲ့သည်။ ထိုစဉ်က အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်များ ဖွဲ့စည်းထူထောင်ခဲ့မှုကြောင့်သာ ခိုင်မာစွာရပ်တည်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

### ကျွန်သက်ရှည်ရန်ကြံစည်

သို့ရာတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်း ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝကျရောက်ပြီးနောက် တိုင်းရင်းသားညီအစ်ကိုများသည် ရရာလက်နက်စွဲကိုင်လျက် နယ်ချဲ့တို့အား တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ၁၉၀၀ ပြည့်လွန်နှစ်များတွင် အမျိုးသားရေးစိတ်ဓာတ် အနည်းငယ်မှေးမှိန်သွားခဲ့ရသည်။ နယ်ချဲ့တို့၏အကောင်းဆုံးလက်နက်သည် ကိုလိုနီနိုင်ငံရှိ ပြည်သူများကို ပညာရည်အဆင့်အတန်းနိမ့်ပါးအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအား ကိုလိုနီတို့သိမ်းပိုက်ပြီးစအချိန်တွင် မြန်မာလူမျိုးတို့၏စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းခန့်ရှိခဲ့သည်။ သို့သော် နှစ်ပေါင်း ၃၅ နှစ်ခန့်ကြာပြီးနောက် စာတတ်မြောက်မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းအထိ သိသိသာသာကျဆင်းသွားသည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ်မရှိဘဲ အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ် နှစ်ခုသာရှိခဲ့သည်။

### အဆင့်အတန်းခွဲခြား

ထို့အပြင် ဗြိတိသျှနယ်ချဲ့တို့သည် ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပညာရေးစနစ်သစ် တက္ကသိုလ်အက်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဥပဒေတွင် အဓိကအချက် (၆) ချက်ပါရှိသည်။ ထိုအချက်အားလုံးသည် မြန်မာကျောင်းသားများကို ကန့်သတ်ချုပ်ချယ်ပြီး အဆင့်အတန်းခွဲခြားထားသည်။ ကျွန်သက်ရှည်စေရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်။ ဆိုရလျှင် ထိုဥပဒေသည် ငွေကြေးတတ်နိုင်သူ လူနည်းစုကိုသာ တက္ကသိုလ်ပညာသင်ကြားခွင့်ရရှိစေပြီး ပညာထူးချွန်သော်လည်း ငွေကြေးမတတ်နိုင်သည့် တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့် လက်လုပ်လက်စား အောက်ခြေလူတန်းစားများ၏ သား၊ သမီးများကို ပညာဆက်လက်သင်ကြားခွင့်မရရှိနိုင်အောင် ချုပ်ချယ်ကန့်သတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အဆင့်အတန်းခွဲခြားထားသည့် ထိုဥပဒေကို ကောလိပ်ကျောင်းသားများအပါအဝင် ပြည်သူအားလုံးက အပြင်းအထန်ကန့်ကွက်ခဲ့ကြသည်။ မည်သို့ပင်ကန့်ကွက်နေစေကာမူ မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်က မြန်မာများသည် ပညာရေးအကြောင်း နားမလည်ဟုဆိုပြီး တောင်းဆိုချက်များကို လျစ်လျူရှုကာ ထိုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာခဲ့သည်။

### ကန့်ကွက်သပိတ်မှောက်

ထို့ကြောင့် ကောလိပ်ကျောင်းသားများသည် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရွှေတိဂုံရင်ပြင်၌ တိုင်ပင်ဆွေးနွေးကြပြီး ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်နှစ်ခုစလုံးက သပိတ်မှောက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရွှေကျင်တိုက်ဆရာတော် ဦးအရိယကျောင်းတိုက်၌ ကျောင်းသားအစည်းအဝေးပွဲကြီး ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေး၌ ဒီဇင်ဘာလ ၇ ရက်နေ့တွင် တက္ကသိုလ်ကို သပိတ်မှောက်ရန်၊ ပညာရေးဥပဒေပြင်ပေးရေးအတွက် တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များမပေးသမျှကာလပတ်လုံး ကျောင်းပြန်မတက်ရန်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။

မူလက ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ရန် စီစဉ်ထားသော်လည်း အခြေအနေပြောင်းလဲသွားသဖြင့် ဒီဇင်ဘာလ ၅ ရက်နေ့ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ကျောင်းသားများ သပိတ်မှောက်ခဲ့ကြသည်။ ထိုစဉ်က ကျောင်းသားခေါင်းဆောင် ကိုဘဦးကိုယ်တိုင် လက်မှတ်ထိုး၍ ကျောင်းသားကြေညာချက်ကို ဘုရင်ခံထံ ပေးပို့ခဲ့သည်။ ထိုကြေညာချက်သည် ရန်ကုန်တက္ကသိုလ်အက်ဥပဒေပါအချက်များကို ကန့်ကွက်ထားသည့်စာဖြစ်သည်။ ဘုရင်ခံထံမှ အကြောင်းပြန်ကြားခြင်းမပြုသဖြင့် ကျောင်းသားများသည် သပိတ်စခန်းတွင် အမျိုးသားကျောင်းများတည်ထောင်ရန် ဂျီစီဘီအေခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့) တွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် သပိတ်မှောက်ခဲ့ကြသည်။ ထိုသပိတ်သည် ဗြိတိသျှနယ်ချဲ့တို့က မြန်မာနိုင်ငံအား မတရားသိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးအတွက် အမျိုးသားတော်လှန်ရေးကြီးကို စတင်လိုက်ခြင်းပင်ဖြစ်သည်။ ထိုကျောင်းသားသပိတ်သည် တစ်နိုင်ငံလုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့သည်။ ထို့အပြင် ထိုသပိတ်ကို အခြေခံပြီး ထွက်ပေါ်လာသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရယူတည်ဆောက်ကာ လွတ်လပ်ရေးတိုက်ပွဲကိုလည်း အောင်မြင်အောင်ဆင်နွှဲနိုင်ခဲ့သည်။

> **မျိုးဆက်သစ်တိုင်းရင်းသား ညီအစ်ကိုများအနေဖြင့် ပြည်ထောင်စုကြီးသာယာဝပြောရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ရင်း မြန်မာတို့၏ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်တက်ကြွလာစေရန်နှင့် လွတ်လပ်ရေးအတွက် သန္နိတည်ပေးခဲ့သော အမျိုးသားနေ့ကို ထာဝစဉ်သတိရတန်ဖိုးထားသွားစေလို**

### လွတ်လပ်ရေးအတွက်ရောင်ခြည်သန်း

ဆိုရလျှင် ၁၉၂၀ ပြည့်နှစ်ကျောင်းသားသပိတ်ကြောင့် ပညာရေးအမြတ်များ ပေါ်ထွက်လာခဲ့သည်။ ထို့အပြင် ပြည်သူလူထုအတွင်း၌ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားစိတ်ဓာတ်များ တစ်ဟုန်ထိုးပေါ်ပေါက်လာခဲ့သည်။ ထို့ကြောင့် ကျောင်းသားသပိတ်သည် မြန်မာတို့၏နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်တော်လှန်ရေးအောင်ပွဲဟုလည်း ဆိုနိုင်ပေသည်။ ထိုသပိတ်ကြီးက မွေးထုတ်ပေးလိုက်သော အမျိုးသားရေးစိတ်ဓာတ်ကြောင့် နယ်ချဲ့ဆန့်ကျင်ရေးကို အတိအလင်းဖော်ပြသည့် တောင်သူလယ်သမား၊ အလုပ်သမားသပိတ်များနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံများ ဆက်တိုက်ပေါ်ထွက်ခဲ့သည်။

ထို့နောက် မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော တိုင်းရင်းသားသူရဲကောင်းများသည် ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့တို့အား နည်းလမ်းပေါင်းစုံဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားများအကြား မျိုးချစ်စိတ်ဓာတ်နိုးကြားလာသဖြင့် ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း စသည့် အဖွဲ့အစည်းများဖွဲ့စည်း၍ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်လှုပ်ရှားဆောင်ရွက်လာခဲ့ရာ မြန်မာ့လွတ်လပ်ရေးအတွက် ရောင်ခြည်သန်းလာခဲ့ပါသည်။

### အမျိုးသားနေ့သတ်မှတ်

၁၉၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့၌ ကျင်းပသည့် ဂျီစီဘီအေပြည်လုံးကျွတ်ညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ထိုညီလာခံတွင် တချို့က သီပေါဘုရင်ပါတော်မူသော တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ကို အကြံပေးခဲ့ကြသည်။ တချို့က ဦးဥတ္တမအဖမ်းခံရသောနေ့ကို အကြံပေးကြသည်။ ၁၉၂၀ ပြည့်နှစ် သပိတ် ၁၁ ဦးကော်မတီတွင်ပါဝင်ခဲ့သော ဦးမြင့်က နယ်ချဲ့ ကို ပထမဆုံးတော်လှန်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အကြံပြုခဲ့သည်။

ထို့နောက် ဂျီစီဘီအေအသင်းကြီးသည် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ပြုလုပ်သည့် အထူးအစည်းအဝေးကြီး၌ ကောလိပ်ကျောင်းသားများက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ကန့်ကွက်သပိတ်မှောက်ခဲ့သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့ (National Day) အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ နှစ်စဉ် ထိုနေ့ထိုရက်ရောက်ရှိလျှင် အမျိုးသားနေ့အခမ်းအနားများ ကျင်းပလာခဲ့သည်။ ထို့ကြောင့် ၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် လွတ်လပ်ရေးအတွက် သန္နိတည်ပေးခဲ့သော သမိုင်းဝင် (၁၀၁) နှစ်မြောက် အမျိုးသားနေ့အခါသမယပင်ဖြစ်သည်။

### နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့

NLD ပါတီဦးဆောင်သည့်အစိုးရသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကို ဖြေရှင်းပေးခြင်းမရှိဘဲ တိုင်းပြည်အာဏာကိုပင်လျှင် အတင်းအဓမ္မရယူရန်ပင် ကြံစည်လာသဖြင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ တိုင်းပြည်အာဏာကို ခေတ္တထိန်းသိမ်းခဲ့ရသည်။ ထိုအချိန်မှစ၍ အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF တို့အပြင် NLD အစွန်းရောက်များသည် တိုင်းပြည်အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်လာကြသည်။ ၎င်းတို့နှင့်အမြင်မတူသည့် ပြည်သူများကို သတ်ဖြတ်ခဲ့သည်။ အမျိုးသမီးများ၊ ကလေးငယ်များအပြင် သံဃာတော်များကိုပင်လျှင် အကြောင်းမဲ့သတ်ဖြတ်လာကြသည်။ စာသင်ကျောင်းများအပါအဝင် ပြည်သူပိုင်ပစ္စည်းများ၊ လမ်းတံတားများကို မီးရှို့ဖျက်ဆီးခဲ့သည်။ ကိုဗစ်-၁၉ စင်တာများကို အကြမ်းဖက်တိုက်ခိုက်သည်။ ကမ်းကုန်အောင်မိုက်လာကြသည်။ ဒီမိုကရေစီအလေ့အထနှင့် ဆန့်ကျင်သောလုပ်ရပ်များပင်ဖြစ်သည်။ မည်သည့်ဒီမိုကရေစီနိုင်ငံတွင်မျှ အကြမ်းဖက်လုပ်ရပ်ကိုလက်ခံမည်မဟုတ်ချေ။

လက်ရှိအချိန်တွင် တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသော အန္တိမဆန္ဒသည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန်ပင်ဖြစ်သည်။ ထိုသို့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် များစွာအရေးပါလျက်ရှိသည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားညီအစ်ကိုများသည် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သည့် ဘိုးဘွားမိဘများကဲ့သို့ ရင်ထဲအသည်းထဲ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုသည့် စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့သာ ကိန်းအောင်းနေမည်ဆိုလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်ဖော်ဆောင်နိုင်မည်ဟု ရိုးသားခိုင်မာစွာယုံကြည်မိပါသည်။

စင်စစ်အားဖြင့် အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်သောစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ၊ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလို့သည့်စိတ်ဓာတ်ပင်ဖြစ်ပေသည်။ အမှန်စင်စစ်မှာမူ ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် ရှေးပဝေသဏီကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူရှိအတူ၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက်၊ ဆိုးတူကောင်းဖက် လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ငြင်းဆို၍မရသော ပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်တမျှအရေးပါလှသော ထိုစိတ်ဓာတ်မျိုးကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပေသည်။

စာမျက်နှာ ၁၀ သို့ ★

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော်  နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကန့်ဘလူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရေးဆွဲနည်း သင်တန်းဖွင့်

**ကန့်ဘလူ  နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာများအတွက် အထောက်အကူပြုစေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲနည်းသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်း



အဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင့်ဦးက သင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲနည်းများ၊ ကျေးရွာဆိုင်ရာအချက်အလက် ကောက်ယူနည်းများ၊ ဇယား ၄၈ မျိုး ဖြည့်သွင်းနည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုစာအုပ်ရေးသားနည်းများအား မြို့နယ်စီမံကိန်းတာဝန်ခံများက စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ရာ ကျေးရွာလေးရွာမှ ကော်မတီဝင် ရှစ်ဦး တက်ရောက်ခဲ့ကြသည်။

ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ မီနီဘတ်ဂျက်တွင် မကြီးကုန်းကျေးရွာ၊ နတ်အင်းကျေးရွာ၊ ငါးရံ့တိုင်းကျေးရွာနှင့် ညောင်ဇင်လေးကျေးရွာတို့အား တစ်ရွာလျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခေတ္တ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်မာလာဝင်းထံမှ သိရသည်။ **ဖြိုးကျော်(ပုံတောင်မြေ)**

## ဟုမ္မလင်းမြို့နယ်၌ ဆောင်းရာသီပြောင်းသီးနှံ ၉၅ ဧက စိုက်ပျိုးပြီးစီး

**ဟုမ္မလင်း  နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ဆောင်းရာသီ ပြောင်းသီးနှံ ၉၅ ဧက စိုက်ပျိုးပြီးစီးကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးထံမှ သိရသည်။

"ဟုမ္မလင်းမြို့နယ်မှာ ပြောင်းသီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးလာပါတယ်။ ပြောင်းသီးနှံကတော့ အစုံစိုက်ကြပါတယ်။ ပြောင်းသီးနှံကို ဆောင်းရာသီမှာ အများဆုံး စိုက်ကြတာ။ အခုလက်ရှိ ပြောင်းခင်းက ဖြစ်ထွန်းအောင်မြင်ပါတယ်" ဟု ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောသည်။

၂၀၂၁-၂၀၂၂ ခုနှစ် ဆောင်းရာသီကာလ ဟုမ္မလင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း၊ နှံစားပြောင်း၊ ဖူးစားပြောင်း၊ အခြားပြောင်းဧက ၁၆၀၀ ကျော်စိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာလဆန်းပိုင်းမှ စတင်၍ ပြောင်းသီးနှံများစိုက်ပျိုးနေကြပြီး ယခုလက်ရှိမှာတော့ အစေ့ထုတ်ပြောင်း ဧက ၂၀ နှင့် ပြောင်းစိုက်ခင်း ၉၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်တွင် စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်း စံပြကွက်များနှင့် စိုက်ခင်းများအား ပိုးမွှားရောဂါကျရောက်မှု ရှိ၊ မရှိ ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းကြည့်ရှု၍ တောင်သူများအား အပင်ပြုစုစောင့်ရှောက်နည်းစနစ်များ၊ ပိုးမွှားကာကွယ်နှိမ်နင်းနည်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ မိုးတွင်းကာလက ဟုမ္မလင်းမြို့နယ်တွင် အစေ့ထုတ်ပြောင်း၊ နှံစားပြောင်း၊ ဖူးစားပြောင်း၊ အခြားပြောင်းစိုက်ခင်းဧက ၁၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**လူလေး**



## တောင်သူများ အမှန်တကယ် အားကိုးလာသည့် စံနမူနာပြ စိုက်ခင်းများဖြစ်ရန် လိုအပ်

**နေပြည်တော်  နိုဝင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး၏ စိုက်ပျိုးထုတ်လုပ်မှုအရှိန်အဟုန် ပိုမိုအားကောင်းလာရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြေအသုံးချရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက တောင်သူများ၏ လိုအပ်ချက်နှင့် ကိုက်ညီပြီး ရလဒ်ကောင်းပေးနိုင်သည့် စမ်းသပ်ကွက်များဖြစ်စေရေး မျှော်မှန်းအားစိုက်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ စံပြကွက်များ ဆောင်ရွက်ရာ၌ အောင်မြင်မှုများ ထင်သာမြင်သာဖြစ်စေပြီး တောင်သူများ အမှန်တကယ်အားကိုးလာသည့် စံနမူနာပြ စိုက်ခင်းများဖြစ်ရန် လိုအပ်ချက်များ၊ GAP စနစ် အားကောင်းလာစေရေးဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး အစည်းအဝေး တက်ရောက်လာကြသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အင်းစိန်မြို့နယ်ရှိ သီးနှံကာကွယ်ရေးဌာနခွဲ၏ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။ **ညီညီသန်း(နေပြည်တော်)**

★ စာမျက်နှာ ၉ မှ

ထိုနည်းတူစွာ တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသည့် သာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကိုလည်း မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ အတူတကွနေထိုင်သွားမည်၊ ပြည်ထောင်စုကြီးအတွင်းမှ မည်သည့်အခါမျှ ခွဲထွက်သွားမည်မဟုတ်ဆိုသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ခိုင်မာသည့်ပြည်ထောင်စုစိတ်ဓာတ်စစ်စစ်ဖြင့်သာ တည်ဆောက်သွားမည်ဆိုလျှင် မဝေးတော့သည့်အနာဂတ်တွင် သာယာဝပြောသောဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်သည်။

ဆိုရလျှင် တိုင်းရင်းသားညီအစ်ကိုများသည် နယ်ချဲ့လက်အောက်ရောက်ခဲ့သည့်တိုင်အောင် အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံကာ လွတ်လပ်ရေးရရှိသည်အထိ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့လွတ်လပ်ရေးအတွက်အရေးပါသည့် အမျိုးသားနေ့၏အနှစ်သာရကို မျိုးဆက်သစ်လူငယ်များအကြား အမှတ်ထင်ထင်ရှိနေရန်လည်း လိုအပ်ပေသည်။ သို့မှသာလျှင် မိမိတိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်နှင့် အချုပ်အခြာအာဏာ၏အရေးပါမှုတို့ကို တန်ဖိုးထားတတ်လာနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မျိုးဆက်သစ်တိုင်းရင်းသားညီအစ်ကိုများအနေဖြင့် ပြည်ထောင်စုကြီးသာယာဝပြောရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုဖော်ဆောင်ရင်း မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်တက်ကြွလာစေရန်နှင့် လွတ်လပ်ရေးအတွက် သန္ဓေတည်ပေးခဲ့သော အမျိုးသားနေ့ကို ထာဝစဉ်သတိရတန်ဖိုးထားသွားစေလိုပါကြောင်း ဆန္ဒပြုရင်း (၁၀၁)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ယူဂန္ဒာနိုင်ငံ၌ အရွယ်ရောက်ပြီးသူအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည်



**ကမ်ပါလာ နိုဝင်ဘာ ၂၁**

ယူဂန္ဒာနိုင်ငံ၌ အရွယ်ရောက်ပြီးသည့် ပြည်သူအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း ယူဂန္ဒာအစိုးရအဖွဲ့က ယမန်နေ့တွင် ပြောသည်။

ကျန်းမာရေးဝန်ထမ်းများအပါအဝင် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း ယူဂန္ဒာသမ္မတ ယိုဝီရီမူဆီဗီနီက ရုပ်သံလိုင်းတစ်ခုတွင် ပြောကြားသည်။

ကာကွယ်ဆေးအလုံးရေအများအပြားကို ဝယ်ယူခဲ့ပြီးနောက် အဆိုပါကာကွယ်ဆေးထိုးနှံမည့် အစီအစဉ်ကို သမ္မတ ယိုဝီရီမူဆီဗီနီက ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးရန်နှင့်ပတ်သက်ပြီး အစိုးရအဖွဲ့က ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၅ သန်းကျော် လက်ခံရရှိပြီးဖြစ်ကြောင်းနှင့် ပြည်သူခြောက်သန်းအား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှုစတင်ဖြစ်ပွားသည့် အချိန်မှစပြီး လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၁၂၇၀၀၀ ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၂၄၇ ဦးရှိသည်။ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၇၀၀၀ ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၉၇၀ ရှိ

**မော်စကို နိုဝင်ဘာ ၂၁**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၉၇၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကူးစက်ခံရသူပေါင်း ၉၃၃၁၁၅၈ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

**သေဆုံးသူပေါင်း ၂၆၄၀၉၅ ဦး ရှိလာ**

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၅၂ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် သေဆုံးသူပေါင်း ၂၆၄၀၉၅ ဦး ရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၂၅၀၄ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူပေါင်း ၈၀၂၄၉၃၀ ရှိလာကြောင်း သိရသည်။

**ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်**

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၄၃၈ ဦးရှိခြင်းကြောင့် မြို့တော်တစ်ဝန်း၌ ကူးစက်ခံရသူပေါင်း ၁၉၁၈၆၃၃ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၃ ဦး ထပ်မံသေဆုံး

**စင်ကာပူ နိုဝင်ဘာ ၂၁**

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၃၁ ဦး ထပ်မံတွေ့ရှိရပြီး အဆိုပါရောဂါကြောင့် ၁၃ ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

**ရောဂါအခံရှိသူများဖြစ်**

အဆိုပါသေဆုံးသူများသည် အသက် ၆၂ နှစ်မှ ၉၈ နှစ်အရွယ်အကြား လူနာများဖြစ်ပြီး ရောဂါအခံရှိသူများဖြစ်သည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၅၀၅၁၈ ဦးရှိပြီး သေဆုံးသူပေါင်း ၆၅၄ ဦးရှိလာသည်။

အဆိုပါရောဂါကူးစက်ခံရသူများအနက် ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၉၂၅ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်သည်။

ပြည်သူ ၈၅ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူထားပြီးဖြစ်ပြီး ၈၆ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ထို့ပြင် ပြည်သူ ၂၀ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအပိုထပ်ဆောင်း ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၁၉ လတာကာလအတွင်း ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူမရှိ



**ဒါကာ နိုဝင်ဘာ ၂၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုဝင်ဘာ ၂၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူမရှိခြင်းကြောင့် ၁၉ လတာကာလအတွင်း ပထမဆုံးအကြိမ် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု မရှိခဲ့ခြင်းဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ဧပြီ ၃ ရက်မှစတင်ကာ ယခုနှစ် နိုဝင်ဘာ ၂၀ ရက်မတိုင်မီအထိ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သိသိသာသာလျော့ကျမှု ရှိခဲ့**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယခုနှစ် ဇန်နဝါရီလအတွင်းက စတင်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူအရေအတွက် မြင့်တက်လာခြင်းကြောင့် ရောဂါကူးစက်ခံရသူနှင့် သေဆုံးသူအရေအတွက်သည် သိသိသာသာလျော့ကျမှု ရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကူးစက်ခံရသူ ၁၇၈ ဦးရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူပေါင်း ၁၅၇၃၈၈၉ ဦးရှိကြောင်းနှင့် သေဆုံးသူပေါင်း ၂၇၉၄၆ ဦးရှိကြောင်း သိရသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၉၀ ထပ်မံတွေ့ရှိရသဖြင့် ပြန်လည်ကျန်းမာလာသူပေါင်း ၁၅၃၈၀၀၆ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၊ ချားလ်မင်းသားတို့နှင့် တွေ့ဆုံရန် အစ္စရေးသမ္မတ ဟာဇော့ ဗြိတိန်နိုင်ငံသို့ သွားရောက်



**ဂျေရုဆလင် နိုဝင်ဘာ ၂၁**

အစ္စရေးနိုင်ငံသမ္မတ ဟာဇော့သည် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၊ ချားလ်မင်းသားတို့နှင့် တွေ့ဆုံဆွေးနွေးရန်အတွက် ယနေ့တွင် ဗြိတိန်နိုင်ငံသို့ တရားဝင်ခရီးသွားရောက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အစ္စရေးနိုင်ငံသမ္မတ ဟာဇော့သည် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လစ်ဇ်ထရက်စ်၊ ဥပဒေပြုအမတ်များနှင့် ဂျူးအသိုက်အဝန်းမှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံအစိုးရ၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံသမ္မတ ဟာဇော့သည် ဗြိတိန်နိုင်ငံသို့ သွားရောက်စဉ်တွင် အီရန်နျူကလီးယားအရေးကိစ္စများကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံသို့ မသွားရောက်မီပြောကြားခဲ့သည်။

ထို့ပြင် ပါလက်စတိုင်းအစ္စလာမ့်စ်တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့(ဟားမားစ်)အား အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် အသိအမှတ်ပြုရန် ဗြိတိန်အစိုးရက ဆုံးဖြတ်ခဲ့မှုနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်အား ကျေးဇူးတင်ရှိပါကြောင်းလည်း အစ္စရေးသမ္မတ ဟာဇော့က ပြောကြားသည်။

ပါလက်စတိုင်းတို့ကမူ ဟားမားစ်အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့သည့် ဗြိတိန်နိုင်ငံ၏ ဆုံးဖြတ်ချက်အပေါ် နိုဝင်ဘာ ၂၀ ရက်တွင် ကန့်ကွက်ခဲ့သည်။ အစ္စရေးနိုင်ငံသမ္မတဟာဇော့၏ ဗြိတိန်ခရီးစဉ်သည် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည့် ဇူလိုင်လနောက်ပိုင်း ပထမဆုံးအကြိမ် တရားဝင်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# တူရကီနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ သန်း ၅၀ ကျော်ရှိ

**အန်ကာရာ နိုဝင်ဘာ ၂၁**

တူရကီနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ စုစုပေါင်း သန်း ၅၀ ကျော်ရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် အတည်ပြုပြောကြားသည်။


တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေး အာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူ စုစုပေါင်း ၅၆ သန်းကျော်ရှိပြီး ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၁၉ ဒသမ ၂၇ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

တူရကီနိုင်ငံသည် လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုမြင့်တက်ခြင်းနှင့် ရင်ဆိုင်နေရပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၂၃၃၄၇ ဦးရှိပြီး နိုင်ငံတစ်ဝန်း၌ ကူးစက်ခံရသူပေါင်း ၈၅၅၀၃၇၇ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့်သေဆုံးသူ ၂၀၁ ဦး ထပ်မံတွေ့ရှိသဖြင့် သေဆုံးသူ စုစုပေါင်း ၇၄၈၄၇ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၉၁၆၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**






# မလေးရှားနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၈၅၉ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၁**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၅၈၅၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၅၈၁၇၄၇ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၉ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၅၈၄၀ သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၄၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၉၇၈ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ၄၉၇၀ ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၄၈၂၂၈၄ ဦး ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၆၉၄၈၅ ဦး ရှိပြီး ၅၂၉ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၂၆၁ ဦးသည် အသက်ရှူ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၈ ဒသမ ၆ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၆ ဒသမ ၄ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၅၁ သန်းကျော်ရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၂၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၀၄၈၈ ဦးရှိပြီး လက်ရှိတွင် ကူးစက်ခံရသူပေါင်း ၃၄၅၁၀၄၁၃ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁၃ ဦး ထပ်တိုးလာရာ သေဆုံးသူပေါင်း ၄၆၅၆၆၂ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၂၂၇၁၄ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၂၃၂၉ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၃၉၂၂၀၃၇ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**



## ဗြိတိန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်−၁၉ ရောဂါကူးစက်ခံရသူ ၄၀၉၄၁ ဦး ထပ်မံတွေ့ရှိ




**လန်ဒန် နိုဝင်ဘာ ၂၁**

ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်−၁၉ ရောဂါကူးစက်ခံရသူ ၄၀၉၄၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကူးစက်ခံရသူပေါင်း ၉၈၀၆၀၃၄ ဦးရှိလာကြောင်း ယနေ့ သတင်းများအရ သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်−၁၉ ရောဂါကြောင့် သေဆုံးသူ ၁၅၀ ထပ်မံတွေ့ရှိရာ လက်ရှိတွင် သေဆုံးသူပေါင်း ၁၄၃၈၆၆ ဦးရှိပြီး ဆေးရုံများတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်−၁၉ လူနာ ၈၀၇၉ ဦးရှိကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်−၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီး ၈၈ ရာခိုင် နှုန်းကျော်မှာ ကိုဗစ်−၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၂၅ ရာခိုင်နှုန်းကျော်သည် ကိုဗစ်−၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား−ဆင်ဟွာ**

**ဘာသာပြန်−အလင်းသစ်**



## ဘရာဇီးနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၈၃၃ ဦး ထပ်မံတွေ့ရှိ

**ဆော်ပေါ်လို နိုဝင်ဘာ ၂၁**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်−၁၉ ရောဂါကူးစက်ခံရသူ ၈၈၃၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိပြီး အဆိုပါရောဂါကြောင့် ၂၁၇ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၂၂၀၁၂၁၅၀ ရှိပြီး သေဆုံးသူပေါင်း ၆၁၂၅၈၇ ဦး ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်နိုင်ငံပြီးနောက် ကိုဗစ်−၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ရောဂါကူးစက်မှုတွင် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ပြီးနောက် ရောဂါကူးစက်မှုတတိယအများဆုံးနိုင်ငံဖြစ်သည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၁၂၈ ဒသမ ၂ သန်းရှိပြီး ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၁၅၇ ဒသမ ၆ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား− ဆင်ဟွာ**

**ဘာသာပြန်− အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၂၂၇ ဦး ထပ်မံတွေ့ရှိ

**မနီလာ နိုဝင်ဘာ ၂၁**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်−၁၉ ရောဂါကူးစက်ခံရသူ ၂၂၂၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၈၂၆၄၁၀ ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်−၁၉ ရောဂါကူးစက်မှုကြောင့် ၁၇၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၇၀၇၄ ဦးရှိလာသည်။

စက်တင်ဘာ ၁၁ ရက်တွင် ရောဂါကူးစက်ခံရသူ ၂၁၁၀၁ ဦးတွေ့ရှိပြီး နေ့စဉ်ကူးစက်မှုအရေအတွက် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူ ၂၂ သန်းကျော်အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား− ဆင်ဟွာ**

**ဘာသာပြန်− အောင်ကျော်ကျော်**





## ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်−၁၉ ရောဂါကူးစက်ခံရသူ ၉၈၈၉ ဦးရှိလာ

**ဟနွိုင်း နိုဝင်ဘာ ၂၁**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်−၁၉ ရောဂါကူးစက်ခံရသူ ၉၈၈၉ ဦး ထပ်မံတွေ့ရှိရာ အဆိုပါလူဦးရေအနက် ၉၈၈၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ပြီး ခုနစ်ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်−၁၉ ရောဂါအစုလိုက်အပြုံလိုက်ကူးစက်ခံရမှုအများဆုံးမှာ တောင်ပိုင်းဒေသများမှဖြစ်ပြီး ဟိုချီမင်းစီးတီး၌ ၁၂၆၅ ဦး၊ ဘင်ဒေါင်းပြည်နယ်၌ ၆၈၃ ဦးနှင့် ဒွန်နိုင်းပြည်နယ်၌ ၆၀၄ ဦး အသီးသီးဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်−၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၉၄၅၁၄ ဦးရှိပြီး သေဆုံးသူပေါင်း ၂၃၇၆၁ ဦးရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်−၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၅၁၆၃ ဦးရှိခြင်းကြောင့် လက်ရှိတွင် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၀၅၅၀၀ ရှိလာကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်−၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ရောဂါကာကွယ်ဆေးအလုံးရေ ၁၀၈ သန်းနီးပါး အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား−ဆင်ဟွာ**

**ဘာသာပြန်−အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်−၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၂၅၇၅၇၆၂၁၉ ဦး | ၅၁၆၆၃၀၇ ဦး | ၂၃၂၅၄၄၆၃၆ ဦး |

# သံဖြူဇရပ်မြို့နယ် ကျိုက်နဲရေလယ်ဘုရားပွဲသို့ လာရောက်သည့် ဘုရားဖူးပြည်သူ ၁၅ ဦး ရေနစ်သေဆုံး

**သံဖြူဇရပ် နိုဝင်ဘာ ၂၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အံခဲ ကျေးရွာနှင့် ဝဲကလောင်းကျေးရွာကြားရှိ ကျိုက်နဲရေလယ်ဘုရား ပွဲတော်ကျင်းပနေစဉ် ယနေ့နံနက် ၈ နာရီခန့်က ရေလယ်ဘုရားသို့ လာရောက်ဖူးမြော်သည့် ဘုရားဖူး ပြည်သူများ စည်ကားလျက်ရှိရာ ဘုရားဖူး ပြည်သူများအနေဖြင့် ဘုရားသို့ သွားရောက်သော ရေလယ်နတ်လမ်း ရေကျသည့် အချိန်အား စောင့်ဆိုင်းမှုမရှိဘဲ တစ်ဦးနှင့်တစ်ဦး တိုးကြိတ်၍ အလုအယက် သွားရောက်မှုကြောင့် ဘုရားဖူးပြည်သူအချို့ ပင်လယ်အတွင်းသို့ ပြုတ်ကျ၍ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။



ကျိုက်နဲရေလယ်ဘုရားပွဲသို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများအား တွေ့ရစဉ်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ပင်လယ်အတွင်းသို့ ပြုတ်ကျသွားသည့် ပြည်သူအချို့အား သံဖြူဇရပ်မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းများက စက်လှေများဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြရာ သေဆုံးသူ သံဃာ တစ်ပါး အပါအဝင် အမျိုးသား သုံးဦးနှင့်အမျိုးသမီး ၁၂ ဦး ပေါင်း ၁၅ ဦး သေဆုံးခဲ့ကြောင်း၊ ဆက်လက်၍ တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်းနှင့် သေဆုံးသူများ၏ ရုပ်အလောင်းများအား ပိုင်ရှင်များထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ပြီး သံဖြူဇရပ်မြို့မရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမရပူရမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ငွေကျပ် ၂ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် ငွေကျပ် ၂ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ဆိပ်ကမ်းတွင် သတင်းအရ သဲကိုကိုဦး(ခ)သဲကို(၂၅)နှစ် မောင်းနှင်ပြီး အောင်မျိုးသန့်(ခ) နှင်းဝေ(၄၁)နှစ် လိုက်ပါလာသည့် ခြောက်ဘီး ဆီဘောက်ဆာယာဉ်အတွင်းမှ တန်ဖိုးငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ ဆပ်ပြာခွက် ၃၃၀၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၃၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၅၈ သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ နိုဝင်ဘာ ၁၉ ရက်နံနက် ၈ နာရီခန့်တွင် မတ္တရာမြို့နယ် မြောက်တံငါကျေးရွာအနီး၌ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ဇော်တင့်အောင်(ခ)ထော်ကြီး (၃၅)နှစ်နှင့် ရဲစောနောင် (ခ) ပြူးပြူး(ခ)ပြေူး(၂၉)နှစ်တို့အား ဆိုင်ကယ် တစ်စီးနှင့်လည်းကောင်း၊ မတ္တရာမြို့ အမှတ်(၂)ရပ်ကွက် နံ့သာတောင်ကျောင်းဝင်းလမ်းတွင် စောမွေး(ခ) ထွန်းထွန်းဝင်း(ခ) မွေးနီအား ငွေကျပ် ၁၀ သိန်းနှင့်လည်းကောင်း ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းကွင်းဆက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာအနီးတွင် ရပ်တန့်ထားသည့် ၂၂ ဘီးတွဲကား မော်တော်ယာဉ်အား ဆက်လက်ရှာဖွေရာ ယာဉ်အတွင်းမှ တန်ဖိုးငွေကျပ် ၁ ဒသမ ၁၉ ဘီလီယံတန်ဖိုးရှိ ဆပ်ပြာခွက် ၄၆၀၀ ဖြင့် ထည့်ထားသော ဘိန်းဖြူ ၄၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၂ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၇၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၇၈၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၃ နာရီတွင် နောင်ချိုမြို့နယ် မန္တလေး–လားရှိုးသွားကားလမ်း ဂုတ်တွင်း တံတား မိုင်တိုင်အမှတ် (၈၄) အနီး၌ အောင်သူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကိုလည်းကောင်း။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် မြစ်ကြီးနားမြို့နယ် ပလနကျေးရွာနေ ဒွေယော်ဆဲ(ခ)အားတီ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပျော်ဘွယ်မြို့ မြို့မရပ်ကွက် တပင်ရွှေထီးလမ်းနှင့် နဝဒေးလမ်းဆုံအနီး၌ မလှဲလှဲဝင်းအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀ ကိုလည်းကောင်း။

ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရမည်းသင်းမြို့နယ် ရန်ကုန်–မန္တလေးသွားကားလမ်း မိုင်တိုင် (၂၄၈/၄) အနီးတွင် ကျော်သန်းအား ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၆၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (တောင်) ရပ်ကွက် သိမ်ဖြူလမ်းမကြီး တိုက်အမှတ်(၃၅၁/ဘီ)၊ (၄)လွှာနေ အောင်သန်းဦး(ခ) ဟာဒစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့တွင် တွေ့ရှိသူ တင်အောင်(ခ) နိုးလ်တင်းထံမှ အိုက်စ် သုည ဒသမ ၀၀၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၂ ကီလို၊ အိုက်စ် သုည ဒသမ ၁၀၅ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁၁-၂၀၂၁ တနင်္လာနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ မောရ်ပရိတ်၊ အဋ္ဌာဂယ်တင်းပရိတ်တရားတော် | ၁၇:၀၅ | This Week's Special Interest |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၃၀ | ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် |
| ၀၈:၃၅ | ဇေယျာရွှေမြေမှ လက်မှုထုတ်ကုန် ဂျုံရိုးဦးထုပ် | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၁၀ | မွေးမြူရေးရာအဖြာဖြာ | ၁၈:၃၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၀:၃၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာချက်နှာဖုံး' (အပိုင်း–၁၅) |
| ၁၁:၂၅ | ဘဝနှင့်အနုပညာ | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့ လျှို့ဝှက်ချက်**' (အပိုင်း–၃၈) | ၂၁:၀၀ | အကွေ့နဲ့အရှေ့သမိုင်းဖြစ်ရပ်မှန် (အပိုင်း–၄) |
| ၁၃:၀၀ | အကွေ့နဲ့အရှေ့သမိုင်းဖြစ်ရပ်မှန် (အပိုင်း–၃) | ၂၁:၄၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၃:၄၅ | MRTV National News | ၂၂:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '**မတူညီသောမေတ္တာများ**' (အပိုင်း–၃၁) |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ဘောဂဗေဒဘာသာရပ်' | | |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ | | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

| | |
|---|---|
| 07:01 | News |
| 07:26 | Global Partnership for Brighter Future: Guyana Pavilion at Expo 2020 Dubai |
| 07:34 | Myanmar Paper Toys |
| 07:40 | Conflict & Solution Between Man & Elephant |
| 08:01 | Myanmar Masterclass: Artist Win Pe Myint |
| 08:14 | Mobile House |
| 08:25 | Myanma Thanakha |
| 08:41 | The Hills Of Phowintaung And Shwebataung |
| 09:01 | Ecotourism: The world Famous Novelist George Orwell's House |
| 09:19 | Chef Life - Phyo Arbidans |
| 09:27 | Inlay Traditional Cotton Clothes |
| 09:35 | Yathe Taung Township In A Nut-Shell |
| 10:01 | Dances of Myanmar (Pre Kayaw Traditional Dance) |

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
မြတ်နိုးဖွယ်ရာဝါးလက်မှုပညာ

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သံတောင်ဒေသလက်ဖက်စိုနှင့်လက်ဖက်ခြောက် ပြုလုပ်ခြင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ဖြူရွာကလေးရဲ့ခေါင်ရည်ချို

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
အံ့ဩဖွယ်ရာပဒုံရုမှာ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ(အပိုင်း–၁)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
နွားနောက်သားဆန်ပြုတ်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း–၄)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း–၄)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း–၃)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကန့်လန့်ကာနောက်ကွယ်ကအသံလှိုင်းများ

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသထုတ်ကုန်ပြခန်း

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း–၇) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပေမေ့ရွေးချယ်မှု' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း–၇) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။


**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဗိုလ်ဿနိုးနယ်မြေ PDF အဖွဲ့တာဝန်ခံ ဝင်းမြင့်လှိုင်နှင့် ပတ်သက်ဆက်နွှယ်သူများပြ Diagram




✪ ကျောဖုံးမှ

ပစ္စတို နှစ်လက်၊ ကျည်အိမ် လေးခု၊ ၉ မမ ကျည် ၁၁၆ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံ ဝင်းမြင့်လှိုင်၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း တောင်တွင်းကြီးမြို့ပေါ်၌ ဆူပူဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခဲ့ကြောင်း၊ မေလအတွင်း KNU တပ်မဟာ(၂)နယ်မြေသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး တပ်မဟာ(၂)မှ MA-3 သေနတ်တစ်လက်နှင့်၊ လက်ပစ်ဗုံး လေးလုံးအား ယူဆောင်၍ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့သို့ ပြန်လာခဲ့ကြောင်း၊ အဆိုပါ ယူဆောင်လာသည့် လက်နက်ခဲယမ်းများအား တောင်တွင်းကြီး PDF အဖွဲ့ဝင်များဖြစ်သည့် ကျီးကန်း၊ ဇော်ရင်တို့ကိုပေးအပ်၍ တောင်တွင်းကြီးမြို့နယ် ပညာရေးမှူးရုံး၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ရဲစခန်းတို့အား ဖောက်ခွဲဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့ကြောင်း။

ထို့ပြင် ဇွန်လအတွင်း KNU အဖွဲ့ဝင် ကိုကျော်နှင့် ချိတ်ဆက်၍ ပစ္စတို လေးလက်၊ ကျည်အိမ် ရှစ်ခု၊ ၉ မမ ကျည် ၂၁၆ တောင့်ကို ဝယ်ယူ၍ တောင်တွင်းကြီး PDF အဖွဲ့ဝင် ပါလေးထံသို့ လွှဲပြောင်းပေးခဲ့ကြောင်း။

တရားခံ ဝင်းမြင့်လှိုင်သည် ဇူလိုင်လတွင် တောင်တွင်းကြီးမြို့၊ မကွေးမြို့၊ မြို့သစ်မြို့၊ နတ်မောက်မြို့၊ ရေစကြိုမြို့၊ အောင်လံမြို့တို့တွင် တာဝန်ခံများခန့်အပ်၍ ဗိုလ်ဿနိုးနယ်မြေ PDF အဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ထို့ပြင် တရားခံပြေး ဇော်ဝေစိုး၊ တရားခံပြေး ရည်မွန်တို့နှင့် ချိတ်ဆက်၍ ငွေကြေးများတောင်းခံခဲ့ပြီး လက်နက်ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူခဲ့ကြောင်း၊ ရရှိလာသည့် လက်နက်ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများအသုံးပြု၍ မကွေးတိုင်းဒေသကြီးအတွင်း ဖောက်ခွဲဖျက်ဆီးမှုနှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဗိုလ်ဿနိုးနယ်မြေ PDF အဖွဲ့သည် မကွေးတိုင်းဒေသကြီးအတွင်း လူသတ်၊ မီးရှို့၊ မိုင်းထောင်၊ ဗုံးခွဲ စသည့်အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်ခဲ့ရာ ဗုံးခွဲတိုက်ခိုက်မှု ၂၆ ကြိမ်၊ လုပ်ကြံသတ်ဖြတ်မှု ၁၁ ကြိမ် စုစုပေါင်း ၃၇ ကြိမ်အား အောက်ပါအတိုင်း လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်-

- တောင်တွင်းကြီးမြို့နယ်အတွင်း အပြစ်မဲ့အရပ်သားနေအိမ်များ၊ တပ်စခန်းအနီးနေရာများ၊ ရဲစခန်းဝန်ထမ်းအိမ်ရာများ၊ ဈေးဆိုင်နှင့် ကွမ်းယာဆိုင်များ၊ စစ်ဆေးရေးဂိတ်စခန်းများအား ဗုံးခွဲတိုက်ခိုက်မှု ခြောက်ကြိမ်နှင့် အပြစ်မဲ့အရပ်သား နှစ်ဦးအား လုပ်ကြံသတ်ဖြတ်ခြင်း နှစ်ကြိမ်။
- မကွေးမြို့နယ်အတွင်း လုံခြုံရေးအခြေစိုက်နေရာအနီးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးအနီး၊ လျှပ်စစ်ရုံးအနီး၊ ပညာရေးမှူးရုံးအနီးနှင့် Mytel တာဝါတိုင်တို့အား ဗုံးဖောက်ခွဲမှု ငါးကြိမ်။
- မြို့သစ်မြို့နယ်အတွင်း လျှပ်စစ်ရုံး၊ စည်ပင်သာယာရေးရုံး၊ ရဲစခန်း၊ ဆက်သွယ်ရေးကေဘယ်တိုင်တို့အား ဗုံးဖောက်ခွဲမှု လေးကြိမ်၊ အုပ်ချုပ်ရေးမှူး ငါးဦးအား လုပ်ကြံသတ်ဖြတ်မှု ငါးကြိမ်။
- ရေစကြိုမြို့နယ်အတွင်း ရဲစခန်းများ၊ စည်ပင်ဝန်ထမ်းနေအိမ်၊ အပြစ်မဲ့ အရပ်သားနေအိမ်တို့အား ဗုံးခွဲတိုက်ခိုက်မှု လေးကြိမ်။
- နတ်မောက်မြို့နယ်အတွင်း မြန်မာ့စီးပွားရေးဘဏ်၊ ကျေးရွာအုပ်ချုပ်ရေးမှူး နေအိမ်များ၊ Mytel တာဝါတိုင် နှစ်ခုတို့အား ဗုံးခွဲတိုက်ခိုက်မှု ငါးကြိမ်၊ အုပ်ချုပ်ရေးမှူး သုံးဦးအား လုပ်ကြံသတ်ဖြတ်မှု သုံးကြိမ်။
- နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ အမျိုးသမီးတစ်ဦးအား ဒလန်အဖြစ် စွပ်စွဲလုပ်ကြံသတ်ဖြတ်ခြင်း တစ်ကြိမ်။
- အောင်လံမြို့နယ်အတွင်း လဝကရုံးအား ဗုံးဖောက်ခွဲမှု တစ်ကြိမ်။
- ကျောက်ပန်းတောင်းမြို့နယ်အတွင်း ပညာရေးမှူးရုံးအား ဗုံးဖောက်ခွဲမှု တစ်ကြိမ်။

သို့ဖြစ်၍ မကွေးတိုင်းဒေသကြီးအတွင်း ဗိုလ်ဿနိုးနယ်မြေ PDF အဖွဲ့ ဖွဲ့စည်း၍ အကြမ်းဖက်လုပ်ရပ်များအား ဦးဆောင်ပြုလုပ်ခဲ့သူ တရားခံဝင်းမြင့်လှိုင်အား ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိမ်းရှောင်ထွက်ပြေးနေသည့် အကြမ်းဖက်သမားများအား ဆက်လက်ဖမ်းဆီးရမိနိုင်ရေးအတွက် မိဘပြည်သူများမှ နီးစပ်ရာလုံခြုံရေးအဖွဲ့အစည်းများသို့ လျှို့ဝှက်စွာ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သက်ဆိုင်ရာက အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

**❒ အကြမ်းဖက်အဖွဲ့များမှ**
အကြောင်းမဲ့ ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်းများလုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ကျန်းမာရေးဝန်ထမ်း သုံးဦး သေဆုံးခဲ့ရပြီး ရှစ်ဦး ဒဏ်ရာရခဲ့မှုများကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

## ၁-၂-၂၀၂၂ ရက်မှ ၁၅-၁၁-၂၀၂၂ ရက်ထိ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးသည့် ကျန်းမာရေးဝန်ထမ်းများစာရင်း


| စဉ် | ရက်စွဲ | တိုင်း/ပြည်နယ် | မြို့နယ် | အမည် | အလုပ်အကိုင် | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၃၁-၅-၂၀၂၂ | မကွေး | ဂန့်ဂေါ | ဒေါ်သီတာဝင်း | ဆေးရုံလုပ်သားသန့်ရှင်းရေးဝန်ထမ်း မြောက်ခင်ရန်း တိုက်နယ်ဆေးရုံ | ဂန့်ဂေါမြို့နယ် ဂန့်ဂေါ-ကလေးကားလမ်း မိုင်တိုင်(၃၂)အနီး ရဲလှကျေးရွာ လမ်းခွဲ၌ တူမီးသေနတ်ကိုင်ဆောင်ထားသည့် အကြမ်းဖက်သူများက မော်တော်ယာဉ်အား တားဆီး၍ ယာဉ်ပေါ်ပါလာသူများအား သေနတ်ဖြင့် ပစ်ခတ်ကာ မော်တော်ယာဉ်နှင့်အတူ မီးရှို့သတ်ဖြတ်ခံရမှု။ | |
| ၂ | ၂-၁၁-၂၀၂၂ | မကွေး | ဆော | ဒေါ်မိန်းမန်းကီးရောင် တောင့်တက်ကျေးရွာ၊ ဆောမြို့နယ် | သားဖွားဆရာမ တောင့်တက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ | တောင့်တက်ကျေးရွာနေ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်း ၂ ဦးအား အကြမ်းဖက်အုပ်စု PDF အဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ပြီး ချောင်းအတွင်းသို့ မျှောချခဲ့မှု။ | |
| ၃ | ၂-၁၁-၂၀၂၂ | မကွေး | ဆော | ဒေါ်ဇင်လှလှငယ် တောင့်တက်ကျေးရွာ၊ ဆောမြို့နယ် | သားဖွားဆရာမ တောင့်တက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ | တောင့်တက်ကျေးရွာနေ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးဝန်ထမ်း ၂ ဦးအား အကြမ်းဖက်အုပ်စု PDF အဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ပြီး ချောင်းအတွင်းသို့ မျှောချခဲ့မှု။ | |

## ၁-၂-၂၀၂၂ ရက်မှ ၁၅-၁၁-၂၀၂၂ ရက်ထိ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသည့် ကျန်းမာရေးဝန်ထမ်းများစာရင်း

| စဉ် | ရက်စွဲ | တိုင်း/ပြည်နယ် | မြို့နယ် | အမည် | အလုပ်အကိုင် | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ၃၁-၅-၂၀၂၂ | ပဲခူး | ကျောက်တံခါး | ဦးဖိုးငို | တောကျွဲအင်းမြို့ တိုက်နယ်ဆေးရုံ သန့်ရှင်းရေးဝန်ထမ်း | ကျောက်တံခါးမြို့နယ် တောကျွဲအင်းမြို့ တိုက်နယ်ဆေးရုံ၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ၁ လုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၂။ | ၃၁-၅-၂၀၂၂ | မကွေး | ဂန့်ဂေါ | သိန်းဇော်ဦး | ဟံသာဝတီတိုက်နယ် ဆေးရုံအထွေထွေလုပ်သား | ဂန့်ဂေါမြို့နယ် ဟံသာဝတီတိုက်နယ်ဆေးရုံ၌ အမှိုက်ပုံးအတွင်းမှ လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၃။ | ၂၄-၆-၂၀၂၂ | စစ်ကိုင်း | စစ်ကိုင်း | ဒေါ်မော်မော်သန်း | သူနာပြု | စစ်ကိုင်းမြို့နယ်၊ စာရေးကျေးရွာလမ်းခွဲအနီး၌ အကြမ်းဖက်သမားများက မော်တော်ဆိုင်ကယ်အား လုယူပြီး ဓားဖြင့်ခုတ်မှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၄။ | ၂၉.၈.၂၀၂၂ | မန္တလေး | မတ္တရာ | ဦးကျော်သူဦး | ကပိုင်ကျေးရွာကျေးလက် ကျန်းမာရေးဆေးပေးခန်း ကျန်းမာရေးမှူး | ကန်ပိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၌ အကြမ်းဖက်သူများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၅။ | ၂၅-၁၀-၂၀၂၂ | မွန် | ကျိုက်ထို | ဦးအောင်မြတ်ထွန်း | ဝါးဒက်ကွင်းကျေးရွာ ကျန်းမာရေးဆေးပေးခန်း ကျန်းမာရေးမှူး | အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်၍ လက်နက်ငယ်ဖြင့် ပစ်ခတ်ထွက်ပြေးမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၆။ | ၄-၁၁-၂၀၂၂ | ရန်ကုန် | မရမ်းကုန်း | ဒေါ်သိမ့်အောင်သူ | ဒေါက်တာ | မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ တေးနယဉ်လမ်း အမှတ်(၂၆/အေ/G-1)နေအိမ်ရှေ့၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၇။ | ၅-၁၁-၂၀၂၂ | စစ်ကိုင်း | တမူး | ဦးမျိုးလွင် | တမူးပြည်သူ့ဆေးရုံ ကျန်းမာရေးမှူးအဆင့်(၄) | တမူးမြို့နယ်၊ ရန်လင်းဖိုင်ကျေးရွာထိပ်၌ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၈။ | ၁၆-၁၁-၂၀၂၂ | ရန်ကုန် | တိုက်ကြီး | သက်သက်မာ | (ဥက္ကံပြည်သူ့ဆေးရုံ၊ သန့်ရှင်းရေးဝန်ထမ်း) | တိုက်ကြီးမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်ရှိ ခရစ်ယာန်ကျောင်းရှေ့၌ ဆိုင်ကယ်မောင်းနှင်လာသော အကြမ်းဖက်သမား ၁ ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးမှုကြောင့် ဒဏ်ရာရရှိမှု။ | |

## ၁-၂-၂၀၂၂ ရက်မှ ၁၅-၁၁-၂၀၂၂ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရ/သေဆုံးခဲ့သည့် ကျန်းမာရေးဝန်ထမ်းစာရင်း

| စဉ် | တိုင်း/ပြည်နယ် | ဒဏ်ရာရ | | | | | သေဆုံး | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | မြို့နယ် | ဆရာဝန် | ကျန်းမာရေးမှူး/သူနာပြု/သားဖွား | ဝန်ထမ်း | စုစုပေါင်း | မြို့နယ် | ကျန်းမာရေးမှူး/သူနာပြု/သားဖွား | ဝန်ထမ်း | စုစုပေါင်း |
| ၁ | စစ်ကိုင်း | ၂ | | ၂ | | ၂ | | | | |
| ၂ | ပဲခူး | ၁ | | | ၁ | ၁ | | | | |
| ၃ | မကွေး | ၁ | | | ၁ | ၁ | ၂ | ၂ | ၁ | ၃ |
| ၄ | မန္တလေး | ၁ | | ၁ | | ၁ | | | | |
| ၅ | မွန် | ၁ | | ၁ | | ၁ | | | | |
| ၆ | ရန်ကုန် | ၂ | ၁ | | ၁ | ၂ | | | | |
| | စုစုပေါင်း | ၈ | ၁ | ၄ | ၃ | ၈ | ၂ | ၂ | ၁ | ၃ |



ကျောက်တံခါးမြို့နယ် တောကျွဲအင်းတိုက်နယ်ဆေးရုံ၌ လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ဆေးရုံမှ သန့်ရှင်းရေးဝန်ထမ်း အမျိုးသားတစ်ဦး ဒဏ်ရာရရှိမှု။



ကျိုက်ထိုမြို့နယ်၌ အကြမ်းဖက်သူများက လက်လုပ်မိုင်း/လက်နက်ငယ်ဖြင့် ပစ်ခတ်မှုကြောင့် ကျန်းမာရေးဝန်ထမ်း အမျိုးသားတစ်ဦး ဒဏ်ရာရရှိမှု။

အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ့အကျိုးတာဝန်ထမ်းဆောင်နေသောဝန်ထမ်းကောင်းများကို ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

## ၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်အထိ အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည့် ပညာရေးဝန်ထမ်းများစာရင်း

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | မြို့နယ် | အမည် | အလုပ်အကိုင် | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၃၀-၅-၂၀၂၁ | မကွေး | ဂန့်ဂေါ | ဒေါ်ခင်မျိုးသက် | အလယ်တန်းပြ | ဂန့်ဂေါမြို့နယ် ဂန့်ဂေါ-ကလေးကားလမ်း မိုင်တိုင်(၃၂)အနီး ရဲလှကျေးရွာလမ်းခွဲ၌ အကြမ်းဖက်သမားများက မော်တော်ယာဉ်အား တားဆီး၍ သေနတ်ဖြင့် ပစ်ခတ်မီးရှို့ သတ်ပစ်ခဲ့မှုကြောင့် သေဆုံး။ | |
| ၂ | ၃-၁၀-၂၀၂၁ | မန္တလေး | ငါန်းဇွန် | ဦးအောင်သီဟ | ကျောင်းဆရာ | ဆင်ဖြူကုန်းကျေးရွာ၌ အကြမ်းဖက်သမား သုံးဦးက နေအိမ်အတွင်းသို့ ဝင်ရောက်ပြီး သေနတ်ဖြင့်ပစ်ခတ်မှုကြောင့်သေဆုံး။ | |
| ၃ | ၆-၁၀-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ဦးရန်နိုင်စိုး | ပညာရေးဝန်ထမ်း (အထွေထွေလုပ်သား) | အင်ပင်လှ ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ ယုံသာ-မောက္ကတော်ကျေးရွာချင်းဆက် လမ်းဘေးတောစပ်၌ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ပြီး သတ်ဖြတ်မှုကြောင့် သေဆုံး။ | |
| ၄ | ၆-၁၀-၂၀၂၁ | မန္တလေး | ပြည်ကြီးတံခွန် | ဦးဇော်မင်း | အထက(၃၁) ကျောင်းစောင့် | မြဝတီလမ်းနှင့် ၅၉ လမ်းထောင့် (ဃ) ရပ်ကွက်လမ်းပေါ်၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံး။ | |
| ၅ | ၇-၁၀-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ဒေါ်ခင်ဆွေမြင့် | ကျောင်းအကူ | မင်းကင်းမြို့ ပေါက်အိုင်ကျေးရွာ၌ အကြမ်းဖက်သမားများက နေအိမ်အတွင်းဝင်ရောက်၍ တူမီးသေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံး။ | |
| ၆ | ၁၈-၁၀-၂၀၂၁ | စစ်ကိုင်း | အရာတော် | ဦးကျော်ဖြိုး | ကျောင်းဆရာ (မူ/အုပ်) | မကျီးစုကျေးရွာ ရေကျော်တံတားအနီး၌ အကြမ်းဖက်သူများက သတ်ဖြတ်မှုကြောင့် သေဆုံး။ | |
| ၇ | ၁၈-၁၀-၂၀၂၁ | စစ်ကိုင်း | ယင်းမာပင် | ဒေါ်သွဲ့သွဲ့ဝင်း | ကျောင်းဆရာမ (မူလွန်) | နဘူးတောကျေးရွာ၌ အကြမ်းဖက်သမားများက နေအိမ်အတွင်းဝင်ရောက်၍ တူမီးသေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံး။ | |
| ၈ | ၁၈-၁၀-၂၀၂၁ | ပဲခူး | ရေတာရှည် | ခင်မောင်ဦး | ဥယျာဉ်မှူး ကျောင်းညစောင့် | ဆွာမြို့ ဥယျာဉ်မှူးကျေးရွာ၏ အနောက်ဘက် ၁ မိုင်ခန့်အကွာရှိ လယ်ကွင်း၌ အကြမ်းဖက်သမား ၁ ဦးက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံး။ | |
| ၉ | ၂၁-၁၀-၂၀၂၁ | မန္တလေး | မြင်းခြံ | ဦးကျော်မျိုး | မူလတန်းပြ | ထိန်ပင်ကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်/ ဓားဖြင့်ခုတ်မှုကြောင့် သေဆုံး။ | |
| ၁၀ | ၅-၁၁-၂၀၂၁ | ရန်ကုန် | မြောက်ဥက္ကလာပ | ဒေါ်လှလှသန်း | ကျောင်းဆရာမ (အထက်တန်းပြ) | မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် သုဓမ္မာလမ်းနှင့် နှယ်နီလမ်းထိပ်တွင် (အထက-၂ ဒဂုံအရှေ့)မှ နေအိမ်မှ ကျောင်းသို့ TAXI ဖြင့်သွားရောက်စဉ် သုဓမ္မာလမ်း SB BABY ကလေး ပစ္စည်းအရောင်းဆိုင်ရှေ့ လမ်းအပေါ်ကြောအရောက်၌ အကြမ်းဖက်သမားတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် သေဆုံးမှု။ | |
| ၁၁ | ၁၁-၁၁-၂၀၂၁ | မန္တလေး | ဝမ်းတွင်း | ဒေါ်စိန်ကြည် | ကျောင်းဆရာမ (မူ/အုပ်) | ဝမ်းတွင်းမြို့နယ် သုံးထောင့်အိုင် ကျေးရွာအုပ်စု ကျင်းကျေးရွာ၌ အကြမ်းဖက်သမားများက နေအိမ်အတွင်းသို့ ဝင်ရောက်၍ သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားမှုကြောင့် သေဆုံးမှု။ | |
| ၁၂ | ၁၅-၁၁-၂၀၂၁ | မကွေး | မြိုင် | ဒေါ်စန္ဒာရွှေ | အထက(မင်းကန်) ကျောင်းစာရေး | မြိုင်မြို့နယ် မင်းကန်ကျေးရွာ၌ အကြမ်းဖက်သမားများက နေအိမ်အတွင်းသို့ ဝင်ရောက်၍ သေနတ်ဖြင့် ပစ်ခတ်၊ ဓားဖြင့်ခုတ်မှုကြောင့် သေဆုံးမှု။ | |

## ၁-၂-၂၀၂၁ ရက်မှ ၁၅-၁၁-၂၀၂၁ ရက်အထိ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ပညာရေးဝန်ထမ်းများစာရင်း

| စဉ် | ရက်စွဲ | တိုင်း/ ပြည်နယ် | မြို့နယ် | အမည် | အလုပ်အကိုင် | ဖြစ်စဉ်အကျဉ်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၇-၄-၂၀၂၁ | မန္တလေး | ပုသိမ်ကြီး | ဦးဝင်းမင်းထွန်း | ဒုမြို့နယ် ပညာရေးမှူး | ပုသိမ်ကြီးမြို့နယ် အိုင်ကြီးကျေးရွာအနီး၌ အကြမ်းဖက်သမားများက ဆိုင်ကယ်အား လုယူပြီး ဓားဖြင့်ခုတ်မှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၂ | ၃-၆-၂၀၂၁ | ဧရာဝတီ | ပန်းတနော် | ဒေါ်မိုးမိုးဝင်း | မူလတန်းပြ | ပန်းတနော်မြို့နယ် ရေလဲကြီးကျေးရွာရှိ ကျောင်းအတွင်းသို့ အကြမ်းဖက်သမားတစ်ဦးက ဓားဖြင့် ဝင်ရောက်ရမ်းကားမှုအား တားဆီးခဲ့ရာမှ ဒဏ်ရာရရှိမှု။ | |
| ၃ | ၄-၆-၂၀၂၁ | ပဲခူး | နတ်တလင်း | ဦးဝဏ္ဏစည်သူ | ကျောင်းအုပ် | နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အမက(မူလွန်) ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၄ | ၄-၆-၂၀၂၁ | ပဲခူး | နတ်တလင်း | ဦးဇော်ဇော် | လယ်ပြ | နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အမက(မူလွန်) ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၅ | ၄-၆-၂၀၂၁ | ပဲခူး | နတ်တလင်း | ဒေါ်ချစ်ဒေဝီစံ | လယ်ပြ | နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အမက(မူလွန်) ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၆ | ၄-၆-၂၀၂၁ | ပဲခူး | နတ်တလင်း | ဦးအောင်ကျော်ဇင် | မူပြ | နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အမက(မူလွန်) ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၇ | ၄-၆-၂၀၂၁ | ပဲခူး | နတ်တလင်း | ဦးအေးမြတ်ကို | မူပြ | နတ်တလင်းမြို့နယ် စမ်းကြီးကျေးရွာရှိ အမက(မူလွန်) ကျောင်းဝင်းအတွင်း၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၈ | ၄-၆-၂၀၂၁ | စစ်ကိုင်း | ခင်ဦး | ဒေါ်ဆွေဆွေသန်း | ကျောင်းဆရာမ | ခင်ဦးမြို့နယ် သရက်ကန်ကျေးရွာထိပ်တွင် အကြမ်းဖက်သမားများက တူမီးသေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၉ | ၂၂-၆-၂၀၂၁ | ကချင် | မိုးမောက် | ဦးဇော်ဦး (ခ)မောင်ဦး | ကျောင်းသန့်ရှင်းရေး ဝန်ထမ်း | မိုးမောက်မြို့ ခါနန်ရပ်ကွက်ရှိ အထက (ခါနန်)၌ စာသင်ကြားနေစဉ် အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့မှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၁၀ | ၂၄-၆-၂၀၂၁ | မန္တလေး | ညောင်ဦး | ဒေါ်လွင်လွင်ဖြိုး | ကျောင်းအုပ်ဆရာမ | အကြမ်းဖက်သမား သုံးဦးက ချွန်ထက်သောအရာဖြင့် ဝိုင်းဝန်းထိုးခဲ့သောကြောင့် ဒဏ်ရာရရှိမှု။ | |
| ၁၁ | ၂၈-၈-၂၀၂၁ | မန္တလေး | မတ္တရာ | ဒေါ်ဖြူဖြူသက် | လက်ထောက် ကထိက | မတ္တရာမြို့နယ် ကန်ပိုင်ကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှေ့တွင် အကြမ်းဖက်သမားများ ပစ်ပေါက်ဖောက်ခွဲခဲ့သည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၁၂ | ၂၈-၉-၂၀၂၁ | စစ်ကိုင်း | ဆားလင်းကြီး | ဦးတင်စိုး | မူလတန်းပြ | ဆားလင်းကြီးမြို့နယ်၊ ဖောင်းကတာကျေးရွာ စာသင်ကျောင်းဝင်းအတွင်းရှိ နေအိမ်အတွင်းသို့ အကြမ်းဖက်သမားများက သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိမှု။ | |
| ၁၃ | ၃-၁၀-၂၀၂၁ | မန္တလေး | ငါန်းဇွန် | ဒေါ်မြသန်းငွေ | ကျောင်းဆရာမ | ဆင်ဖြူကုန်းကျေးရွာရှိ နေအိမ်အတွင်းသို့ ဝင်ရောက်၍ သေနတ်ဖြင့် ပစ်ခတ်၊ ဓားဖြင့် ခုတ်၍ ဒဏ်ရာရရှိမှု။ | |
| ၁၄ | ၃၀-၁၀-၂၀၂၁ | မကွေး | ပေါက် | မနုငြိမ်းဝေ | အထက(ခွဲ)(ဆင်ဆာ) (မူပြ) | ပေါက်မြို့နယ် အောင်ချမ်းသာရပ်ကွက် ရာအိမ်မှူး ဦးခင်မောင်ဟန် ၏ နေအိမ်သို့ အကြမ်းဖက်သမားများက ပစ်ပေါက်ဖောက်ခွဲမှုကြောင့် ဒဏ်ရာရရှိခဲ့မှု။ | |
| ၁၅ | ၁၃-၁၁-၂၀၂၁ | စစ်ကိုင်း | မင်းကင်း | ဦးသန်းလင်း | မူလွန်(ကူလဲ အနောက်ကျေးရွာ) | မင်းကင်းမြို့နယ် ကူလဲအနောက်ကျေးရွာ၏ ကြက်ချောင်တော နွားစားကျက်၌ အကြမ်းဖက်သမားများက တူမီးသေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့မှု။ | |

# ဆိုရှယ်မီဒီယာပေါ်မှ ဝါဒဖြန့်ကောလာဟလသတင်းတုပြဿနာ

**မေယု-မျိုးအောင် (MANA)**

မျက်မှောက်ကာလ၏ သတင်းအချက်အလက်ဖွံ့ဖြိုးမှုများမှာ မယုံကြည်နိုင်လောက်အောင်ပင်ဖြစ်သည်။ ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပျက်နေသောသတင်းအချက်အလက်များကို မိမိတို့နေအိမ်မှ မိနစ်ပိုင်းအတွင်း သိမြင်နေကြရသည်။ သတင်းအချက်အလက်စီးဆင်းမှု မြန်ဆန်လာသည်နှင့်အမျှ ဆက်သွယ်ရေးနည်းပညာများကို စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၌ တွင်ကျယ်စွာအသုံးချနိုင်မှုကြောင့် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ထွန်းကားလာသည်။ သတင်းအချက်အလက်နည်းပညာသည် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ဖြစ်လာသည်။ ဒစ်ဂျစ်တယ်မီဒီယာပလက်ဖောင်းများ ဖွံ့ဖြိုးလာသဖြင့် ပုံနှိပ်သတင်းများ တဖြည်းဖြည်းမှေးမှိန်လာရသည်။ ဆိုရှယ်မီဒီယာဆက်သွယ်ရေး ကြားခံကိရိယာများသည် လူ့အသိုင်းအဝိုင်းတွင် မရှိမဖြစ်အသုံးအဆောင်ပစ္စည်းတစ်ခုအဖြစ် အရေးပါလာသည်။ ကိုဗစ်ကပ်ရောဂါကာလအတွင်း တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးနေထိုင်ကြရသည့်ဖြစ်စဉ်တို့ကြောင့် e-Commerce လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းနေသည်။ နည်းပညာက ကမ္ဘာကြီးတစ်ခုလုံးကို ပေါင်းစည်းပေးလိုက်ခြင်းဖြစ်သည်။

## ဖေ့စ်ဘွတ်၏သက်တမ်းမှာ ၁၇ နှစ်ကျော်

၂၀၀၄ ခုနှစ်တွင် ကမ္ဘာသုံးအွန်လိုင်းမီဒီယာပလက်ဖောင်းတစ်ခုအဖြစ် စတင်ခဲ့သော ဖေ့စ်ဘွတ်၏သက်တမ်းမှာ ၁၇ နှစ်ကျော်ခဲ့ပြီဖြစ်၍ အချိန်ယူခဲ့ပြီးသည့် ကုမ္ပဏီတစ်ခုဟု ဆိုနိုင်သည်။ နည်းပညာအခြေပြုကုမ္ပဏီတစ်ခုပီပီ သက်တမ်းနုနယ်သော်ငြား အောင်မြင်မှုက ကြီးမားသည်။ ကမ္ဘာတွင် လူသိအများဆုံး၊ တန်ဖိုးအမြင့်ဆုံး အမှတ်တံဆိပ်များတွင် ထိပ်ကနေရာယူထားနိုင်သည်။ သုံးစွဲသူပုဂ္ဂလိက တစ်ယောက်ချင်း၊ ကိုယ်စားပြုတစ်ဖွဲ့ချင်း၏အမှတ်အသား သရုပ်လက္ခဏာ (Idendity) များကို ဖော်ပြလျှင် ဖော်ပြသလောက် မြင်ခွင့်သိခွင့်ရကြသကဲ့သို့ ထိုအချက်အလက်များကို လိုက်ကြည့်ရင်း ထိုးနှက်ချက်အမျိုးမျိုးကို လုပ်ဆောင်နိုင်သောသဘောသဘာဝရှိသည့်အတွက် ယခုဆယ်စုနှစ်အတွင်း ဖေ့စ်ဘွတ်ကို အခြေပြုလျက် ပေါ်ပေါက်ခဲ့သည့်ပြဿနာမှာ ထုထည်ကြီးမားသည်။

လူငယ်များ တက်တက်ကြွကြွလုပ်ကိုင်ပါမှ တိုင်းပြည်ကြီးသည် တိုးတက်မှုများနှင့် ရုပ်လုံးကြွနေမည်ဖြစ်သည်။ တိုင်းပြည်၏ အနာဂတ်ပိုင်ရှင်လေးများ ကောင်းမွန်စွာကြီးပြင်းလာရန်အတွက် လူသားတိုင်းတွင် တာဝန်ရှိသည်။ လူငယ်ဆိုသည့်အတိုင်း အရာရာတွင်တက်တက်ကြွကြွရှိနေဖို့လည်း လိုအပ်သည်။ လက်ကိုင်ဖုန်းသည် ဆက်သွယ်အသုံးပြုရာတွင် လွယ်ကူပြီး အခြားသောဖေ့စ်ဘွတ်၊ မက်ဆင်ဂျာ၊ ဗိုက်ဘာ စသည်များဖြင့် စာပို့စာပြန်လုပ်ရန် အကောင်းဆုံးသော လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ သတင်းအချက်အလက်များနှင့် စာပေများကို ရှာဖွေလေ့လာဆည်းပူးရာတွင်လည်း လွယ်ကူလွန်းသည်။ ဗီဒီယို၊ တေးသီချင်း၊ ဂိမ်းစသည်တို့ ကြည့်ရှုရာတွင်လည်း အခက်အခဲမရှိ လွယ်ကူသည်။ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ကောင်းသောအချက်များရှိသကဲ့သို့ မကောင်းသောအချက်များလည်း အများအပြားရှိသည်။

ဖေ့စ်ဘွတ်အမှုဆောင်အရာရှိချုပ် (စီအီးအို) မာ့ခ်ဇူကာဘတ်သည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့က ဖေ့စ်ဘွတ်ကုမ္ပဏီနာမည်ကို Meta ဟုပြောင်းလိုက်ကြောင်း ကြေညာလိုက်သည်။ မိမိတို့တည်ဆောက်မည့်အနာဂတ်ကို ပုံရိပ်ထင်စေမည်ဖြစ်ကြောင်း၊ အခုတော့ မိမိတို့၏ကုမ္ပဏီသည် Meta ဖြစ်သွားပြီဟု ဂုဏ်ယူစွာဖြင့် မျှဝေလိုက်ကြောင်း ဇူကာဘတ်က ပြောသည်။ Meta ၏ ဦးတည်ရာပန်းတိုင်သည် Metaverse ကို လူမှုဘဝထဲ ဆောင်ကြဉ်းလာရန်နှင့် ပြည်သူများကို တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုများလုပ်ဆောင်နိုင်ရန်၊ လူမှုအသိုက်အဝန်းများအလိုက် တူရာအုပ်စုများကို ရှာဖွေနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုကြီးထွားလာစေရန်ဖြစ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

## သုံးဖက်မြင် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ကမ္ဘာကြီးဆီသို့

Metaverse ကို ယနေ့အွန်လိုင်းလူမှုရေး အတွေ့အကြုံများ ပေါင်းစပ်ထားသကဲ့သို့ ခံစားအသုံးပြုနိုင်မည်ဖြစ်ပြီး တစ်ခါတစ်ရံတွင် သုံးဖက်မြင် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာကမ္ဘာကြီးဆီသို့ ရောက်သွားသလို ခံစားအသုံးပြုနိုင်ရန် ထပ်မံတိုးချဲ့ထားကြောင်း သိရသည်။ မိမိတို့အနေဖြင့် တစ်ဦးနှင့်တစ်ဦး အတူတကွမရှိချိန်တွင် များပြားလှသောအတွေ့အကြုံများကို ဝေမျှနိုင်မည်ဖြစ်သည်။ ထို့အပြင် လက်တွေ့ဘဝတွင် လုပ်နိုင်ရန်မသေချာသည့် ကိစ္စရပ်များကိုလည်း အတူတကွလုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ လူမှုရေးဆိုင်ရာ နည်းပညာတိုးတက်ပြောင်းလဲမှုဖြစ်ကြောင်းနှင့် ကုမ္ပဏီအနေဖြင့် သမိုင်းတစ်ခေတ်ဆန်းသစ်လိုက်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

Wall Street က အစီရင်ခံသော ဖေ့စ်ဘွတ်၏ အတွင်းရေးအချက်အလက်များအရ မဏ္ဍဆီကန်မှုးယစ်အဖွဲ့ကြီးများ၏ လှုပ်ရှားမှုများအပေါ် ပိတ်ဆို့တားဆီးမှု မပြုနိုင်ခြင်း၊ အရှေ့အလယ်ပိုင်းရှိ လူကုန်ကူးမှုများ၏ နှီးနှောဖလှယ်ရာအဖြစ် ရောက်ရှိခြင်းနှင့် အီသီယိုးပီးယားရှိ လူမျိုးစုပုန်ကန်ထကြွမှုများ ကြီးထွားလာစေခြင်းတို့မှာ မြင်သာထင်သာပြဿနာများဖြစ်သည်။ အင်တာနက်ဆိုသည်မှာ ဖေ့စ်ဘွတ်ဟုသာ လေ့နံ့ခေါ်ထစ်မှတ်ယူကြသော ဉာဏ်ခံအသိရှိကြသည်။ ဖေ့စ်ဘွတ်နှင့်ပတ်သက်၍ တစ်ကမ္ဘာလုံး၌ စီစီညံညံပြဿနာပေါ်နေသည်မှာ ဤတစ်ကြိမ်က ပထမဦးဆုံးအကြိမ် မဟုတ်ပေ။ သက်သေအထောက်အထားမပြနိုင်သော စွပ်စွဲချက်များဖြင့် သီရိလင်္ကာ၌ မွတ်စလင်ဆန့်ကျင်ရေးအုံကြွမှုတို့မှာ ထိုဖေ့စ်ဘွတ်ပလက်ဖောင်းကို သုံးစွဲပြီး ပြဿနာကို ပိုကြီးအောင်လုပ်ခဲ့ကြသည်ဟု ဆိုသည်။ တစ်ဖန် ၂၀၁၈ ခုနှစ် ဘရာဇီးသမ္မတရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားမှုများတွင်လည်း Whats App ကို အသုံးပြုလျက် သတင်းတုဝါဒဖြန့်မှုများ အကြီးအကျယ်ပတ်သက်မှုရှိခဲ့သည်ဟု သိရသည်။

မြန်မာနိုင်ငံသားတစ်ဦးသည် တစ်နေ့လျှင် ဖေ့စ်ဘွတ်ကို ၁၄၄ မိနစ်သုံးစွဲသည်ဟု စစ်တမ်းများကဆိုသည်။ နေ့စဉ် ၁၄၄ မိနစ် ဖေ့စ်ဘွတ်သုံးသည့်အတွက် မိမိဘဝဖွံ့ဖြိုးတိုးတက်မှု ထူးထူးခြားခြားဖြစ်သလားဟု မိမိကိုယ်မိမိ မေးခွန်းထုတ်ကြည့်စေချင်သည်။ ၁၄၄ မိနစ်တွင် မိနစ် ၆၀ က အကျိုးမရှိဟုဆိုလျှင် မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲသူ ၂၈ ဒသမ ၇ သန်းက နေ့စဉ် နာရီပေါင်း ၂၈ ဒသမ ၇ သန်း ကို ဖြုန်းပစ်လိုက်ခြင်းဖြစ်သည်။ နာရီ ၂၈ ဒသမ ၇ သန်း၏ကာယ၊ ဉာဏစွမ်းအားသည် တိုင်းပြည်တိုးတက်မှုကို များစွာဖြစ်စေနိုင်သည်။ ဖေ့စ်ဘွတ်အကောင့်တစ်ခုမကရှိခြင်း သို့မဟုတ် ဖေ့စ်ဘွတ်အကောင့်အတုများကြောင့် မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲသည့်ရာခိုင်နှုန်းများနေခြင်းလည်း ဖြစ်နိုင်သည်။

> **ကောလာဟလများကို လူမှုမီဒီယာများက ပိုမိုလျင်မြန်စွာနှင့် ပုံသဏ္ဌာန်မကျစွာ ဖြန့်ချိပေးသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် သတင်းတစ်ရပ် သို့မဟုတ် အမြင်တစ်ရပ်ကို မှန်မမှန်၊ ကောင်းမကောင်း သိရှိခြင်းမရှိဘဲ အွန်လိုင်း၌ တွေ့ရှိရသည့်အခါ တစ်ဆင့်ဖြန့်ချိလိုက်တတ်ကြသည်။ ကောလာဟလများနှင့် သတင်းမှားများဖြန့်ချိခြင်းသည် ယခုကဲ့သို့ အင်တာနက်ခေတ်စားလာပြီး လူမှုမီဒီယာများတွင်ကျယ်လာချိန်တွင် လူမှုမီဒီယာများသည် ကောလာဟလများ အကြီးအကျယ်ထုတ်လုပ်ဖြန့်ချိရာနေရာလည်းဖြစ်လာသည်။ အွန်လိုင်းတွင် အီလက်ထရွန်နစ်နည်းအရ ကောလာဟလများကို ကိုင်တွယ်၊ ထိန်းချုပ်၊ ဖြန့်ချိ၊ စောင့်ကြည့်မှုများက နိုင်ငံရေးကစားကွက်များဖြစ်လာပြီး နိုင်ငံရေးအခင်းအကျင်းများကို ပြောင်းလဲစေနိုင်**

## ဖေ့စ်ဘွတ်အကောင့်အတုပေါင်း သန်း ၁၃၀၀

၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ် မတ်လအထိ ကမ္ဘာပေါ်ရှိ ဖေ့စ်ဘွတ်အကောင့်အတုပေါင်း သန်း ၁၃၀၀ ကို ဖြုတ်ချခဲ့ရသည်ဟု ဖေ့စ်ဘွတ်က ဆိုသည်။ မဖြုတ်ချနိုင်သည့် ဖေ့စ်ဘွတ်အကောင့်အတု များစွာရှိနေဦးမည်ကို ယုံကြည်သည်။ ဖေ့စ်ဘွတ်သုံးစွဲသူအများစုသည် ညဘက်တွင် ဖေ့စ်ဘွတ်ပေါ်မှ အမုန်းစကားဆိုခြင်း၊ တိုက်ခိုက်ခြင်း၊ မမှန်သတင်းများကို တစ်ခုပြီးတစ်ခုကြည့်ခြင်းဖြင့်သာ အချိန်ကုန်လွန်ကြသည်။ အချိန်ကုန်မှန်းမသိ ကုန်သွားသဖြင့် ညမိုးချုပ်မှ အိပ်ရာဝင်ရသည်။ ညက အိပ်ရေးပျက်သဖြင့် မနက်နောက်ကျမှ အိပ်ရာကနိုးသည်။ မနက်အိပ်ရာနိုးသည်နှင့် ခုတင်ဘေးကဖုန်းကို ကောက်ကိုင်ပြီး ဖေ့စ်ဘွတ်ပွတ်ကြသည်။

မျက်မှောက်ကာလတွင် လူသားများအားလုံးသည် နည်းပညာများဖွံ့ဖြိုးနေသော သတင်းအချက်အလက်ခေတ်တွင် နေထိုင်နေကြရသည်။ နည်းပညာနယ်ပယ်တွင် ရင်းမြစ်မျိုးစုံမှလာသော သတင်းအချက်အလက်များကို ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းနိုင်ပြီး သိုလှောင်နိုင်သည့်စွမ်းရည်များလည်း တိုးတက်လာသည်။ လူသားများအားလုံးသည် နေ့စဉ်နှင့်အမျှ သတင်းများနှင့် ရင်းနှီးကျွမ်းဝင်နေကြရပြီး အရွယ်အစားအမျိုးမျိုးရှိသော မီဒီယာများ၊ စီးပွားရေးဆိုင်ရာကုမ္ပဏီများသည်လည်း မိမိတို့အဖွဲ့အစည်းအတွက် သတင်းအချက်အလက်များကို ရှာဖွေကြရသည်။ ဒစ်ဂျစ်တယ်ရေစီးကြောင်းတွင် စီးမျောနေသောသတင်းများမှာ နေ့စဉ်နှင့်အမျှ စုပြုံနေသဖြင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုနယ်ပယ်သည်လည်း ပို၍ကျယ်ပြန့်လာသည်။

## ကမ္ဘာ့လူဦးရေ၏ ၃ ဒသမ ၉ ဘီလီယံ

နိုင်ငံတကာ ဆက်သွယ်ရေးလုပ်ငန်းသမဂ္ဂ၏ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ပထမဆုံးအကြိမ်ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သော ၃ ဒသမ ၉ ဘီလီယံသည် အင်တာနက်အွန်လိုင်းတွင်ရှိနေကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံရှိ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်ဖြင့် အသုံးပြုနေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း အင်တာနက်သုံးစွဲမှု တဖြည်းဖြည်းတိုးလာနေကြောင်း၊ အင်တာနက်ကိုအသုံးပြုရာ၌ လူအများစုမှာ မိုဘိုင်းဖုန်းများမှတစ်ဆင့် အသုံးပြုလျက်ရှိကြောင်း ဖော်ပြထားသည်။ ဒစ်ဂျစ်တယ်ရေစီးမှ သတင်းများ၏ မှန်ကန်မှု၊ ခိုင်လုံမှု၊ သေချာမှု၊ သတင်းအချက်အလက်များကို စီမံခန့်ခွဲမှုစသည့်ကိစ္စရပ်များမှာ လူသားတို့၏ နေ့စဉ်ဘဝတွင် အရေးပါသည့်ကဏ္ဍဖြစ်လာသည်။

ဒစ်ဂျစ်တယ်ရေစီးကြောင်းမှ ရှာဖွေရရှိသော အချက်အလက်များအနက် အစိတ်အပိုင်းအနည်းငယ်သာ စံနှုန်းပြည့်ဂျာနယ်လစ်ဇင်ကျင့်ဝတ်များနှင့်ကိုက်ညီလေ့ရှိသော်လည်း အများစုမှာ အကျိုးစီးပွားဆိုင်ရာရေးသားမှု၊ ဘက်လိုက်ရေးသားမှု၊ ခိုင်လုံမတိကျမှု၊ အချက်အလက်များ ရောထွေးနေမှု၊ အချက်အလက်မှန်ကန်သည့်တိုင် မူလသတင်းရင်းမြစ်နှင့် များစွာကွာခြားနေမှုတို့ဖြင့် ကြုံတွေ့ရလေ့ရှိသည်။ မြန်မာနိုင်ငံသည် ဒစ်ဂျစ်တယ်ပလက်ဖောင်းအမျိုးမျိုးရှိသည့်အနက် မိုဘိုင်းဖုန်းဖြင့် ဖေ့စ်ဘွတ်သုံးစွဲမှုမှာ အများဆုံးဖြစ်သည်။ Digital 2019 Myanmar အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် လူဦးရေ ၅၄ သန်းရှိသည့်အနက် မိုဘိုင်းဖုန်းသုံးစွဲသူ အရေအတွက်မှာ ၅၆ သန်းကျော်ဖြစ်ပြီး လူဦးရေစုစုပေါင်းရာခိုင်နှုန်းထက် ငါးရာခိုင်နှုန်း ကျော်လွန်အသုံးပြုလျက်ရှိသည်။ အင်တာနက်သုံးစွဲမှု ၂၁ သန်း၊ ဆိုရှယ်မီဒီယာသုံးစွဲမှု ၂၁ သန်းနှင့် မိုဘိုင်းဖုန်းဖြင့် ဆိုရှယ်မီဒီယာသုံးစွဲမှုမှာ ၂၁ သန်းရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲမှုနှုန်းမှာ ၃၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဖေ့စ်ဘွတ်က လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာဘာသာစကားဖြင့် ဖော်ပြသည့်အကြောင်းအရာများကို စစ်ဆေးနိုင်ရန် မြန်မာဝန်ထမ်း ၁၀၀ နီးပါးခန့်ထား၍ သုံးစွဲသူများ ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရေးအတွက် ရှာဖွေစစ်ဆေးကာ ဖော်ထုတ်ရှင်းလင်းမှုများ လုပ်ဆောင်နေရသည်။ ယနေ့ကာလတွင် ဒစ်ဂျစ်တယ်ရေစီးကြောင်းပေါ်မှ သတင်းအချက်အလက်အများအပြားသည် လူတစ်ဦးချင်းစီ၏ ကိုယ်ကျိုးစီးပွားနှင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လိုသည့်အဖွဲ့အစည်းများအတွက် သည်းခြေကြိုက်နေရာဖြစ်နေသည်။ သတင်းမှား၊ သတင်းအတု၊ ကောလာဟလနှင့် ဉာဏဆိုင်ရာ မူပိုင်ခွင့်များကို ချိုးဖောက်ကာ အဆိပ်ရှိသတင်းများကို ဖြန့်ဖြူးရာနေရာဖြစ်လာသည်။ အဖိုးတန်သည့် အချက်အလက်များ သိုမှီးရာနေရာဖြစ်သကဲ့သို့ အလိမ်အညာများ၊ မသေချာမရေရာမှုများနှင့် ပြည့်နှက်နေသောသတင်းအချက်အလက်များ စွန့်ပစ်ရာလည်းဖြစ်လာသည်။ **စာမျက်နှာ ၁၉ သို့** ❊

# ကျောက်ဆည်မြို့၌ ကွမ်းရွက်ဈေး ပြန်လည်မြင့်တက်လာသဖြင့် ကွမ်းစိုက်တောင်သူများ အဆင်ပြေ

**ကျောက်ဆည် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့အတွင်းရှိ ကွမ်းစိုက်တောင်သူများသည် ယခုအခါ ကွမ်းရွက်ဈေးများ ပြန်လည်မြင့်တက်လာသဖြင့် အဆင်ပြေလျက်ရှိကြောင်း သံရွာကျေးရွာ ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

ကွမ်းရွက်ဈေးနှုန်းသည် မိုးရာသီတွင် ဈေးနှုန်းကျဆင်းသော်လည်း ဆောင်းရာသီအဝင်တွင် ဈေးနှုန်းပြန်လည် မြင့်တက်လာသောကြောင့် မိုးရာသီတွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ မှ ၃၀၀၀ အတွင်း ရောင်းချရပြီး ယခုအခါ ငွေကျပ် ၃၅၀၀ မှ ၄၂၀၀ အထိ ဈေးနှုန်းပြန်လည်မြင့်လာကြောင်း သိရသည်။

"အရင်က ကွမ်းစိုက်တောင်သူတွေများတယ်။ ကွမ်းစိုက်မယ်ဆို အရင်းကြီးတယ်။ ကွမ်းခြံကောင်းရင်တော့ အမြတ်လည်းများတယ်။ စိုက်ပြီဆိုတာနဲ့ အလုပ်လည်းများတယ်။ နေ့တိုင်းကြည့်ပေးနေရတာ ဂရုစိုက်မှုနည်းတာနဲ့ အပင်မသန်တော့ဘူး။ အထွက်နှုန်းလည်းကျတယ်။ ကွမ်းရွက်လည်းမလှဘူး။ နှစ်ရှည်လည်း ကွမ်းရွက်ခူးမစားရတော့ဘူး။ အရင်နှစ်က နှစ်ပတ်လည်ကွမ်းရွက်ဈေး မကောင်းတော့ ကွမ်းစိုက်သူတွေက ကွမ်းခြံကိုဂရုစိုက်မှုနည်းပြီး ကွမ်းခြံတော်တော်များ ပျက်ကုန်ကြတယ်။ ဒီနှစ် အခုလမှာတော့ ကွမ်းရွက်ဈေးက



ပြန်မြင့်လာတော့ ကွမ်းခြံရှိသူတွေ ပြန်လည်အဆင်ပြေလာပါတယ်" ဟု ငါးလုံးကုန်းကျေးရွာမှ ကွမ်းစိုက်တောင်သူ ဦးမြင့်သောင်းက ပြောသည်။

ကျောက်ဆည်မြို့နယ်တွင် သံရွာ၊ ညွှန့်ပင်၊ အေးရွာ၊ အရှေ့သပြေသာ၊ မှိုင်းပန်၊ ကုလရွာ၊ ကျားကာ၊ ဈေးရွာ၊ ရဲကြီး၊ ကိုးပင်၊ မြောင်းဦး၊ ပွတ္တိုင်၊ ငါးလုံးကုန်း၊ ပုထိုးတိုင်၊ အနောက်ငယ်တိုးကျေးရွာများတွင် ကွမ်းအများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# လှိုင်ကော်မြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အသင်းသားပြည်သူများသို့ စုဆောင်းငွေပေါ် အတိုးများ ထုတ်ပေး

**လှိုင်ကော် နိုဝင်ဘာ ၂၁**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း လီမိတက်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် အသင်းသားပြည်သူ ၂၁၃၀ အား စုဆောင်းငွေပေါ်အတိုးငွေကျပ် ၅၁၉၆၉၇၅၀၊ အစုပေါ်အမြတ်ငွေကျပ် ၃၅၈၂၅၀၀ ကို အဆိုပါအသင်းရုံးခန်း၌ နိုဝင်ဘာ ၁ ရက်က စတင်၍ အသင်းအမှုဆောင်များနှင့် အသင်းမန်နေဂျာက အသင်းသားပြည်သူများ လက်ဝယ်အရောက် နေ့စဉ် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ် - ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၁-၁၁-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 2 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 3 | Injection- Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 4 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 5 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 6 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 7 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 8 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 9 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 10 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https:// www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**




❊ စာမျက်နှာ ၁၈ မှ

ဆိုရှယ်မီဒီယာသည် နေ့စဉ်လူမှုဘဝတွင် ကြီးမားသည့်အစိတ်အပိုင်းတစ်ခုဖြစ်နေပြီး အဓိက အသုံးပြုသူများမှာ လူငယ်လူရွယ်များ ဖြစ်သည်။ လေ့လာဆန်းစစ်မှုများအရ အင်တာနက်သုံးစွဲသူ လူငယ်လူရွယ်နှင့် ကလေးသူငယ်များ၏ ၄၃ ရာခိုင်နှုန်းသည် အင်တာနက်အနိုင်ကျင့်မှုကို ခံရဖူးကြောင်းနှင့် သုံးစွဲသူလေးဦးအနက် တစ်ဦးသည် အနည်းဆုံးတစ်ကြိမ်ထက်မနည်း အင်တာနက်အနိုင်ကျင့်မှုကို ခံခဲ့ရကြောင်းဆိုထားသည်။ လူငယ်လူရွယ်အချို့သည် အွန်လိုင်းကို သာမန်ထက် အချိန်များစွာရယူသုံးစွဲခြင်းသည် ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်မှုများအတွက် ရေခံမြေခံများဖြစ်ရာ လူငယ်လူရွယ်များအနေဖြင့် ဆိုက်ဘာလုံခြုံမှုကို အလေးထားကြရမည်ဖြစ်သည်။

ဆိုက်ဘာလုံခြုံမှုသည် နိုင်ငံသားများ၏ နေ့စဉ်လူမှုဘဝတွင်သာမက တိုင်းပြည်၏ အကျိုးစီးပွားနှင့် တိုက်ရိုက်ဆက်စပ်နေသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာအသုံးပြုမှု မြင့်မားလာသည်နှင့်အမျှ စမတ်ဖုန်းအသုံးပြု၍ ဒစ်ဂျစ်တယ်အက်ပလီကေးရှင်းများနှင့် ဆိုရှယ်မီဒီယာအသုံးပြုသူ တစ်နေ့တခြားများပြားလာသည်။ အသုံးပြုသူများသည် နည်းပညာနှင့်စပ်လျဉ်းသည့် ကျွမ်းကျင်မှုအားနည်းလေ့ရှိသည်။ မိမိတို့အသုံးပြုနေသော ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများ၏ အချက်အလက်များ မပေါက်ကြားစေရေးအတွက် ကြိုတင်ကာကွယ်ရာ၌ ဆိုက်ဘာလုံခြုံမှုကို အထူးသတိပြုကြရမည်ဖြစ်သည်။

ကောလာဟလကို လူတစ်ဦးမှတစ်ဦးသို့ ပျံ့နှံ့သွားသော အတည်မပြုနိုင်သည့်အကြောင်းအရာ သို့မဟုတ် ရှင်းပြချက်တစ်ရပ်အဖြစ် ရှုမြင်ကြသည်။ လူမှုသိပ္ပံပညာရပ်တွင် ကောလာဟလဟူသည် တိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက်မရှိသည့် စိတ်ကူးထည်တစ်ခုမျှသာဖြစ်သည်။ သီအိုရီအများစုက ကောလာဟလများတွင် မှန်မမှန်ကို လျင်မြန်စွာ သို့မဟုတ် ဘယ်တော့မှ အတည်ပြု၍မရသော ဖော်ပြချက်တစ်မျိုးပါဝင်နေကြောင်း သိရသည်။ အရေးပါသော သင်္ကေတအမှတ်ပညာများကို အသုံးပြုကာ ထင်မြင်ချက်များကို ထိန်းချုပ်ခြင်း သို့မဟုတ် ပို၍ခိုင်မာစွာနှင့် တိကျမှု ပို၍နည်းပါးစွာပြောဆိုခြင်းမျှသာဖြစ်သည်ဟုဆိုသည်။ ဝါဒဖြန့်ချိရေး၌ အဖြစ်အပျက်အကြောင်းအရာများ၊ သတင်းအစီရင်ခံမှုများ၊ ကောလာဟလများ၊ ဓာတ်ပုံများနှင့် အခြားလူမှုဆက်သွယ်ရေးပုံသဏ္ဌာန်များကို အသုံးပြုသည်ဟုဆိုသည်။

ကောလာဟလများကို လူမှုမီဒီယာများက ပိုမိုလျင်မြန်စွာနှင့် ပုံသဏ္ဌာန်မကျစွာ ဖြန့်ချိပေးသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် သတင်းတစ်ရပ် သို့မဟုတ် အမြင်တစ်ရပ်ကို မှန် မမှန်၊ ကောင်း မကောင်း သိရှိခြင်းမရှိဘဲ အွန်လိုင်း၌တွေ့ရှိရသည့်အခါ တစ်ဆင့်ဖြန့်ချိလိုက်တတ်ကြသည်။ ကောလာဟလများနှင့် သတင်းမှားများဖြန့်ချိခြင်းသည် ယခုကဲ့သို့ အင်တာနက်ခေတ်စားလာပြီး လူမှုမီဒီယာများတွင်ကျယ်လာချိန်တွင် လူမှုမီဒီယာများသည် ကောလာဟလများ အကြီးအကျယ်ထုတ်လုပ်ဖြန့်ချိ ရာနေရာလည်းဖြစ်လာသည်။ အွန်လိုင်းတွင် အီလက်ထရွန်နစ်နည်းအရ ကောလာဟလများကို ကိုင်တွယ်၊ ထိန်းချုပ်၊ ဖြန့်ချိ၊ စောင့်ကြည့်မှုများက နိုင်ငံရေးကစားကွက်များဖြစ်လာပြီး နိုင်ငံရေးအခင်းအကျင်းများကို ပြောင်းလဲစေနိုင်သည်။

လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်ကို တက်ကြွစွာ ကာကွယ်လာခဲ့သူအချို့ပင်လျှင် ဆိုးရွားသောသတင်းအချက်အလက်များ ယူကျုံးနှင့် ဖေ့စ်ဘွတ်တို့မှတစ်ဆင့် လျင်မြန်စွာ၊ ဝေးလံစွာနှင့် ထိရောက်စွာပျံ့နှံ့နေမှုသည် ဒီမိုကရေစီ လုပ်ငန်းစဉ်များကို ပုံပျက်ရွဲ့စောင်းသွားစေနိုင်သည်ဟူသော စိုးရိမ်မှုများဖြစ်ပေါ်လာခဲ့သည်။ ကောလာဟလများသည် လူတစ်ဦးချင်း၏ဘဝနှင့် အနာဂတ်မှသည် လူ့အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ဖြစ်တည်မှုနှင့် အနာဂတ်အထိ အကြီးအကျယ် ထိခိုက်ပျက်စီးစေနိုင်လောက်အောင် အန္တရာယ်ကြီးမားသည်ကို အထူးသတိပြုရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ဓမ္မ
ပုံပြင်

# ပညာရှိ အမတ်ကြီး

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

**သမင်ပြဿနာ အဖြေ**

ထို့နောက် သမင်၏ပြဿနာကို ဂါမဏိစန္ဒသည် တင်လျှောက်ပြန်၏။

ထိုအခါ မင်းက... "ထိုသမင် စားသောသစ်ပင်ခြေရင်းရှိ မြက်၏အပေါ်တည့်တည့် သစ်ပင်ပေါ်တွင် ပျားအုံရှိသည်၊ ထိုပျားအုံရှိ ပျားရည်များသည် မြက်ပေါ်သို့ကျသဖြင့် မြက်သည် ချိုမြိန်နေသည်၊ သမင်သည် ချိုမြိန်သောမြက်ကို စားရသဖြင့် အခြားသောအရပ်ရှိ မြက်တို့ကို မစားနိုင်"ဟူ၍ ဖြေကြား၏။

ထိုသို့ ဖြေကြားပြီးလျှင် မင်းက... "အချင်းဂါမဏိစန္ဒ၊ ထိုပျားအုံကိုယူ၍ ငါ့အား ပျားဦးကိုဆက်လော့၊ ကြွင်းသော ပျားရည်ကို သင် သုံးစွဲလော့"ဟု စီရင်၏။

**ခါပြဿနာ အဖြေ**

ထို့နောက် ဂါမဏိစန္ဒသည် ခါ၏ မေးမြန်းချက်ကို တင်လျှောက်ပြန်၏။

မင်းကလည်း... "ထို 'ခါ' တွန်သော တောင်ပို့ခြေရင်းအောက်၌ များစွာသော ဥစ္စာတို့ရှိသည်၊ ထို့ကြောင့် ခါသည် သာယာစွာ တွန်ကျူးခြင်းဖြစ်သည်"ဟူ၍ ဖြေကြား၏။

ထို့နောက် ဂါမဏိစန္ဒအား.. "ထိုဥစ္စာတို့ကို တူးဖော်၍ အသင်ယူလော့"ဟု မိန့်တော်မူသည်။

**ရုက္ခစိုးပြဿနာ အဖြေ**

ထို့နောက် ဂါမဏိစန္ဒသည် ရုက္ခစိုးနတ်၏ ပြဿနာကိုတင်ပြ၏။

ထိုအခါ မင်းက... "ထိုရုက္ခစိုးနတ်သည် ရှေးအခါက တောအုပ်၌ ခရီးသွားသူတို့ကို စောင့်ရှောက်၏။ ထို့ကြောင့် ပူဇော်သက္ကာရများစွာ ရရှိသည်။ ယခု၌ကား စောင့်ရှောက်ခြင်းမပြု။ ထို့ကြောင့်ပူဇော်သက္ကာရတို့မရှိ၊ ရှေးအခါ၌ကဲ့သို့ စောင့်ရှောက်ခြင်းပြုပါမူ ပူဇော်သက္ကာရတို့ ပြန်လည်ရရှိလတ္တံ့" ဟု ဖြေကြားတော်မူ၏။

**နဂါးပြဿနာ အဖြေ**

ထို့နောက် ဂါမဏိစန္ဒသည် နဂါး၏ ပြဿနာကို တင်ပြ၏။

ထိုအခါ မင်းက "ထိုနဂါးမင်းတို့သည် အချင်းချင်း ခိုက်ရန်ဖြစ်ကြ၏။ ထို့ကြောင့် နဂါးတို့၏ ရေကန်သည် နောက်ကျိ၏၊ အကယ်၍ ရှေးအခါကကဲ့သို့ သင့်တင့်ညီညွတ်စွာနေပါက ရေသည် တစ်ဖန်ကြည်လင်၍ လာအံ့"ဟု ဖြေကြားတော်မူ၏။

**ရသေ့ပြဿနာ အဖြေ**

ထို့နောက်ဂါမဏိစန္ဒသည်ရသေ့တို့၏ပြဿနာကိုတင်ပြပြန်၏။

ထိုအခါ မင်းက.. "ထိုရသေ့တို့ သည် ရှေးအခါက ရသေ့ ရဟန်းတရားကို ကောင်းစွာကျင့်ကြ၏။ ယခုမူကား ရသေ့၊ ရဟန်းတရားတို့ကို ကောင်းစွာ မကျင့်ကြကုန်၊ ဆွမ်းကို သစ်သီးများဖြင့် လဲလှယ်၍ စားကြ၏။ ထို့ကြောင့် သစ်သီးတို့သည် မချိုမြိန်၊ သြဇာမရှိ။ အကယ်၍ ရှေးအခါကကဲ့သို့ ရသေ့တို့သည် ရသေ့၊ ရဟန်းတရားတို့ကို ကောင်းစွာကျင့်ပါက သစ်သီးတို့သည် ချိုမြိန်အံ့၊ သြဇာရှိအံ့။ ထို့ကြောင့် ရသေ့တို့အား ရသေ့၊ ရဟန်းတရားကို ကောင်းစွာ ကျင့်ရန် ပြောဆိုလေလော့"ဟု မိန့်တော်မူသည်။

**ပုဏ္ဏားလုလင်ပြဿနာ အဖြေ**

ထို့နောက် ဂါမဏိစန္ဒသည် ပုဏ္ဏားလုလင်တို့၏ ပြဿနာကို တင်ပြပြန်၏။

ထိုအခါ မင်းက..."ပုဏ္ဏားလုလင်တို့ နေရာအရပ်တွင် အချိန်မှန်စွာတွန်သော ကြက်ရှိ၏။ ထိုလုလင်တို့သည် ကြက်တွန်သံကိုမှတ်၍ အိပ်ရာမှထကာ ဗေဒင်ပညာတို့ကို ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။ ထို့ကြောင့် ဗေဒင်ပညာတို့ကို မမေ့ပျောက်ကုန်။ ယခုမူကား ထိုလုလင်တို့ နေရာအရပ်၌ အချိန်မှန်စွာတွန်သောကြက် မရှိတော့၊ အချိန်မမှန်တွန်သောကြက်သာရှိ၏။ ထိုကြက်သည် စောစောလည်း တွန်၏။ လင်းမှလည်း တွန်၏။ အချိန်မှန်စွာ မတွန်။ ထိုအခါ လုလင်တို့သည် ဗေဒင်ပညာတို့ကို အချိန်မှန်စွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း မပြုနိုင်ပေ။ ထိုသို့မပြုနိုင်သဖြင့်လည်း ပညာတို့ကို ကောင်းစွာမမှတ်မိကြ၊ မေ့ပျောက်ကြ၏"ဟု ဖြေကြားတော်မူ၏။

မင်းသည် ဤသို့ တရားဆုံးဖြတ် ဖြေကြားသော် ဂါမဏိစန္ဒနှင့်တကွ ပြည်သူတို့က အာဒါသမုခမင်း၏ ဉာဏ်ပညာရှိမှုကို ချီးကျူးထောမနာပြုကြသည်။ မင်းသည် ဂါမဏိစန္ဒ နေသောရွာကို ဂါမဏိစန္ဒအား ပေးတော်မူသည်။

ဂါမဏိစန္ဒလည်း မြို့တော်မှထွက်၍ အာဒါသမုခမင်း ဖြေကြားသည့်အတိုင်း ပုဏ္ဏားလုလင်၊ ရသေ့၊ နဂါး၊ ရုက္ခစိုးနတ်တို့အား အဖြစ်မှန်ကို ပြောကြား၏။ ထို့နောက် ခါ၏ နေရာအရပ်မှ သစ္စာတို့ကိုယူသည်။ သမင်တို့၏ မြက်စားရာအရပ်မှ ပျားအုံကိုယူသည်။ မင်းကြီးထံပို့စေသည်။ မြွေ၏ နေရာတောင်ပို့သို့သွား၍ တောင်ပို့အောက်မှ ဥစ္စာကို ယူသည်။ မိန်းမငယ်၊ ပြည့်တန်ဆာမ၊ ရွာစားတို့ကိုလည်း မင်းဖြေကြားသည့်အတိုင်း ဖြေကြား၍ ပြုပြင်စေသည်။ ထို့နောက်များစွာသော အခြံအရံတို့ဖြင့် ရွာသို့ သွားရောက်နေထိုင်လေသည်။

ပညာရှိသော အာဒါသမုခမင်းသည်လည်း ဒါနစသော ကုသိုလ်ကောင်းမှုတို့ကို အထူးပြုသည်။ သေသည်၏ အဆုံး၌ နတ်ပြည်သို့ လားလေသည်။

**(ငါးရာ့ငါးဆယ်၊ ဂါမဏိစန္ဒဇာတ်)**

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ကဗျာ

### ဆောင်းဦးရတနာ

နှင်းရည်ဖွေးဖွေး နုနုကြည်
ပုလဲနှစ်သို့ သစ်လိမ့်မည်။
မေရဲ့ လည်မှာ ဆွဲမယ်ဆို
ပိုးကြိုးလေးနဲ့ သီဖို့လို။
နှင်းရည်ဖွေးဖွေး နုနုကြည်
ပုလဲနှစ်သို့ သစ်လိမ့်မည်။
ဆောင်း၏နံနက် နေထွက်သည်
ကျောက်နီရွဲသို့ ရဲလိမ့်မည်။
မေ့လက်ချောင်းမှာ ဆင်စေလို
ရွှေနဲ့ကွင်းဖို့ လိုသကို။
ဆောင်း၏နံနက် နေထွက်သည်
ကျောက်နီရွဲသို့ ရဲလိမ့်မည်။
ဆောင်းတွင်းမှာမို့ ပြောတာနော်
ချစ်သူမောင့်သက် လှသော်မော်။
နွေပေါ်ရင်တော့ ဆင်နိုင်ဘူး
ချစ်သူမောင့်သက် လှထွတ်မှူး။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၁)၊ အမှတ်(၂၈)၊ (၀၂-၇-၆၉)



လူမှု ဘ၀

# ကမ္ဘာ့သမိုင်းတွင် ထူးခြားခဲ့သည့် လူငယ်များ

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

*(ယခင်အပတ်မှအဆက်)*

**ဝုဖ်ဂန် အမာဒီအပ်စ် မိုဇက်ဒ်**

ဂျာမန်ဂီတစာဆို ဝုဖ်ဂန် အမာဒီအပ်စ် မိုဇက်ဒ်သည် သူ၏ ပထမဦးဆုံး ဆင်ဖိုနီတေးကို သူအသက် ရှစ်နှစ်အရွယ်တွင် ရေးသားခဲ့သည်။ မိုဇက်ဒ်သည် ၁၈ရာစု “ကလေးစတား” တစ်နည်း ခေတ်စကားနှင့် ပြောရလျှင် သူသည် “ကလေးဆယ်လီ” ဖြစ်နေခဲ့သည်။ သူသည် အသက်လွန်စွာ ငယ်စဉ်ကတည်းက ပင် နာမည်ကြီးအောင်မြင်နေခဲ့ပြီး ထိုအရှိန်ပြင်းပြင်း ဖြင့် ဖြစ်ထွန်းမှုကြောင့် ဘ၀ချုပ်ငြိမ်းချိန် စောခဲ့သည်ဟု ဆိုရပေမည်။ ဂီတဩဇာကြီးမားလှသော သူသည် သူ၏အစ်မကြီး နန်နာလ်အား သူတို့၏ဖခင်က စန္ဒရားတီးနည်း သင်ပေးသည်ကို နားထောင်ရင်း ကြီးပြင်းလာခဲ့သည်။ အသက်ငါးနှစ်အရွယ်မှာပင် သူသည် တေးသီချင်းများ ဖွဲ့တတ်နေခဲ့ပြီး သူ၏ဖခင်ကို တီးပြလေ့ရှိခဲ့သည်။ သူ၏ဖခင်က ထိုတေးတို့ကို ရေးမှတ်ပေးထားလေ့ရှိခဲ့သည်။ သူ့ဖခင်၏ အကူအညီဖြင့်ပင် မိုဇက်ဒ်သည် အသက် ရှစ်နှစ် အရွယ်တွင် သူ၏ ပထမဦးဆုံး ဆင်ဖိုနီ သံစုံတေးကို ရေးချခဲ့သည်။ မိုဇက်ဒ်နှင့် သူ၏အစ်မ နန်နာလ်တို့သည် ကလေးဂီတ ပါရမီရှင်များအဖြစ် ဥရောပတစ်ခွင် တော်ဝင်အသိုင်း အဝိုင်းများတွင် လှည့်လည်ဖျော်ဖြေခဲ့ကြရသည်။ မိုဇက်ဒ်သည် သူ၏သက်တမ်းတစ်လျှောက်တွင် တေးပေါင်း ၆၀၀ ကျော် စပ်ခဲ့သော်လည်း ငွေကြေး အကျိုးအမြတ်ရရှိမှု အလွန်နည်းပါးခဲ့သည်။ သို့သော် သူသည် နှောင်းနောက် ဂီတလောကအပေါ် ဩဇာ ကောင်းကောင်း ဖြန့်ကြက်ထားနိုင်ခဲ့သည်။ သူသည် အသက် ၃၅ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့သည်။

**ဖီလီစ်ဝီတလီ**

ဖီလီစ်ဝီတလီသည် အသက် ၂၀ အရွယ်တွင် သူ၏ ပထမဦးဆုံး ကဗျာစာအုပ်ကို ထုတ်ဝေခဲ့သည်။ ပထမဦးဆုံးသောထုတ်ဝေသူ ကဗျာဆရာ အမေရိကန် နိုင်ငံသား အာဖရိကလူမျိုးအဖြစ် ထင်ရှားလာခဲ့သည်။ ဝီတလီသည် ကလေးဘ၀တွင်ကျွန်အဖြစ် ရောင်းဝယ်ခံရပြီး သူ့ကို ဘော်စတွန်မြို့မှ အပ်ချုပ် ဆရာ ဂျွန်ဝီတလီက ဝယ်ယူခဲ့သည်။ ဝီတလီ၏ မိသားစုသည် သူ့ကိုစာရေးစာဖတ်တတ်အောင် သင်ပေးခဲ့ပြီး ကဗျာရေးရန် အားပေးခဲ့သည်။ ၁၇၇၃ ခုနှစ်တွင် Poems on Various Subjects, Religious and Moral –ဘာသာရေးနှင့် ကိုယ်ကျင့်တရား အပါအဝင် အကြောင်းအရာမျိုးစုံနှင့်ပတ်သက်သော ကဗျာများစာအုပ် ထွက်ရှိသောအခါ မြောက်ပိုင်း ကိုလိုနီဒေသများမှသည် လန်ဒန်နေပြည်တော်အထိ ပြောစရာကိစ္စတစ်ရပ်ဖြစ်ခဲ့သည်။ ဝီတလီသည် စာပေလောကတွင် ထင်ရှားသူတစ်ယောက် ဖြစ်လာခဲ့သည်။ နောက်တစ်နှစ်တွင် ဂျွန်ဝီတလီ ကွယ်လွန်သောအခါ ဖီလီစ်သည်ကျွန်ဘ၀မှ လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့သည်။ သူသည် ကဗျာများ ဆက်လက်ရေးသား ထုတ်ဝေခဲ့ပြီး အသက် ၃၁ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

**အလက်ဇန္ဒား ဟမ်မီလ်တန်**


အလက်ဇန္ဒား ဟမ်မီလ်တန်သည် အသက်၂၂ နှစ်အရွယ်တွင် ဂျော့ဝါရှင်တန်၏ ကိုယ်ရေးအရာရှိ ဖြစ်လာခဲ့သည်။ လုပ်သက်စတင်ချိန်တွင် ဟမ်မီလ်တန်သည် သူ့နိုင်ငံနှင့် မခြားနားလှခဲ့ချေ။ ငယ်ငယ်ရွယ်ရွယ်၊ မပြည့်မစုံ၊ တော်တော်ပြတ်ပြတ်သာ ဖြစ်ခဲ့သည်။ ကာရေဘီယံဒေသ၏ ကျွန်းတစ်ကျွန်း ဖြစ်သော နီဗစ်ကျွန်းတွင် အသက် ၁၃ နှစ်အရွယ်တွင် မိဘမဲ့ဖြစ်သွားခဲ့သောသူသည် ဒေသခံကုန်သည် တစ်ဦး၏ထံတွင် စာရေးစာချီအဖြစ် လုပ်ကိုင်၍ သူနှင့် သူ့ညီအတွက် ဝမ်းကျောင်းခဲ့သည်။ စာဂျပိုးလေး ဖြစ်သောသူ့ကို ထိုဒေသခံလူကြီးအချို့က သဘောကျပြီး ပညာသင်စရိတ် ဝိုင်းဝန်းထောက်ပံ့လိုက်သောကြောင့် သူသည် မြောက်ပိုင်းကိုလိုနီဒေသတွင် တည်ရှိသော ကင်းစ်ကောလိပ် (ယခု ကိုလံဘီယာ တက္ကသိုလ်)ကို တက်ရောက်ခွင့်ရခဲ့သည်။ အမေရိကန် လွတ်လပ်ရေးတိုက်ပွဲ စတင်သောအခါတွင် ဟမ်မီလ်တန်သည် ပုန်ကန်ခြားနားသော ကိုလိုနီ ဒေသခံများနှင့် ပူးပေါင်းခဲ့ပြီး တော်လှန်ရေး ခေါင်းဆောင်ဖြစ်နေခဲ့သော ဗိုလ်ချုပ်ကြီး ဂျော့ဝါရှင်တန်၏ ကိုယ်ရေးအရာရှိကြီး ဖြစ်လာခဲ့ သည်။ ၁၇၇၆ ခုနှစ်တွင် လွတ်လပ်ရေးစာတမ်းကို လက်မှတ်ရေးထိုးချိန်တွင် ဟမ်မီလ်တန်သည် အသက် ၂၁နှစ် အရွယ်သာ ရှိခဲ့သေးသည်။ သူသည် ဂျော့ဝါရှင်တန်၏ စစ်ဦးစီးအဖွဲ့တွင် အတော်အရေးပါသူဖြစ်ခဲ့သော်လည်း ရှေ့တန်းတာဝန်ထမ်းဆောင်လိုခဲ့သောကြောင့် ထိုရာထူးမှ နုတ်ထွက်လိုက်သည်။ သူသည် ရော့ခ်တောင်းတိုက်ပွဲတွင် ဦးဆောင်ဦးရွက် တိုက်ပွဲဝင်ခဲ့သည်။ အသက် ၃၂ နှစ်အရွယ်တွင်မူ သူသည် အခြေခံဥပဒေညီလာခံကို နယူးယောက်ပြည်နယ် ကိုယ်စားလှယ်တစ်ယောက်အဖြစ် တက်ရောက်ခဲ့ရသည်။ ဂျိမ်းစ်မက်ဒီဆင်နှင့် ဂျွန်ဂျေတို့၏ အကူအညီဖြင့် သူသည် ဖယ်ဒရယ်စာတမ်းကို ရေးသားခဲ့သည်။ ယင်းသည် ပို၍ခိုင်မာသော အခြေခံဥပဒေအသစ် မွမ်းမံပြုပြင်ရေးအတွက် ပံ့ပိုးအားတစ်ရပ် ဖြစ်ခဲ့သည်။

**ဂီလ်ဘတ် ဒူ မိုတီရာ**

ဂီလ်ဘတ် ဒူ မိုတီရာ သည် ပြင်သစ်နိုင်ငံသား လာဖေရက်နယ်စား ဖြစ်ခဲ့ပြီး အမေရိကန်တော်လှန်ရေး အောင်မြင်စေကြောင်း အဓိကပံ့ပိုးအားတစ်ခု ဖြစ်ခဲ့သည်။ အမေရိကန်ဟူသော နိုင်ငံသစ် ပေါ်ပေါက်လာစေရန် သူစွန့်စွန့်စားစား ဆောင်ရွက်ပေးချိန်တွင် သူသည် အသက် ၁၉နှစ်သာ ရှိခဲ့သည်။ တကယ်တမ်းတွင် အမေရိကန်ပြည်ထောင်စု ခေါင်းဆောင် အများအပြားမှာ လူငယ်များသာဖြစ်ခဲ့သည်။ အမေရိကန်တို့၏ လွတ်လပ်ရေးတိုက်ပွဲ တစ်တပ်တစ်အား ပါဝင်ရန် ပြင်သစ်မှာရွက်လွှင့်လာချိန်တွင် လာဖေရက်သည် အသက် ၁၉ နှစ်သာရှိခဲ့သည်။ သူသည် ပြင်သစ်အစိုးရ၏ အမိန့်ကို ဖီဆန်၍ အမေရိကန်တော်လှန်ရေးတွင် အခမဲ့ စေတနာ့ဝန်ထမ်း ပါဝင်လိုက်သည်။ ဖွဲ့စည်းခါစတွင် အမေရိကန်တပ်မတော်သို့ ရောက်သောအခါ သူသည် ဗိုလ်ချုပ်ကြီး ဂျော့ဝါရှင်တန်နှင့် ရင်းနှီးကျွမ်းဝင် လာခဲ့သည်။ သို့သော် လာဖေရက်၏ အကူအညီသည် စစ်တလင်းမှာထက် နိုင်ငံရေးတလင်းတွင် ပို၍အရေးပါ အဖိုးတန်ခဲ့သည်။ အမေရိကန်တို့ဘက်မှ ပံ့ပိုးကူညီမှုပြုပါရန် ပြင်သစ်ဘုရင် တစ်ဆယ့်ခြောက်ဆက်မြောက် လူဝီကို နားချနိုင်ခဲ့သည်။ လာဖေရက် အပြောကောင်းခြင်းကြောင့် ၁၇၈၀ ပြည့်နှစ်တွင် ပြင်သစ်ဘုရင်သည် ဝါရှင်တန်ကို ကူညီရန် ပြင်သစ်တပ်များပါ စေလွှတ်လိုက်သည်။ ဤပံ့ပိုးအားသည် လွန်စွာတာသွားခဲ့သည်။ ရော့ခ်တောင်းတိုက်ပွဲတွင် ပြင်သစ်တပ်များနှင့် အမေရိကန်တပ်များ ပူးပေါင်း၍ ဗြိတိသျှတပ်များကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည်။ ထိုတိုက်ပွဲကို အောင်နိုင်လိုက်မှုသည် ဗြိတိသျှတို့မှ လွတ်လပ်ရေးပေးရန် သေချာသွားစေခဲ့သည်။ တစ်နည်းပြောရလျှင် ပြင်သစ်နိုင်ငံသား ဆယ်ကျော်သက် လာဖေရက်က တော်လှန်ရေး စိတ်ကူးယဉ်ပြီး အိမ်မှထွက်ပြေးကာ သူပုန်များနှင့်မပေါင်းခဲ့လျှင် အမေရိကန်သမိုင်းက တစ်မျိုးတစ်ဖုံဖြစ်ကောင်း ဖြစ်ခဲ့ပေမည်။

*[Ref: 17 people who accomplished incredible things at a young age, Business Insider]*

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက် အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။




ပြုံး စ ရာ

## ကမ္ဘာကြီးလုံးကြောင်း ဘယ်သူပြော

ဆရာ။ ကမ္ဘာကြီးဟာ ဘယ်လိုပုံသဏ္ဍာန်ရှိလဲကွ။
ဂျောက်ဂျက်။ လုံးဝန်းတဲ့ပုံသဏ္ဍာန်ရှိပါတယ် ဆရာ။
ဆရာ။ ဟုတ်ပြီ၊ ကမ္ဘာကြီးလုံးဝန်းကြောင်း စတင်ပြောခဲ့တာ ဘယ်သူလဲ၊ သိတဲ့သူ ဖြေကြစမ်း။
တပည့်များ။ ဂျောက်ဂျက်ပါဆရာ။

## ရေရဲ့အရေးပါမှု

ခေတ်ခွဲခန်းမှူး။ ရေဟာလူသားတွေအတွက် အသုံးဝင်တယ်။ ရေရဲ့အရေးပါမှုတစ်ခုလောက် ပြောပြစမ်းပါ။
တပည့်။ ရေသာမရှိရင် ကျွန်တော်တို့ ရေကူးသင်နိုင်မှာ မဟုတ်ပါဘူး ဆရာ။

## ချောက်ထဲမှာ ပေါ်မှပေါ်

ယာဉ်မောင်း။ ကားအပိုပစ္စည်း ဘယ်မှာရနိုင်ပါသလဲခင်ဗျား။
ဒေသခံ။ ရှေ့ကအကွေ့လွန်ရင် ချောက်ကြီးတစ်ခုတွေ့လိမ့်မယ်။ အဲဒီချောက်ထဲမှာတော့ ကားပစ္စည်းတွေ ပေါ်မှပေါ်...။

# ကယားတိုင်းရင်းသားတို့ဌာနေ ငွေတောင်မြေ၌ လမ်း၊ တံတားများက ပန်းများပမာပွင့်ခဲ့ပြီ

**ခရမ်းစိုးမြင့်**


အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်းကို တွေ့ရစဉ်။

**ဟော်နန်း စိုက်ထူအုပ်ချုပ်ခဲ့**

ကယားပြည်နယ်ကို မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်၊ ခရစ်နှစ် ၁၈၃၈ ခုနှစ်တွင် ဦးသီရိ ဦးဆောင်၍ သီရိဒေါ်ရွာအဖြစ် စတင်တည်ထောင်ခဲ့သည်။ "ဒေါ်"မှာ ကယားဘာသာဖြင့် "ရွာ" ဟု အမည်ရသည်။ တောင်ကွဲတောင်၊ ရွှေတောင်အနီး တည်ထားသဖြင့် လွိုင်ခေါ် ဟု ရှမ်းဘာသာဖြင့် ခေါ်ဝေါ်ခဲ့သည်။ "လွိုင်"မှာ "တောင်"၊ "ခေါ်"မှာ တစ်ကွဲတစ်ပြားစီဟု အဓိပ္ပာယ်ရသည်။ လွိုင်ခေါ်မှ လွယ်ကော်-လွိုင်ကော်ဟူ၍ဖြစ်ပေါ်လာသည်။ မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ် ကဆုန်လဆန်း ၁ ရက် (၂၀-၄-၁၈၈၈) ရက်နေ့တွင် ကန္တာရဝတီ စော်ဘွားစပ်လဝီက လွိုင်ကော်မြို့တွင် ဟော်နန်း စိုက်ထူအုပ်ချုပ်ခဲ့သည်။

၁၉၅၂ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲ ခေါ်ဝေါ်ခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် ပြည်နယ်/တိုင်းများအလိုက် မြို့နယ်စုများသတ်မှတ်ဖွဲ့စည်းရာတွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၄-၈- ၁၉၈၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ ကယားပြည်နယ်ရှိ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘောလခဲနှင့် ဖားဆောင်းမြို့နယ် ခြောက်မြို့နယ်ကို လွိုင်ကော်မြို့နယ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းပေးခဲ့သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏၂၁-၈-၁၉၈၉ ရက်စွဲပါစာအမှတ်၊ ၁/၈/အထ(၁)အရ လွိုင်ကော်မြို့နယ်စုကို ၂၁-၈-၁၉၈၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ၇-၃-၁၉၉၂ ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် မြို့နယ်စုများ၏အမည်ကို အုပ်ချုပ်ရေးသဘောအရ အခေါ်အဝေါ်ရှင်းလင်းစေရန် "ခရိုင်"ဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၏ ၇-၁၂-၁၉၉၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၁၅/အထ(၂)ဖြင့် လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင်အဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဘောလခဲခရိုင်အား ဘောလခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စုံမြို့နယ်ဟူ၍ မြို့နယ်သုံးမြို့နယ်နှင့် ရွာသစ်မြို့ဖြင့် ဖွဲ့စည်းသတ်မှတ်ခဲ့သည်။ ကယားပြည်နယ်အား မြို့နယ် ခုနစ်မြို့နယ်၊ မြို့ ၁၁ မြို့၊ ရပ်ကွက် ၅၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၄ အုပ်စု၊ ကျေးရွာ ၅၁၀ ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ ၂၉၉၁၂၃ ဦးရှိသည်။

**ပြည်ထောင်စုလမ်းများ**

ကယားတို့ဌာနေ ငွေတောင်မြေတွင် ပြည်ထောင်စုလမ်းများဖြစ်သည့် အောင်ပန်း-ပင်လောင်း- မိုးဗြဲ-လွိုင်ကော်လမ်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ တောင်ငူ-မော်ချီး-ဒီးမော့ဆိုလမ်း၊ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း-ဘီပီ(၁၃)လမ်း၊ ဖာပွန်-ကော့လူဒိုး-ထီးထ-စောထ-ခဲမဖြူလမ်းဟု ငါးလမ်းရှိပြီး ပြည်နယ်လမ်း ၁၄ လမ်း စုစုပေါင်း ကယားပြည်နယ်တွင် လမ်းမိုင် ၅၅၁ မိုင်၊ ၄ ဒသမ ၄ ဖာလုံရှိသည်။ ၎င်းလမ်းများထဲမှ ဖာပွန်-ကော့လူဒိုး-ထီးထ-စောထ-ခဲမဖြူလမ်းတို့မှာ ပြည်နယ်လုံခြုံရေးအရ ဆောင်ရွက်နိုင်ခြင်းမရှိသောလမ်းများဖြစ်သည်။

တည်ဆောက်ပေးခဲ့သော တံတားများ စာရင်းတွင် ပေ ၁၈၀ အထက် တံတား ၁၂ စင်း၊ ပေ ၁၈၀ အောက် တံတား ၂၉၅ စင်း၊ Box Culvert/ ရေပြွန်/ရေကျော် အစင်း ၁၁၈၀ စုစုပေါင်း တံတား ၁၄၈၇ စင်း တည်ဆောက်ပေးထားသည်။ ထိုသို့ နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်တည်ဆောက်ပေးထားသော လမ်း တံတားများအနက်မှ လမ်းအချို့ကို ရေးသားတင်ပြပေးရလျှင်-

ပြည်ထောင်စုလမ်းမကြီးဖြစ်သော အောင်ပန်း- ပင်လောင်း-မိုးဗြဲ(နွားလဝိုး)-လွိုင်ကော်လမ်းသည် ၁၉၆၂ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် ဆက်သွယ်ထားသော လမ်းမကြီးဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် အမာခံလမ်း စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ကတ္တရာလမ်းအဆင့်ထိ တိုးမြှင့်ဖောက်လုပ်ခဲ့သည်။ ယခုအခါ ၁၈ ပေအကျယ် ကတ္တရာလမ်းမကြီး အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ကယားပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေများဖြင့် ကတ္တရာကွန်ကရစ်လမ်း ခင်းခြင်း သုည ဒသမ ၄ ကီလိုမီတာနှင့် ကတ္တရာလမ်းချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း ၁ ဒသမ ၅ ကီလိုမီတာတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လဘဏ္ဍာနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ်ခင်းခြင်း ၂ ဒသမ ၂၄ ကီလိုမီတာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။


ထို့နောက် တောင်ငူ(ကျောက်တိုင်)-လိပ်သို- ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းသည် ၁၉၅၄-၁၉၅၅ ခုနှစ်တွင် လောပိတအမှတ်(၂)ဓာတ်အားပေးစက်ရုံ မဟာဓာတ်အားလိုင်း (တောင်ပိုင်းလိုင်း) သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် (E.S.B) လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ဖောက်လုပ်ခဲ့သည်။ ယင်းကဲ့သို့ ဖောက်လုပ်သည့်ကားလမ်း၏ တောင်ငူမြို့မှ လွိုင်ကော်မြို့အထိ အစိတ်အပိုင်းများကို အများပြည်သူအသုံးပြုဆက်သွယ်သွားလာနိုင်ရေးနှင့် ကုန်စည်များ သယ်ယူပို့ဆောင်ရေးအတွက် ၁၉၉၄ ခုနှစ်တွင် ပြည်ထောင်စုလမ်းမကြီးအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၁၉၆၃ ခုနှစ် ဧပြီလ ၁၉ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၁၁၉ ဖြင့် စတင်ပြုပြင်ခဲ့သည်။

ကယားပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေများဖြင့် ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း ၁ ဒသမ ၉၆၇ ကီလိုမီတာ၊ ကတ္တရာလမ်းချဲ့ခြင်းနှင့်ထပ်ပိုးလွှာတင်ခြင်း ၁၉ ဒသမ ၀၂၆ ကီလိုမီတာ၊ ကွန်ကရစ်လိုင်နင် ရေမြောင်းနှင့် ကျောက်စီရေမြောင်း ၃၃၃၀ ဒသမ ၈၉ မီတာ၊ အုတ်စီရေမြောင်းနှင့် အဖုံးပါ ပလက်ဖောင်း/ပလက်ဖောင်းအသစ် ၆၁၅၀ ဒသမ ၉၂၈ မီတာနှင့် Box Culvert ၁၈ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၂၃ သို့☆

**ကယားတို့ဌာနေ ငွေတောင်မြေသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကယားပြည်နယ်ဟု တရားဝင်ပြောင်းလဲလာခဲ့ရာ ယခုအခါ ပြည်နယ်အတွင်း၌ နိုင်ငံတော်အစိုးရ၏စီစဉ်ဆောင်ရွက်ပေးမှုဖြင့် လမ်း၊ တံတားများက ပန်းများပမာ ပွင့်လန်းလျက်ရှိ**


တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းကို တွေ့ရစဉ်။


တောင်ငူ-မော်ချီး-ဒီးမော့ဆိုလမ်းကို တွေ့ရစဉ်။

☆ စာမျက်နှာ ၂၂ မှ


၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ်ခင်းခြင်း ၂ ဒသမ ၉၄၅ ကီလိုမီတာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့နောက် တောင်ငူ-မော်ချီး-ဒီးမော့ဆို လမ်းသည် မော်ချီးသတ္တုတွင်းမှ ခဲသတ္တုများ တူးဖော်ရန် ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၅ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက တောင်ငူမှစတင်၍ မော်ချီးအထိ ဖောက်လုပ်ခဲ့သည်။ ထူးချောင်းကြိုးတံတား တစ်စင်း တည်ဆောက်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ကတ္တရာလမ်းအဆင့်ထိ ဖောက်လုပ်နိုင်ခဲ့ပြီး ၎င်းနောက်ပိုင်းတွင် မော်ချီးမှ ဒီးမော့ဆိုအထိ လမ်းအပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆက်လက်ဖောက်လုပ်ခဲ့သည်။

**မြေတောင်/ကျောက်တောင်များ မိုင်းခွဲလမ်းချဲ့**

ကယားပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေများဖြင့် ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း ၂ ဒသမ ၅၁၄ ကီလိုမီတာ၊ ကတ္တရာလမ်းချဲ့ခြင်းနှင့်ထပ်ပိုးလွှာတင်ခြင်း ၂၆ ဒသမ ၂၀၈ ကီလိုမီတာ၊ မြေတောင်/ကျောက်တောင်များ မိုင်းခွဲလမ်းချဲ့ခြင်း ၆ ဒသမ ၆၂ ကီလိုမီတာ၊ လမ်းကွေ့များဖြေလျှော့ခြင်း ၆၀ ကွေ့နှင့် Box Culvert ၁၈ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လဘဏ္ဍာနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ်ခင်းခြင်း ၂ ဒသမ ၂၁၆ ကီလိုမီတာ၊ ကတ္တရာလမ်းသစ်ခင်းခြင်း သုည ဒသမ ၃၄၅ ကီလိုမီတာ၊ ကတ္တရာလမ်းချဲ့ခြင်း/ကတ္တရာထပ်ပိုးလွှာတင်ခြင်း ၂ ဒသမ ၃ ကီလိုမီတာ၊ Box Culvert တည်ဆောက်ခြင်း သုံးစင်း၊ ကျောက်စီရေမြောင်းနှင့်တွဲလျက် မြေကာနံရံတည်ဆောက်ခြင်း ၁၀၃ မီတာ၊ သက်နုကျောက်တောင်များအား Air Compressor Gun ဖြင့် လမ်းချဲ့ခြင်း ၂ ဒသမ ၁ ကီလိုမီတာ စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်လျာထားပါသည်။ တံတားဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေ ၂၃၉ ဒသမ ၀၀၀ သန်းဖြင့် ပေ ၆၀ သံကူကွန်ကရစ်တံတားကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။



ကယားပြည်နယ်ရှိ ကန္တာရဝတီတံတားကို တွေ့ရစဉ်။

ထို့နောက် ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း-ဘီပီ(၁၃)လမ်းသည် ၁၉၆၄ ခုနှစ်တွင် ဆောက်လုပ်ရေးကော်ပိုရေးရှင်းက စတင်ဖောက်လုပ်ခဲ့သည်။ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း မိုင် ၁၀၂/၂ မှ အရှေ့ဘက်ခွဲ၍ သံလွင်မြစ်ကို ကူးတို့ဖြင့် မြန်မာနှင့် ထိုင်းနိုင်ငံ နယ်စပ် ဘီပီ (၁၃) မှ ၁၀ မိုင်ကွာသော နန်းမန်းရွာထိ မိုင် ၄၀ ရှိသောလမ်းဖြစ်သည်။ မိုင်၂၂/၀-၄၀/၀ အထိ ၁၈ မိုင်မှာ တောင်တက်တောင်ဆင်းအပိုင်းဖြစ်ပြီး ကျန်အပိုင်းမှာ မြေပြန့်လမ်းဖြစ်သည်။

**ပူးပေါင်းဖောက်လုပ်**

ထို့နောက် ပြည်နယ်လမ်းဖြစ်သော လွိုင်ကော်-လောပိတလမ်းသည် ၁၉၉၅ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၉၅ ခုနှစ် အောက်တိုဘာလတွင် ပြီးစီးခဲ့သည်။ လမ်းဖောက်လုပ်ခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လောပိတအမှတ်(၂) ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းတို့ ပစ္စည်းသယ်ယူပို့ဆောင်ရေးအတွက်ဖြစ်ပြီး လမ်းကို ကာဂျီးမားကုမ္ပဏီနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတို့က ပူးပေါင်းဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကယားပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေများဖြင့် ကတ္တရာကွန်ကရစ်လမ်းခင်းခြင်း ၁၅ ဒသမ ၆၈ ကီလိုမီတာ၊ ကတ္တရာလမ်းခင်းခြင်း ၁၁ ဒသမ ၈၅၈ ကီလိုမီတာ၊ ကတ္တရာလမ်းချဲ့၍ ထပ်ပိုးလွှာတင်ခြင်း ၁၅၃ ဒသမ ၇၂၆ ကီလိုမီတာ၊ မြေတောင်/ကျောက်တောင်များ မိုင်းခွဲလမ်းချဲ့ခြင်း ၇၃ ဒသမ ၇၅၇ ကီလိုမီတာ၊ ပေ ၅၀ အထက် တံတားတည်ဆောက်ခြင်းနှစ်စင်း၊ ပေ ၅၀ အောက် တံတားတည်ဆောက်ခြင်း ၁၈ စင်းနှင့် Box Culvert ၁၃၁ စင်း တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

**လုပ်ငန်းများဆောင်ရွက်ရန် လျာထား**

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ်ခင်းခြင်း ၈ ဒသမ ၇၂၉ ကီလိုမီတာ၊ ကတ္တရာလမ်းသစ်ခင်းခြင်း သုည ဒသမ ၄၃၄ ကီလိုမီတာ၊ မူလ ၃ ဒသမ ၆ မီတာမှ ၅ ဒသမ ၅ မီတာအကျယ် ကတ္တရာလမ်းချဲ့ခြင်း၂ ဒသမ ၇၅၂ ကီလိုမီတာ၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်း ၇ ဒသမ ၂၀၁ ကီလိုမီတာ၊ Box Culvert တည်ဆောက်ခြင်း ၁၅ စင်း၊ ကျောက်စီရေမြောင်းနှင့်တွဲလျက် မြေကာနံရံတည်ဆောက်ခြင်း ၁၀၃ မီတာ၊ သက်နုကျောက်တောင်များအား Air Compressor Gun ဖြင့် လမ်းချဲ့ခြင်း ၃ ဒသမ ၃ ကီလိုမီတာ စသည့်လုပ်ငန်းများဆောင်ရွက်ရန် လျာထားပါသည်။ တံတားဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေ သန်း ၂၃၉ ဒသမ ၀၀၀ ဖြင့် ပေ ၆၀ သံကူကွန်ကရစ်တံတားကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တံတားများကဏ္ဍတွင် ကန္တာရဝတီတံတားသည် ကယားပြည်နယ်၊ တောင်ငူ(ကျောက်တိုင်)-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းပေါ်ရှိ မိုင်၁၃၀/၅-၁၃၀/၆ တံတားအမှတ် (၄/၁၃၁) ဖြစ်ပြီး တံတားအရှည်မှာ ၃၀၄ ပေ ၉ လက်မ၊ ယာဉ်သွားလမ်း ၄၄ ပေ(လေးလမ်းသွား)၊ လူသွားလမ်းတစ်ဖက်လျှင် နှစ်ပေစီရှိပါသည်။ တံတားအမျိုးအစားမှာ အုတ်မြစ် (8' Ø Well Foundation)၊ ကိုယ်ထည် (သံကူကွန်ကရစ်)၊ အပေါ်ထည်- I Beam Grider နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး ရေလမ်းကင်းလွတ်နယ်အကျယ် ၃၅ ပေ ၈ လက်မ၊ အမြင့် ၅ ပေ ၅ လက်မဖြစ်ပါသည်။ စီမံကိန်းတန်ဖိုးမှာ ကျပ် ၉၉၉ ဒသမ ၉၆၀ သန်းဖြစ်ပြီး ၈ - ၁ - ၂၀၂၀ ရက်နေ့တွင် ဖွင့်ပေးခဲ့သည်။

**တံတားအရှည် ပေ ၁၂၆၀ ဖြစ်**

သံလွင်တံတား(ဖားဆောင်း)သည် ကယားပြည်နယ် ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန်းမန်း-ဘီပီ(၁၃)လမ်း မယ်စဲ့မြို့တွင် တည်ရှိပြီး တံတားအရှည်မှာ ပေ ၁၂၆၀ ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီဖြစ်သည်။ တံတားအမျိုးအစားမှာ အုတ်မြစ်သံကူကွန်ကရစ်ဘိုးပိုင်၊ အပေါ်ထည် သံကူကွန်ကရစ်+သံပေါင်နှင့် အောက်ထည် သံကူကွန်ကရစ်ဖြစ်သည်။ စီမံကိန်းတန်ဖိုးမှာ ကျပ် ၇၁၉၄ သန်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လုပ်ငန်းစတင်ခဲ့ရာ ၁၇- ၇- ၂၀၁၅ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ဘီလူးချောင်းတံတား(ရှမ်းပိုင်း) သည် ကယားပြည်နယ် လွိုင်ကော်-လောပိတလမ်းပေါ်ရှိ မိုင် ၀/၀ တွင် တည်ရှိသည်။ တံတားအရှည်မှာ ပေ ၂၇၀ ဖြစ်ပြီး ခန်းဖွင့်ဖွဲ့စည်းပုံမှာ ၉၀ x ၃ = ၂၇၀ ပေ ဖြစ်သည်။ တံတားအကျယ် ပေ ၃၀ ရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည်ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအောက်ထည် (7 ft dia steel shell + 4 ft dia spun pipe) စနစ် ဖြစ်သည်။ စီမံကိန်းတန်ဖိုးမှာ ကျပ်သန်း ၈၂၀ ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၁၁-၆-၂၀၁၇ ရက်နေ့တွင် ပြီးစီး၍ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အချုပ်အားဖြင့်တင်ပြရလျှင် ကယားတို့ဌာနေ ငွေတောင်မြေသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကယားပြည်နယ်ဟု တရားဝင်ပြောင်းလဲလာခဲ့ရာ ယခုအခါ ပြည်နယ်အတွင်း၌ နိုင်ငံတော်အစိုးရ၏စီစဉ်ဆောင်ရွက်ပေးမှုဖြင့် လမ်းတံတားများက ပန်းများပမာ ပွင့်လန်းလျက်ရှိနေပြီဖြစ်သည်။ ။



ကယားပြည်နယ်ရှိ သံလွင်တံတား(ဖားဆောင်း)ကို တွေ့ရစဉ်။

## ကိုဗစ် - ၁၉ ရောဂါ ကုသရေးဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(ချင်းရွှေဟော်)၌ ကုမ္ပဏီလေးခုတို့မှ နှာခေါင်းစည်း ၃၇၇၃၇ ကီလိုဂရမ်၊ Sodium Chloride Injection ၁၈၅၁၀၀၊ Vitamin B12 Injection ၂၉၄၆၀၊ Hydrocort Injection ၉၅၂၀၊ Dexa–5 Injection ၇၅၆၀၊ Syringe ၁၈၃၉၈ ခု၊ Scalp Vein Set ၃၆၀၀၊ Glucose Injection ၁၅၈၁၀၆ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၂၇ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၅၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၁၁-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၁-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၀,၆၉၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၂၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၅၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၇၁,၈၁၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၇,၉၂၂) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၉၈)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၀,၉၁၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၄) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၀၂၅) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၀-၁၁-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၁၅,၃၉၀,၈၇၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၀,၄၇၈,၃၀၂) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၉၁၂,၅၇၂) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၀-၁၁-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၂၅,၈၆၉,၁၇၅) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲ အတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်းအခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်အလိုက် ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုး တွေ့ရှိမှုနှုန်းများမှာ (၅)ရာခိုင်နှုန်းအောက်သို့ လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ-ရောဂါလက္ခဏာ မပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်း မရှိသူများ) ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်း မရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက် လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမို ပူးပေါင်းပါဝင်ဆောင်ရွက်၍ အောက်ပါအချက်များကို တိကျစွာလိုက်နာကြပါရန် ဖြစ်ပါသည်။
  - **အတတ်နိုင်ဆုံး မိမိတို့၏နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
  - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊**
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့်အနီးကပ် ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့်အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်းကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၁-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၆၄) ခု | (၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၀) ခု | (၂၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀) ခု | (၃) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၅) ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၈) ခု | (၁၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၆၁) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၈၂) ခု | (၂၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၄၅၉) ခု | (၄၀၈) ဦး |
| စုစုပေါင်း | (၂၀,၆၉၉) ခု | (၅၂၇) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်မှုအခြေအနေ (၂၀-၁၁-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၉၁၂,၅၇၁) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၀,၄၇၈,၃၀၂) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၅,၃၉၀,၈၇၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၂၅,၈၆၉,၁၇၅) ကြိမ် |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၅၅၈၂၂၉ | ၃၈၄၃၇၈၅၂ | ၇၉၃၅၃၉ |
| ၂။ | အိန္ဒိယ | ၃၄၅၁၀၄၁၃ | ၃၃၉၂၂၀၃၇ | ၄၆၅၆၆၂ |
| ၃။ | ဘရာဇီး | ၂၂၀၁၂၁၅၀ | ၂၁၂၁၇၇၃၉ | ၆၁၂၆၂၅ |
| ၄။ | ဗြိတိန် | ၉၈၀၆၀၃၄ | ၈၀၅၀၄၆၆ | ၁၄၃၈၆၆ |
| ၅။ | ရုရှား | ၉၃၃၁၁၅၈ | ၈၀၂၄၉၃၀ | ၂၆၄၀၉၅ |
| ၆။ | တူရကီ | ၈၅၅၀၃၇၇ | ၈၀၅၇၆၅၇ | ၇၄၈၄၇ |
| ၇။ | ပြင်သစ် | ၇၃၉၅၂၂ | ၇၀၄၈၄၃၁ | ၁၁၈၄၄၆ |
| ၈။ | အီရန် | ၆၀၇၇၄၃၈ | ၅၇၈၃၄၂၅ | ၁၂၈၉၅၆ |
| ၉။ | ဂျာမနီ | ၅၃၄၁၃၃၂ | ၄၆၂၆၃၀၀ | ၉၉၅၁၃ |
| ၁၀။ | အာဂျင်တီးနား | ၅၃၁၄၇၀၂ | ၅၁၈၀၀၅၄ | ၁၁၆၃၇၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၃၄၁၂ | ၄၁၀၁၅၄၇ | ၁၄၃၇၃၉ |
| ၂။ | ဖိလစ်ပိုင် | ၂၈၂၆၄၁၀ | ၂၇၅၈၂၃၅ | ၄၇၀၇၄ |
| ၃။ | မလေးရှား | ၂၅၈၁၇၄၇ | ၂၄၈၂၂၈၄ | ၂၉၉၇၈ |
| ၄။ | ထိုင်း | ၂၀၆၄၅၈၁ | ၁၉၅၆၉၂၃ | ၂၀၃၈၅ |
| ၅။ | ဗီယက်နမ် | ၁၀၉၄၅၁၄ | ၉၀၅၅၀၀ | ၂၃၇၆၁ |
| ၆။ | မြန်မာ | ၅၁၇၉၂၂ | ၄၉၀၉၁၃ | ၁၉၀၂၅ |
| ၇။ | စင်ကာပူ | ၂၅၀၅၁၈ | ၂၃၀၀၈၉ | ၆၅၄ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၉၈၆၇ | ၁၁၆၂၄၆ | ၂၉၀၀ |
| ၉။ | လာအို | ၆၂၁၆၀ | ၅၁၀၆၄ | ၁၃၂ |
| ၁၀။ | ဘရူနိုင်း | ၁၄၅၉၁ | ၁၄၀၆၂ | ၉၆ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၁၉-၁၁-၂၀၂၃ ရက်နေ့မှအဆက်**

တစ်ဖန် သား ရန်ကုန်သွားချင်သည် ဆိုစဉ်ကလည်း ငွေချေးရပြန်သည်။ မကြာမီ သားကျောင်းနေဖို့ ကိစ္စများ ပေါ်ပေါက်လာချေဦးတော့မည်။ ကျင်စိန်းကိုပင် အားကိုးရမည်ဟု ဒေါ်သူဇာ အတပ်သိနေသည်။ ဘာပဲဖြစ်ဖြစ် သားကိုတော့ မျက်နှာမငယ်စေချင်။ သား၏လိုအင်ဆန္ဒကို တတ်နိုင်သမျှ လိုက်လျောချင်သည်။

အကယ်၍ ခင်ပွန်းဖြစ်သူ ဦးကောင်းမိုးအနေနှင့် အိမ်တာဝန်ကို တစ်ဝက်တစ်ပျက်မျှလောက်ပင် ဖြစ်စေ ဝေယူနိုင်မည်။ ငွေဝင်မည့်အလုပ် လုပ်မည်။ မလုပ်သည့်တိုင်အောင် အသောက်အစား လျှော့မည်ဆိုလျှင် တော်သေးသည်။ ဒေါ်သူဇာ အသက်ရှူချောင်နိုင်မည်။ ယခုမူ ဦးကောင်းမိုးသည် ဘာတစ်ခုမျှအားကိုးမရ။ အချိန်မှန် သောက်ဖော်ပဲရသည်။ ထို့အတွက် ဒေါ်သူဇာ စိတ်ပျက်လက်ပျက်ဖြစ်နေရသည်။

ယခုတလော ပွဲရုံလုပ်ငန်းအခြေအနေသည် ယိုင်စပြုလာသည်။ အပြိုင်အဆိုင်ရှိလာ၍ အခြေအနေဆိုးရွားလာသည်။ ဝင်ငွေကျဆင်းသွားသည်နှင့်အမျှ ဒေါ်သူဇာ၏ နေ့တွက်သည် တစ်နေ့တခြား လျော့လိုက်လာသည်။

ဒေါ်သူဇာသည် သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် ရှိုက်သည်။

အိမ်ထဲသို့ ရောက်သောအခါ ခင်ပွန်းသည်ကို ထမင်းစားခန်းစားပွဲမှာ တွေ့ရသည်။ ထုံးစံအတိုင်း ရှေ့မှာ အရက်ပုလင်း၊ ဖန်ခွက် အပြည့်အစုံနှင့်။

ဒေါ်သူဇာသည် ဦးကောင်းမိုးကို နှုတ်မဆက်။ မီးဖိုခန်းသို့ တန်းဝင်သည်။ သူ့အား ဦးကောင်းမိုးက လှမ်းမေးလိုက်သည်။

"ဒီနေ့လည်း အာလူးဟင်းပဲလား မသူဇာ"

အမေးကို ဒေါ်သူဇာ မဖြေ။

"ဟေ့ မေးနေတာများ ဖြေစမ်းပါဦးကွ။ ဘာလဲ မင်းနဲ့ ကျုပ်နဲ့ အဖတ်မတန်ဘူးလား"

ဦးကောင်းမိုးက မကျေနပ်နိုင်သလို လှမ်းအော်သည်။

"ဒီကနေ့ ဟင်းနည်းနည်းထူးတယ် ကိုကောင်းမိုး"

ဒေါ်သူဇာသည် ဦးကောင်းမိုးအား သရော်လှောင်ပြောင်သော မျက်နှာထားဖြင့်ကြည့်ရင်း စကားဆိုသည်။

"ဟုတ်လား၊ ဘာဟင်းများလဲကွ"

"အာလူး မဟုတ်တော့ဘူး၊ ပဲ... ။ ပဲဟင်းနဲ့ စားရမယ် ကိုကောင်းမိုး"

ဒေါ်သူဇာစကားကြောင့် ဦးကောင်းမိုး စိတ်ပျက်လက်ပျက်ဖြစ်သွားရသည်။

"မင့်ဟာ ဘာထူးသလဲ၊ အာလူးမဟုတ်ရင်ပဲ။ ပဲမဟုတ်ရင် အာလူး။ ဒါတွေစားရလွန်းလို့ ကိုယ့်ကိုယ်ကိုယ် ဗမာလူမျိုးလို့တောင် မထင်ဘူး။ ကုလားသေပြီး ဝင်စားလို့များ ဒါတွေစားနေရသလားလို့တောင် ထင်မိတယ် မသူဇာ"

"အာလူးနဲ့ပဲကို ရေလဲနဲ့ စားနေရတာပဲ ကျေးဇူးတင်ဦး"

"ဘာ"

"ရှင်မှမဟုတ်ပါဘူး။ ကျွန်မမှာလည်း ပါးစပ်နဲ့ပဲ။ လျှာနဲ့ပဲ။ သွားနဲ့ပဲ။ မြိုးမြိုးမြက်မြက်ကလေး စားချင်တာပေါ့။ ဒါပေမဲ့ ပိုက်ဆံမရှိဘူးရှင့်။ ပိုက်ဆံ၊ ပိုက်ဆံ။ အသား ငါးဆိုတာ အလကားရတာ မဟုတ်ဘူး။ ပိုက်ဆံနဲ့ ဝယ်ရတာ"

ဦးကောင်းမိုးသည် တဒင်္ဂမျှ ငြိမ်သွားသည်။ ဘာပြန်ပြောရမည် မသိတတ်ဘဲ ရှိပုံရသည်။

"ရှင် တစ်နေ့တစ်နေ့ သောက်ပစ်နေတာကိုလည်း တွက်ကြည့်ပါဦး။ အဲဒါကို မသောက်ဘဲနေရင် ကျွန်မတို့ ဟင်းကောင်းကောင်း နေ့တိုင်းစားနိုင်တယ်"

"တော်စမ်းပါကွာ" ဦးကောင်းမိုးက စိတ်မရှည်နိုင်သလို အော်ပစ်လိုက်သည်။

"ဘာပဲပြောလိုက်ပြောလိုက် ဒီပိန္နဲပင်ပဲပါလာတာပဲ။ တခြားဟာတွေကို ထားပါ။ ဒါတစ်ခုတော့ ကျုပ်အပေါ် သဒ္ဒါသင့်ပါတယ်။ ဘာလဲ ကျုပ်ရဲ့ ပစ္စည်းတွေ ဖြုန်းခါကျပြီး ငွေဝင်လမ်းမရှိတာနဲ့ တစ်ပြိုင်နက် ဒီစကားမျိုး ဆိုလာတာပေါ့လေ"

"ရှင် ထင်ချင်သလိုထင်။ ကျွန်မမြင်တာတော့ ရှင့်ကို ဖျက်နေတာရော၊ ကျွန်မတို့ တစ်အိမ်ထောင်လုံးကို ဖျက်နေတာ ဒါပဲလို့ထင်တယ်"

"တော်စမ်းပါ မသူဇာ။ ငါ့လုပ်စာ ထိုင်စားနေတဲ့ လူတစ်ယောက် ငါပြောတိုင်း ခံနေလိမ့်မယ်ထင်ပြီး ပြောချင်ရာ ပြောနေတာလား"

"ကျွန်မလုပ်စာနဲ့ ပတ်သက်လို့ ကျွန်မ ဝင့်ကြွားတာ ရှင်ဘယ်နှခါ ကြားဖူးသလဲ။ စင်စစ်မှာတော့ ကျွန်မ ရတဲ့လုပ်စာဆိုတာကလည်း ခြောက်ပြားတစ်ပဲ ဆိုသလိုပါပဲ။ ဘာမှမက်မောစရာ မရှိပါဘူး။ ဒီမယ် ကိုကောင်းမိုး။ ရှင့်ကို ကျွန်မ အလေးအနက်ပြောစရာ စကားတစ်ခုရှိတယ်။ ရှင်ဒါကို အသေအချာနားထောင်ရင် ကောင်းမယ်ထင်တယ်"

ဒေါ်သူဇာက တကယ်တမ်း တည်ကြည်ငြိမ်သက်သော မျက်နှာထားဖြင့် ဆိုသည်။ ဦးကောင်းမိုးသည် ဒေါ်သူဇာ၏မျက်နှာကို လှမ်းကြည့်သည်။

"ဆိုစမ်းပါဦး"

"တခြားတော့ မဟုတ်ပါဘူး။ ကျွန်မတို့အခုအတိုင်း နေသွားလို့ မဖြစ်တော့ဘူးဆိုတဲ့ အကြောင်းကို ပြောမလို့ပါ။ ရှင်ကသာ မသိတာ အခုတလော ကျွန်မတို့ပွဲရုံရဲ့ အခြေအနေဟာ အတော်ယိုင်လာပြီ။ ဦးမောင်ကလေးဟာ ကုန်းကောက်စရာမရှိအောင် ဖြစ်နေတဲ့ နေရာက ဘယ်လို ဘယ်လို ငွေရလာသလဲမသိဘူး။ အခုသူ့ပွဲရုံကို ပြန်စနေပြီ။ ရှင်သိတဲ့အတိုင်း ဦးမောင်ကလေးဆိုတာက ပွဲရုံအလုပ်မှာ တစ်ဖက်ကမ်းခပ်နေတဲ့လူ။ သိပ်လာဘ်မြင်တဲ့လူ၊ မိတ်ဆွေ သင်္ဂဟကလည်း ပေါပါဘိသနဲ့။ ဒီတော့ ကျွန်မတို့နဲ့ ဆက်ဆံနေတဲ့ အရင်သူ့မိတ်ဟောင်းတွေဟာ သူ့ဆီကို ပြန်ရောက်ကုန်တယ်။ တကယ်တမ်းကျတော့ ကျွန်မတို့ ပွဲရုံကလူတွေဟာ ဦးမောင်ကလေးရဲ့ ခြေဖျားကိုတောင် မီကြတာ မဟုတ်ဘူး။ ဒီပုံစံနဲ့သွားရင် ပွဲရုံကို ဖြုတ်ပစ်ရမှာပဲ။ တစ်ပြိုင်နက်တည်းမှာပဲ ကျွန်မတို့ ထမင်းအိုးကွဲမှာပဲ။ ဒီတော့ တခြား အလုပ်ကလေးဘာလေး စုံစမ်းဦးမှ ဖြစ်မယ်ထင်တယ် ကိုကောင်းမိုး"

အစပိုင်းတွင် ဦးကောင်းမိုးသည် ဒေါ်သူဇာ၏ စကားကို အလေးအနက် နားထောင်နေသည်။ နောက်တော့ သူ သိပြီးသား အကြောင်းအရာများကို နားထောင်နေရသလို စိတ်ဝင်စားမှု လျော့ပါးလာသည်။ ဒေါ်သူဇာ၏ စကားအဆုံးတွင် သူပြောသည်။

"အဲဒီစနက်ဟာ ဘယ်သူ့စနက်လို့ ထင်သလဲ မသူဇာ"

"ရှင်"

"ဒါဟာ အောင်ခန့်ရဲ့စနက်။ အမိတို့ကသာ မကြားတာ။ ကျုပ်အားလုံးသိပြီးပြီ။ အားလုံးကြားပြီးပြီ။ ဦးမောင်ကလေးကို နတ်မတာမဟုတ်ပါဘူး။ အိုင်ယာလန်ထီပေါက်တာလည်း မဟုတ်ဘူး။ အောင်ခန့်က ငွေထုတ်ပေးတာ အောင်ခန့်က မလိုက်တာ"

"ဟုတ်လား"

"ဟုတ်တယ်၊ ဒီစကားကို ဦးမောင်ကလေးနဲ့ ရင်းနှီးတဲ့ လူတွေဆီက ကြားရတာပဲ။ အောင်ခန့်ရဲ့ ရည်ရွယ်ချက်ကတော့ အမိတို့ပွဲရုံကို ပြုတ်သွားအောင်ပေါ့။ ကျုပ်တို့ကို အလုပ်လက်မဲ့ ဖြစ်သွားအောင်ပေါ့"

သည်တော့လည်း ဒေါ်သူဇာသည် သဘောပေါက်လာရသလိုရှိသည်။ သက်ပြင်းတစ်ချက်ကို ခပ်မျှင်းမျှင်း မှုတ်ထုတ်လိုက်သည်။

"အမှန်တော့ ဒါဟာ ရှင်မွေးခဲ့တဲ့မီးတွေပဲ ကိုကောင်းမိုး"

ဒေါ်သူဇာက စွပ်စွဲသည်။

"ဘာကွ၊ ကျုပ်မွေးခဲ့တဲ့မီးဟုတ်စ"

"ဟုတ်တယ်။ ရှင်မွေးခဲ့တဲ့မီး။ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်ကျော် ဆယ့်ခုနစ်နှစ်ကျော် ကတည်းက အခုတိုင်လောင်နေတဲ့မီး "

ဒေါ်သူဇာသည် စိတ်ပျက်လက်ပျက် အမူအရာဖြင့် ခပ်ညည်းညည်းဆိုကာ မီးဖိုခန်းသို့ ဝင်သွားသည်။ ချက်ပြုတ်ရန် ပြင်ဆင်နေသည်။ ဦးကောင်းမိုးသည် စားပွဲမှာထိုင်လျက် ကျန်ရစ်သည်။ သူသည် အတော်ချည်းကြာအောင် စဉ်းစားတွေးတောနေသည်။ နောက်တော့ သူသည် ပြောစရာ တစ်စုံတစ်ခု ရှိသလို ထိုင်ရာမှထသည်။ မီးဖိုခန်း တံခါးဝမှာ လာရပ်သည်။

"ကျုပ်သိထားတာ တစ်ခုရှိတယ် မသူဇာ"

ဒေါ်သူဇာက ဦးကောင်းမိုးအား လှည့်မကြည့်ဘဲ မေးသည်။

"ဘာကိုလဲဟင်"

"ဘာလဲဆိုတော့ သားနဲ့ ခင်ခင်ကြီးတို့ကိစ္စပဲ"

"ဘယ်သူလဲ ခင်ခင်ကြီးဆိုတာ သြော်... သိပြီ။ ဦးအောင်ခန့်ရဲ့ သမီးကလေးလား"

သည်တွင် ဦးကောင်းမိုး၏ စကားကို ဒေါ်သူဇာ စိတ်ဝင်စားလာရသည်။ နောက်သို့လှည့်ကာ ဦးကောင်းမိုး၏ မျက်နှာကို စေ့စေ့ကြည့်လာသည်။

"ဆိုစမ်းပါဦး၊ ဒီသူငယ်မနဲ့ သားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"သူ အိမ်ကိုလာတယ်"

"ကျွန်မတို့အိမ်ကိုလား။ ဘာလာလုပ်တာလဲ"

"သားကို လာရှာတာ၊ ကျုပ်အထင်တော့ သူနဲ့ သားနဲ့ဟာ တစ်နည်းမဟုတ်တစ်နည်းနဲ့ အဆက်အသွယ်ရှိကြလိမ့်မယ်လို့ပဲ"

"ဒါဆိုရင် ကောင်းတာပေါ့။ ကျွန်မတော့ အဲဒီသူငယ်မကလေးကို သဘောကျတယ်။ ညောင်လှဆိပ်ကမ်းမှာ တွေ့ခဲ့ပြီးတဲ့နောက် အခုထိ သူ့မျက်နှာကို မြင်ယောင်နေတယ်။ သူ့ရုပ်ကလေးက အရုပ်တစ်ခုလိုပဲ ချောတယ်။ မှဲ့ရှင်ကလေးက ထူးခြားတယ်။ ဒီတုန်းက ကျွန်မရဲ့ စိတ်မှာတောင့်တမိခဲ့တယ်။ ကျွန်မဟာ သားကိုမွေးပြီးတဲ့နောက် တန့်မသွားဘဲ ခင်ခင်ကြီးလို သမီးကလေး တစ်ယောက် ထပ်ရခဲ့ရင် သိပ်ကောင်းမှာပဲလို့"

"ဒါထက် အေမီမြိုင်ကိုကော၊ မင်းဘယ်လို သဘောရသလဲ"

"အမှန်ပြောရရင်တော့ အေမီမြိုင့်ကို ကျွန်မ သဘောမကျဘူး။ ကျွန်မက ရုပ်ပျာပျာလုပ်တာကို မနှစ်သက်ဘူး။ ပြီးတော့ သူတို့က သိပ်ခမ်းနားလွန်းပါတယ်။ ကြီးကျယ်လွန်းပါတယ်"

"အေမီမြိုင်ဟာ မင်းရဲ့ အဆွေအမျိုးပဲ မသူဇာ"

"ဟုတ်ပါတယ်။ သူ့အမေတွေကအစ ကျွန်မ သဘောမကျဘူး။ အေမီမြိုင့်အကြောင်းထားပါ။ ပြောမယ့်သာပြောရတာပါ။ တကယ်လို့ သားနဲ့ ခင်ခင်ကြီး အဆက်အသွယ်ဖြစ်နေကြတယ်ထားဦး။ အဆင်ပြေစရာ တစ်ကွက်မှမရှိပါဘူး။ ရှင်တို့ လူကြီးချင်းကမှ သဟဇာတမမျှဘဲကိုး"

ဒေါ်သူဇာ တစ်ဖက်သို့ ပြန်လှည့်သွားသည်။ ဦးကောင်းမိုးသည်လည်း ပြောစရာကုန်သွားသည့်နှယ်ရှိသည်။

သို့ပေမဲ့ ဦးကောင်းမိုး၏ စိတ်သန္တာန်တွင်ကား တွေးစရာမကုန်သေး။ သူသည် အရက်ခွက်ကို တစ်ကျိုက်ချင်း မော့သောက်နေရင်းမှ တွေးနေသည်။ စဉ်းစားနေသည်။ သည့်နောက် သူ၏ မျက်နှာမှာ သွေးရောင်လွှမ်းတက်လာသည်။ အားရကျေနပ်သည့် အသွင်သဏ္ဌာန် ပေါ်ပေါက်လာသည်။ သူ၏မျက်နှာတွင် အပြုံးရိပ်သန်းလာသည်။ ကျေနပ်ခြင်းတစ်ဝက်၊ နာကြည်းခြင်းတစ်ဝက် လွှမ်းသော အပြုံးမျိုးဖြစ်သည်။ ဦးကောင်းမိုးသည် ထိုင်ရာမှ ဖြုန်းခနဲထလိုက်သည်။

"ကျုပ် အပြင်ခဏ သွားဦးမယ် မသူဇာ"

"ဘယ်သွားမှာလဲ ခဏနေရင် ထမင်းစားရတော့မယ့်ဥစ္စာ"

"ဒီအနားတင်ပါ။ ထမင်းဆိုတာ စားဖူးသားပဲ။ နေ့တိုင်းစားနေတာပဲ"

ထို့နောက် သူသည် အိမ်မှထွက်ခဲ့သည်။

အိမ်မှထွက်ခဲ့သည်ဆိုလျှင်ပင် ကောင်းကင်ပြင်ကို သတိထားကြည့်မိသည်။ မိုးသားမိုးရိပ်များ တလိပ်လိပ် တက်လာသည်ကို မြင်ရသည်။ လျှပ်စီးတို့သည် ပြိုးခနဲ ပြက်ခနဲ လင်းသည်။

မိုးသည် ရွာတော့မလို ပြိုတော့မယောင်နှင့်။

x x x x x

**ဆက်လက်ဖော်ပြပါမည်။**

**ကျွန်မတော့ အဲဒီသူငယ်မကလေးကို သဘောကျတယ်။ ညောင်လှဆိပ်ကမ်းမှာ တွေ့ခဲ့ပြီးတဲ့နောက် အခုထိ သူ့မျက်နှာကို မြင်ယောင်နေတယ်။ သူ့ရုပ်ကလေးက အရုပ်တစ်ခုလိုပဲ ချောတယ်။ မှဲ့ရှင်ကလေးက ထူးခြားတယ်။ ဒီတုန်းက ကျွန်မရဲ့ စိတ်မှာတောင့်တမိခဲ့တယ်။ ကျွန်မဟာသားကိုမွေးပြီးတဲ့နောက် တန့်မသွားဘဲ ခင်ခင်ကြီးလို သမီးကလေးတစ်ယောက် ထပ်ရခဲ့ရင် သိပ်ကောင်းမှာပဲလို့ . . .**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ပြည်တွင်းရေးရာ၊ ကြော်ငြာ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၁
နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ






### မောင်မင်းဟိန်းခန့်(မွေးသက္ကရာဇ်-၂၁-၁၂-၂၀၀၃)အား တူ/သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသိဒ္ဓိ(၂)လမ်း၊ အမှတ်(၂)နေ မောင်မင်းဟိန်းခန့်(မွေးသက္ကရာဇ်-၂၁-၁၂-၂၀၀၃) (အဖ-ဦးဇော်လတ်ဝေ[၁၂/လကန(နိုင်-၀၉၆၅၃၉]နှင့် အမိ-ဒေါ်ကြည်ကြည်အေး[၁၂/ရပသ(နိုင်)၀၅၉၈၂၅]တို့၏ သား၊ အဒေါ် ဒေါ်စန်းစန်းမြင့်[၁၂/ရပသ(နိုင်)၀၃၁၇၃၃]၏ တူ/သားအရင်းဖြစ်သူသည် အဒေါ် ဒေါ်စန်းစန်းမြင့်နှင့်မိဘတို့၏ ပြောဆိုဆုံးမမှုများကို လိုက်နာမှုမရှိဘဲ၊ မိမိသဘောဆန္ဒအလျောက်ပြုမူဆောင်ရွက်သွားပါသောကြောင့် တူ/သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ မောင်မင်းဟိန်းခန့်နှင့်ပတ်သက်၍ ငွေရေးကြေးရေးကိစ္စများ၊ လူမှုရေးကိစ္စများနှင့်တကွ ဆောင်ရွက်မှုမှန်သမျှကို မိဘများနှင့်အဒေါ်တော်စပ်သူ ဒေါ်စန်းစန်းမြင့်အပါအဝင် ညီအစ်ကိုမောင်နှမများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်စန်းစန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၁၈၂၀**


## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့



### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့၊ အထက်တန်းကျောင်း ဒသမတန်းမှ မောင်စိုးထွန်းလင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းစိန်[၁၁/မပန(နိုင်)၀၂၅၉၀၉]ဖြစ်ပါကြောင်း။ **ဦးသန်းစိန်**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ပြည်မြို့၊ မြေတိုင်းရပ်ကွက်အမှတ်(နဝင်း)၊ ကွင်းအမှတ်(၁၄အောင်ဆန်း-၃)၊ ဦးပိုင်အမှတ်(၁၆၀က၊ ၁၆၀ခ)၊ (၂)လမ်းနှင့်(စီ)လမ်းထောင့်၊ နဝင်းရပ်ကွက်၊ ပေ(၆၀x၈၀)၊ ဧရိယာ(၀.၁၁၀)ဧကအကျယ်ရှိ မြေကွက်သည် ပြည်မြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဦးစံလင်း အမည်ပေါက် နှစ်(၃၀)မြေငှားဂရန် အမျိုးအစားမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မနီချေ[၁၁/စတန(နိုင်)၀၂၈၂၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ကြည်လပြည့်ဝန်း |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၁၉၂၄/၂၀၁၉) |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၆)ရပ်ကွက်၊ (၈)မိုင်မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃။ ၀၉-၇၅၀၃၉၈၄၀၆**

### ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၈)လမ်း၊ အမှတ်(၉၉)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဥပဒေနှင့်အညီ တည်ထောင်ထားသော Golden Sun Moon Limited (Reg No; 103251737/1990)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်သည်-

SKY-TECH Esonic Techfine euccoi Hi-Toner

အထက်ပါ SKY-TECH, Esonic, Techfine, euccoi နှင့် PANDA Toner (Hi-Toner) ကုန်အမှတ်တံဆိပ်များဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ ကုန်စည်အုပ်စုအဆင့် (၉)တွင် ပါရှိသော ကွန်ပျူတာ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် Printer ဆက်စပ်ပစ္စည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေပြီဖြစ်ရာ အဆိုပါကုန်အမှတ်တံဆိပ်များအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူအား တည်ဆဲဥပဒေများအရ အရေးယူလိမ့်မည်ဖြစ်ကြောင်း သတိပေးကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြတ်သူ**
**အထက်တန်းရှေ့နေ(စဉ်-၅၃၁၅၃)**
**ရုံး- အမှတ်(၂၂၅)၊ ပ-ထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၃၃၉၉၄**


### ❖ မန်ယူအသင်းမှ

မန်ယူအသင်းက ၂၀၁၈ ခုနှစ်အတွင်းက နည်းပြမော်ရင်ဟိုကို ထုတ်ပယ်ခဲ့ပြီးနောက် အသက် ၄၈ နှစ်အရွယ်ရှိ နည်းပြဆိုးရှားဟာ မန်ယူအသင်းရဲ့ ယာယီနည်းပြအဖြစ် စတင် တာဝန်ယူကိုင်တွယ်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ နည်းပြဆိုးရှားဟာ ၂၀၁၉ ခုနှစ် မတ်လအတွင်းမှာ မန်ယူအသင်းရဲ့ အမြဲတမ်းနည်းပြတစ်ဦးဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

ဆိုးရှားဟာ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၇ ခုနှစ်အထိ မန်ယူအသင်းနဲ့အတူ ဘောလုံးရာသီ ၁၁ ရာသီကြာကာလအတွင်းမှာ သွင်းဂိုးစုစုပေါင်း ၁၂၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ မန်ယူအသင်းဟာ နောက်ဆုံးယှဉ်ပြိုင် ကစားခဲ့တဲ့ ပရီမီယာလိဂ်ခုနစ်ပွဲမှာ တစ်ပွဲသာ အနိုင်ရရှိခဲ့တာကြောင့် လက်ရှိအချိန်မှာ ပရီမီယာလိဂ် အမှတ်ပေး ဇယားအဆင့်(၁)နေရာက ချယ်လ်ဆီးအသင်းအောက် ၁၂ မှတ်အကွာ အဆင့်ခုနစ်နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

မန်ယူအသင်းဟာ နည်းပြ ဆိုးရှားကို ထုတ်ပယ်လိုက်ပြီဖြစ်တာကြောင့် နိုဝင်ဘာ ၂၃ ရက်မှာ ဗီလာရီးယဲလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်မှာ မိုက်ကယ်ကားရစ်က ယာယီအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်မှာဖြစ်တယ်လို့ သိရပါတယ်။

မန်ယူအသင်းဟာ ဗီလာရီးယဲလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးမှာ ချယ်လ်ဆီးအသင်း၊ အာဆင်နယ်အသင်းစတဲ့အသင်းတွေနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ မန်ယူအသင်းဟာ နည်းပြဆိုးရှားကို ထုတ်ပယ်ခဲ့ပြီးနောက် အသက် ၄၉ နှစ်အရွယ်ရှိ ရီးယဲလ်မက်ဒရစ် အသင်းနည်းပြဟောင်း ဇီဒန်းကို အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ဖို့ စီစဉ်နေပြီး မိုက်ကယ်ကားရစ်ကို ရာသီကုန်အထိ ယာယီနည်းပြအဖြစ် တာဝန်ပေးသွားဖို့ ရှိနေတာဖြစ်ပါတယ်။ ငွေကြယ်



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု-ကြီးကြပ်ရေးမှူး (အစားအသောက်) (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၃၂)နေရာ | B.V.Sc, M.Sc(Industrial Chemistry),M.Sc(Food Biotechnology),M.Sc (Biochemistry),B.Comm.H, B.Agr.Sc, အခြေခံဘွဲ့တစ်ခုခုနှင့် Post graduate. D.F.T |
| (ခ) | ဆေးဘက်ကျွမ်းကျင်-၂ (ဆေးဝါး) (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၇၇)နေရာ | B.Pharm,M.Sc(Chemistry), M.Sc(Industrial Chemistry) |
| (ဂ) | ဓာတ်ခွဲခန်းကျွမ်းကျင်-၂ (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၄၁)နေရာ | B.E(Chemical),B.Med.Tech, Master of Food Technology, M.Sc(Chemistry), M.Sc(Industrial Chemistry) |
| (ဃ) | ကွန်ပျူတာစီစဉ်ရေးမှူး (လစာနှုန်း၊၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၄)နေရာ | B.C.Tech, B.C.Sc, B.E(I.T), B.E(Civil), B.E(Mechanical), B.E(E.P) |
| (င) | ဓာတ်ခွဲခန်းကျွမ်းကျင်-၄ (လစာနှုန်း၊၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃၅)နေရာ | Grade II (Laboratory Technician)အောင်မြင်ပြီးသူ/တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (စ) | အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၆၀)နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ |
| (ဆ) | ယာဉ်မောင်း(၅) (လစာနှုန်း၊၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၁၈)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်၍ ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီး၊အနည်းဆုံးလိုင်စင်သက်တမ်း(၂)နှစ်ရှိရပါမည်။ |
| (ဇ) | ရုံးအကူ (လစာနှုန်း၊၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၅၀)နေရာ | အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဈ) | လုပ်သား(ဓာတ်ခွဲ) (လစာနှုန်း၊၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁၀)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ည) | သန့်ရှင်းရေး (လစာနှုန်း၊၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၂၀)နေရာ | အခြေခံပညာမူလတန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဋ) | လုပ်သား(အစောင့်) (လစာနှုန်း၊၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁၅)နေရာ | အခြေခံပညာမူလတန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-
(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)
(ဃ) လူမျိုး/ ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ
(ဇ) ဖုန်းနံပါတ်

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာ ပူးတွဲပေးပို့ရမည်-
(က) ပညာအရည်အချင်းထောက်ခံချက်
(၁) အမှတ်စဉ်(က)မှ (စ)အထိအတွက် ဘွဲ့လက်မှတ်ထောက်ခံချက်မိတ္တူ၊ အမှတ်စာရင်းမိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ
(၂) အမှတ်စဉ်(ဇ)အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ
(၃) အမှတ်(ဆ)နှင့် (ဈ)အတွက် အခြေခံပညာအလယ်တန်းအောင်မြင်ကြောင်းထောက်ခံချက်မိတ္တူ
(၄) အမှတ်(ည)နှင့် (ဋ)အတွက် အခြေခံပညာမူလတန်းအောင်မြင်ကြောင်းထောက်ခံချက်မိတ္တူ
(ပညာအရည်အချင်းထောက်ခံချက်အတွက် အောင်လက်မှတ်ကို မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ခ) တာဝန်ကျရာ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်
(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူနှင့် လွန်ခဲ့ သော (၁)လက ရယူထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်း ထောက်ခံချက်မူရင်း
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်
(င) အမှတ်စဉ် ၁။(က)မှ(ဃ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၅)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေ ကျပ်(၄)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်
(စ) အမှတ်စဉ်၁။(င)မှ (ဋ)အထိ ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး(၂)နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသည့်လျော်ကြေးငွေ ကျပ်(၂)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။
(ဆ) အမှတ်စဉ် ၁။ (င)ပါ ဓာတ်ခွဲခန်းကျွမ်းကျင်-၄ ရာထူးသို့ လျှောက်ထားသူများအား ၄င်းရာထူးနေရာများကို ကျော်ထောက်နောက်ခံပြု၍ (လစာနှုန်း၊ ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)ရာထူးနေရာတွင် အလုပ်သင်အဖြစ် စတင်ခန့်ထားမည်ဖြစ်ပါသည်။

၄။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်တွင် အသက်(၃၀)နှစ် မကျော်သူဖြစ်ရမည်။ လျှောက်လွှာများကို (၂၂ -၁၂ -၂၀၂၂)ရက်နေ့ ၁၆:၃၀ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာရှေ့၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားနိုင်ပါသည်။

၆။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ၊ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုရမည့်သူစာရင်းနှင့် ဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို နေပြည်တော် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၊ Food and Drug Administration. Facebook နှင့် FDA Website- www.fda.gov.mmတို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၊ ဖုန်းနံပါတ် -၀၆၇၃-၄၀၃၈၄၇၊ ၀၆၇၃-၄၀၃၅၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။


## ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာဖူဆယ်အသင်းများ အချိန်ယူလေ့ကျင့်ပြင်ဆင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၁**
မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းများသည် လာမည့် (၃၁)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် အချိန်ယူလေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားနှင့် အမျိုးသမီးအသင်းများသည် နိုင်ငံတကာပြိုင်ပွဲများနှင့် ကာလအတန်ကြာ ဝေးကွာနေပြီး လာမည့် ဆီးဂိမ်းပြိုင်ပွဲမှာ ပထမဆုံးပြန်လည်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲလည်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားနှင့် အမျိုးသမီးအသင်းသည် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လာမည့်နှစ်ဆန်းပိုင်းတွင် စတင်လေ့ကျင့်ဖွယ်ရှိနေသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းနည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်ကို ခန့်အပ်ထားပြီး အမျိုးသားအသင်းသာ နည်းပြချုပ်ခန့်အပ်ရန် ကျန်ရှိနေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် ၂၀၁၉ အာဆီယံဖူဆယ်ပြိုင်ပွဲတွင် နောက်ဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအမျိုးသမီး ဖူဆယ်အသင်းမှာမူ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် နောက်ဆုံးယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်း ၂၀၀၇ ခုနှစ်တွင် စတင်ပါဝင်ခဲ့ပြီး ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ် လေးကြိမ်သာပါဝင်ခဲ့ကာ လာမည့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ငါးကြိမ်မြောက် ပါဝင်ခြင်းဖြစ်သည်။

**ကိုညီလေး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ သူရ(၃)လမ်း၊ မြေကွက်အမှတ်(၅၃၇/ခ)၊ မြေအကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်ရီရီ[၁၂/ဥကတ(နိုင်)၀၂၄၅၈၇]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက် ဒေါ်ရီရီထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးစိုးမိုးကျော်[၁၂/တမန(နိုင်)၁၀၀၀၅၅]**သည် (၁၅-၁၁-၂၀၂၁)ရက်တွင် နှစ်ဦးသဘောတူ မြေကွက်နှင့်နေအိမ် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## အများသိစေရန် ကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်ကွက်၊ တိုးချဲ့ကမ်းနားလမ်း၊ အမှတ်(၅၇)နေ (ဘ) ဦးနေဝင်း၏ သား ဦးညီမြတ်သူ [၁၂/ဥကမ(နိုင်)၁၇၅၉၇၀]နှင့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)၊ အိမ်အမှတ်(တ-၅)နေ(ဘ) ဦးစိန်ဝင်း၏သမီး ဒေါ်ရွှေရည်ဝင်း[၉/ခအဇ(နိုင်)၁၀၅၇၅၁]တို့သည်(၂၀၁၃)ခုနှစ်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး (၁၆-၂-၂၀၂၀)ရက်နေ့တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ရေးချုပ်၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးညီမြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဗိုလ်မြင့်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၀၂)**
**အမှတ်(၃၂၉/ဘီ)၊ လှိုင်ရွှေဝါလမ်း၊**
**သာယာအေးရပ်ကွက်၊ မော်လမြိုင်မြို့။**
**(ဖုန်း)၀၉- ၉၈၁၅၂၂၄၆၁**

## "ဦးထင်လင်းအောင် [၁၄/ညတန(နိုင်)၀၉၆၆၂၅]ကိုင်ဆောင်သူအား သားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသိန်းအောင်[၁၄/ညတန(နိုင်)၀၁၄၅၉၄]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ညောင်တုန်းမြို့၊ ၄-ရပ်ကွက်၊ လမ်းမတော် ၅-လမ်း၊ စာတိုက်လမ်း၊ အမှတ်-၄၉-အေတွင် နေထိုင်သော အဖ-ဦးသိန်းအောင်၊ အမိ(ဒေါ်အေးဆင့်)တို့၏ သားငယ်ဖြစ်သူ ဦးထင်လင်းအောင် [၁၄/ညတန(နိုင်)၀၉၆၆၂၅]သည် မိဘများ၏ ဆိုဆုံးမမှုများအပေါ် နာခံမှုမရှိ လုံးဝလိုက်နာမှုမရှိဘဲ ရန်သူသဖွယ်ပြန်လည်ပြောဆိုခဲ့ပြီး မိဘညီအစ်ကိုမောင်နှမများ၏ သဘောဆန္ဒကိုဆန့်ကျင်ကာ နိုင်ငံခြားတိုင်းတစ်ပါးတွင်နေထိုင်၍ ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်မှုများ လုပ်ဆောင်နေပါသဖြင့် ယခုကြေညာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအားလုံးသည် မိသားစုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့်တာဝန်ယူဖြေရှင်းပေးမည်လည်းမဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာခိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၄၇)**
**အမှတ်-(၄၀/၂၅)၊ ဘုရားလမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၈၄၆၇၇၄၊ ၀၉- ၄၂၀၁၆၅၇၇၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ဦးစိန်အေး(ဘ) ဦးမောင်စိန်[၁၂/အလန(နိုင်)၀၃၆၄၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာလိုက်သည်။

ရန်ကုန်မြို့နေ ဦးစိန်အေးနှင့် ဒေါ်လှလှသိန်းတို့၏သားမောင်အောင်သူ [၁၂/အလန(နိုင်)၀၄၄၃၈၃]ကိုင်ဆောင်သူသည် လူကြီးမိဘများ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုး အကြိမ်ကြိမ်ပြုမူနေသူဖြစ်ပြီး ၂၀၁၉မတ်လမှစ၍ အိမ်မှဆင်းသွားပြီး ယနေ့ထိပြန်မလာပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ဦးစိန်အေးနှင့် ဒေါ်လှလှသိန်းတို့၏ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ) မိဘမောင်နှမများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးစိန်အေး** | **ဦးဝင်းမြင့်** |
| **[၁၂/အလန(နိုင်)၀၃၆၄၈၁]** | **LL.B, (Int,R.A.S.U) D.H.E** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၆၈၂၉)(၉-၁၁-၁၉၉၉)** |
| | **တိုက်(၁၀/၁၂)၊ အခန်း-၁၀၃(i)၊** |
| | **၃၅ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊** |
| | **ရန်ကုန်မြို့။ဖုန်း-၀၉-၄၃၀၉၁၅၀၁** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်း ၂၀)
## ရွှေပြည်သာမြို့နယ်တရားရုံး
## ၂၀၂၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂

| | | |
|---|---|---|
| နန့်အေးအေးမာ | | ဦးမောင်အေး |
| **(တရားလို)** | **နှင့်** | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (လ/၃၇/၁၃)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၈၆၈)နေ ဦးမောင်အေး(ယခုနေရပ်လိပ်စာမသိ)သူသိစေရမည်။

သင့်အပေါ်တရားလိုက ပဋိညာဉ်အတိုင်းမြေကွက်နှင့် နေအိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ၊ (၁)ရက်၊ (၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၊ (၁၃)ရက်) မွန်းမတည့်မီ (၁၁:၀၀)နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ၊(၁၅)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေခြည်လှိုင်းဇော)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## မခင်စန်းမွန်[၁၂/ရပသ(နိုင်)၀၆၁၈၁၅]နှင့် အများသိစေရန် ကြေညာခြင်း

မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ နှယ်သာဂီ(၄)လမ်းနေ ကိုသက်ဝေယံဖြိုး[၁၂/အစန(နိုင်)၂၁၂၉၉၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်- ကိုသက်ဝေယံဖြိုးနှင့် မခင်စန်းမွန်တို့သည် ၂၂-၁၀-၂၀၁၇ ရက်နေ့တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး စိတ်သဘောထားချင်းမတိုက်ဆိုင်ကြသဖြင့် ၂၇-၅-၂၀၁၈ ရက်နေ့တွင် မိဘများထံပြန်လည်နေထိုင်၍ တစ်ဦးနှင့်တစ်ဦး ယနေ့အထိ ဆက်ဆံပတ်သက်မှုမရှိကြတော့ကြောင်း၊ (၂၀၂၀)ခုနှစ်အတွင်း လူကြီးမိဘများနှင့် သွားရောက်စဉ်က မခင်စန်းမွန်မှ အတွေ့မခံ၍ ဖုန်းဖြင့် ကြိုးစားဆက်သွယ်သော်လည်းမရကြောင်း၊ ထို့ကြောင့် စွန့်ပစ်ခံရသူ ကိုသက်ဝေယံဖြိုးအနေဖြင့် မခင်စန်းမွန်အား ဇနီးအဖြစ် ဆက်လက်ပေါင်းသင်းလိုသော ဆန္ဒမရှိတော့ပါ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်အပ်ပါသည်။ ဤကြေညာသည့်ရက်မှစ၍ လင်ခန်းမယားခန်းပြတ်စဲပါကြောင်းနှင့် နောက်နောင်တွင် မခင်စန်းမွန်နှင့် ပတ်သက်သည့်ကိစ္စများမှာ ကိုသက်ဝေယံဖြိုးနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုသက်ဝေယံဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နှင်းသစ်၊ B.A(IR),HGP,MPA,PCT & IP (WIPO,Swiss)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၆)**
**အခန်း(၁၁)၊ တိုက်(၂၁၀၁)၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ (ဖုန်း၊ ၀၉- ၄၂၃၆၆၀၁၉၃)**

## (၁၈-၁၁-၂၀၂၁)ရက်စွဲဖြင့် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၀)ပါ မဂျူလိုင်ကိုကို(ခ)ဆိုမိုင်ဟဟ်ဘီနှင့် ၎င်း၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မေဦး၊ အထက်တန်းရှေ့နေ ဒေါ်နော်အက်စတာရွှေ တို့၏ အများသိစေရန် အသိပေးတားမြစ်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ (၃၅)လမ်း၊ (၇၀x၇၁)ကြား၊ အမှတ်(ဘီ-၅)နေ ဒေါ်ဇာဇာဦး(ခ)ယာစမင်းန်ဘီ (ဘ)ဦးမောင်မောင်[၁၀/မလမ(နိုင်)၂၇၁၄၀၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း မဂျူလိုင်ကိုကို(ခ)ဆိုမိုင်ဟဟ်ဘီနှင့် ၎င်း၏ရှေ့နေများမှ (၁၈-၁၁-၂၀၂၁)ရက်စွဲပါ သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးတားမြစ်ကြေညာခြင်း ကြေးမုံသတင်းစာပါ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းအပ်ပါသည်-

(၁၈-၁၁-၂၀၂၁)ရက်စွဲပါ သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးတားမြစ်ကြေညာခြင်း ကြေညာချက်ပါ အချက်အလက်တချို့မှာ မှန်ကန်ခြင်းမရှိကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးစွာရှင်းလင်းအပ်ပါသည်။ မဂျူလိုင်ကိုကို(ခ)ဆိုမိုင်ဟဟ်ဘီသည် ကွယ်လွန်သွားသည့် ဦးကိုကိုလေးပိုင်ပစ္စည်းများနှင့် လုံးဝမသက်ဆိုင်ပါ။ မဂျူလိုင်ကိုကို(ခ)ဆိုမိုင်ဟဟ်ဘီမှ ဦးကိုကိုလေး ကွယ်လွန်သွားပြီးနောက် ဦးကိုကိုလေးပိုင်ပစ္စည်းများနှင့်ပတ်သက်၍ မန္တလေးခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၂၅၃/၂၀၂၁ စွဲဆိုထားမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေမှ အစ္စလာမ်တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ပါသည်။ ထို့ကြောင့် လူကြီးမင်းမှ ကြေးမုံသတင်းစာပါပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည်မှ ဥပဒေနှင့်မညီသည့် လုပ်ဆောင်ချက်များရှိပါက တရားရုံးတော်မှ ယာယီတားဝရမ်းဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းများအရလည်းကောင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါလျက် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျစေရန် ရည်ရွယ်၍ နိုင်ငံပိုင်သတင်းစာတွင် အထောက်အထားမဲ့ စွပ်စွဲပြောဆိုနေမှုများရှိနေပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းသည် ကွယ်လွန်သူ ဦးကိုကိုလေးပိုင်ပစ္စည်းများနှင့်ပတ်သက်၍ မန္တလေး ခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၂၅၃/၂၀၂၁ တရားစွဲဆိုထားပြီးဖြစ်ပါလျက် ကျွန်ုပ်၏ ဂုဏ်သိက္ခာကျစေသည့် အပြုအမူ၊ အရေးအသားများ နောက်နောင် ထပ်မံမပြုလုပ်ပါရန်နှင့် လူကြီးမင်းတို့ဘက်မှ အထက်ပါအတိုင်း ထပ်မံပြုလုပ်လာပါက ကျွန်ုပ်၏မိတ်ဆွေမှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းဇေယျစိုး(စဉ်-၉၀၅၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၈)၊ ယုဇနလမ်း၊ ကွင်းရပ် ရပ်ကွက်၊ မော်လမြိုင်မြို့။**
**ဖုန်း-၀၉-၄၃၀၇၁၃၇၃**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်(၁၈)။ ပုလောလမ်းနှင့်မေယုလမ်းထောင့်၊မြေကွက်အမှတ်(၂၄၄)မြေအကျယ်(၄၂×၆၀)ပေ မြေအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား (၂.၄.၁၉၉၆)ရက်နေ့တွင် မူလဂရန်အမည်ပေါက်ဦးတင့်ခိုင်(NBN ၂၂၂၃၆၂)ထံမှဦးဌေးမြင့်(BHN ၀၀၅၉၇၁) ဆိုသူသည်(၄၂×၆၀)ပေအကျယ်အားနှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်ဖြင့် လည်းကောင်း။ (၂၁.၁.၁၉၉၇)ရက်နေ့တွင် ဦးဌေးမြင့် (BHN ၀၀၅၉၇၁)ထံမှ ဒေါ်တင်မြင့် (၁၂/အလန(နိုင်)၀၂၂၀၉၅) ဆိုသူသည် မြေ(၄၂ × ၆၀)ပေအကျယ်အားနှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် လည်းကောင်း။ (၃.၁၅.၂၀၀၇)ရက်နေ့တွင်ဒေါ်တင်မြင့်(၁၂/အလန(နိုင်)၀၂၂၀၉၅) ထံမှဦးတင်ဝင်း(၁၂/မဂတ(နိုင်)၀၄၇၆၁၁)ဆိုသူသည်မြေ(၄၂×၆၀)ပေအကျယ် အား နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိ စာချုပ်ဖြင့်လည်းကောင်း။ (၇.၅.၂၀၁၁)ရက်နေ့တွင် ဦးတင်ဝင်း(၁၂/မဂတ(နိုင်)၀၄၇၆၁၁)ထံမှ ဦးအောင်ကိုကိုလှိုင်(၁၂/ဗတထ(နိုင်)၀၃၁၇၆၉)ဆိုသူသည်မြေ(၂၂×၆၀)ပေအကျယ်အား အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ် ကတိစာချုပ်ဖြင့်လည်းကောင်း။ (၁၉.၉.၂၀၁၈)ရက်နေ့တွင်ဦးအောင်ကိုကိုလှိုင်(၁၂/ဗတထ(နိုင်)၀၃၁၇၆၉)ထံမှ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာမြင့် (၁၃/တကန(နိုင်)၁၉၃၃၇၆)ဆိုသူသည် ခေါင်းရင်းခြမ်းမြေ(၂၂×၆၀)ပေအကျယ်အားနှစ်ဦးသဘောတူမြေနှင့်အိမ်အရောင်း အဝယ်ကတိစာချုပ်ဖြင့်လည်းကောင်း အဆက်ဆက် ပိုင်ဆိုင်လာခဲ့ပါသည်။ ဒေါ်သန္တာမြင့် (၁၃/တကန(နိုင်)၁၉၃၃၇၆)သည် အဆက်ဆက်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီးဒေါ်သန္တာမြင့်ကိုယ်တိုင် စီမံရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းမှု အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းအိသူ (၁၂/ဗတထ(နိုင်)၀၃၅၁၆၄)မှ ခေါင်းရမ်းခြမ်း ပေ(၂၂×၆၀)မြေကွက်အပါအဝင် အိမ်နှင့်အကျိုးခံစားခွင့်အား စရံငွေပေးချေ၍ ဝယ်ယူထားရှိခဲ့ပါသည်။ ဝယ်ယူသည့် ဂရန်မခွဲစိတ်ရသေးသော မြေအစိတ်အပိုင်းနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုအပေါ် တရား ဝင်စာရွက်စာတမ်း အထောက်အထားများနှင့် ကန့်ကွက်လိုပါက ဤကြေငြာပါသည့် ရက်မှစ၍ ရက်သတ္တပတ်(၂)ပတ် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးကန့်ကွက်မည့်သူမရှိပါကမြေအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းအများသိရှိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသန်းထွဋ်(**LL.B**) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၇၃)
အမှတ်(၄၀/ခ)၊တကောင်း(၂)လမ်း၊(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀၆၂၈၅၂၊ ၀၉ ၉၆၅၀၆၂၈၅၂

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးသူဝင်း[၅/တဆန(နိုင်)၁၀၈၈၉၈]သည် ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ မြသီရိလမ်း၊ အမှတ်(၁၁၁/ခ)၊ ဧရိယာ(၁၀x၆၀)ပေ၊ ပါမစ်မြေနှင့်ယင်းမြေကွက်ပေါ်ရှိတိုက်တစ်လုံးအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းမင်းစိုး[၁၄/မအပ(နိုင်)၂၁၀၈၉၁]မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုက စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူသူအောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၈၃၇)**
**ဖုန်း-၀၉-၄၅၀၀၅၆၈၄၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ ဓနုဖြူမြို့၊ (၅)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃)နေ ဒေါ်အေးအေးနွယ်၊ (ဘ) ဦးမောင်စီ[၁၂/ကမတ(နိုင်)၀၀၄၅၃၄]၏လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာလိုက်သည်။

ဦးသန်းထိုက်(ကွယ်လွန်) (ဘ) ဦးမောင်ဆင့်[၁၂/လမတ(နိုင်)၀၁၉၅၉၁]နှင့် ဒေါ်အေးအေးနွယ်(ဘ) ဦးမောင်စီ[၁၂/ကမတ(နိုင်)၀၀၄၅၃၄]တို့၏သား မောင်ဝေယံမင်းဆင့် (ဘ) ဦးသန်းထိုက်[၁၄/ဓနဖ(နိုင်)၂၀၄၂၇၀]ကိုင်ဆောင်သူသည် မိဘများ၏ ဆုံးမသွန်သင်မှုကို မနာခံဘဲ မိဘများစိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အမျိုးမျိုးအကြိမ်ကြိမ် ပြုမူနေသူဖြစ်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ ဦးသန်းထိုက်နှင့် ဒေါ်အေးအေးနွယ်တို့၏ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်ဝေယံမင်းဆင့်နှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမှလုံးဝ (လုံးဝ) မိဘ၊ မောင်နှမများက တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အေးအေးနွယ်** | **ဒေါ်ခင်လေးမွန်(LL.B)** |
| **[၁၂/ကမတ(နိုင်)၀၀၄၅၃၄]** | **အထက်တန်းရှေ့နေ(စဉ်-၅၁၆၈၂)** |
| | **အမှတ်(၄၉)၊ ခင်မကန်(၆)လမ်း၊ (၃)ရပ်ကွက်၊ ဓနုဖြူမြို့။** |
| | **ဖုန်း-၀၉- ၄၂၂၅၅၇၀၀၀၊ ၀၉-၇၉၃၉၂၆၆၉၀** |

## "(၁၂-၁၀-၂၀၂၁)ရက်စွဲ၊ ကြေးမုံသတင်းစာပါ ဒေါ်လှကြည်[၁၂/သဃက(နိုင်)၁၃၃၀၃၉]နှင့် ၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၆၉၃၄/၂၀၁၈)အရ ဒေါ်လှရင်[၁၂/သဃက(နိုင်)၀၁၂၈၄၇]မှ ဒေါ်ချောစုလှိုင်[၁၀/မလမ(နိုင်) ၀၀၅၅၆၃]နှင့် အများသိစေရန် ကြေညာချက်အပေါ် ဒေါ်ချောစုလှိုင်[၁၀/မလမ(နိုင်)၀၀၅၅၆၃]ဘက်မှ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၂၀)လမ်း၊ အမှတ်(၁၈၉)နေ ဒေါ်ချောစုလှိုင် [၁၀/မလမ(နိုင်)၀၀၅၅၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၄)၊ မြေကွက်အမှတ်(၁၀၈၆)၊ (အလျားပေ ၄၀xအနံပေ ၆၀)အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန(၁)လမ်း၊ အမှတ်(၁၀၈၆)ဟုခေါ်တွင်သော မြေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဒေါ်လှကြည်[၁၂/သဃက(နိုင်)၁၃၃၀၃၉]နှင့် ၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၆၉၃၄/၂၀၁၈)အရ ဒေါ်လှရင်[၁၂/သဃက(နိုင်)၀၁၂၈၄၇]ထံမှ ကျွန်ုပ်မိတ်ဆွေနှင့်အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး၊ အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ (၁၆-၁၂-၂၀၂၀)ရက်တွင် အရောင်းမြေပုံ မြေရာဇဝင်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကူးယူရန် လူကြီးမင်းဘက်မှ လျှောက်ထားခဲ့ပြီး၊ (၁၆-၁-၂၀၂၁)ရက် နောက်ဆုံးထားပြီး အရောင်းမြေပုံ မြေရာဇဝင်ကို ထုတ်ယူပေးမည်ဟု လူကြီးမင်းဘက်မှ နှုတ်ဖြင့်ဝန်ခံကတိပြုခဲ့ပြီးနောက် သတ်မှတ်ရက်တွင် အရောင်းမြေပုံမြေရာဇဝင်အား လူကြီးမင်းဘက်မှ ထုတ်ယူပေးနိုင်မှုမရှိခဲ့ဘဲ ကြန့်ကြာမှုဖြစ်ပေါ် ခဲ့သော်လည်း ကျွန်ုပ်မိတ်ဆွေဘက်မှ ယုံကြည်မှု၊ နားလည်မှုဖြင့် စောင့်ဆိုင်းပေးခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့နောက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ချောစုလှိုင်နှင့် လူကြီးမင်းတို့ (၆လပိုင်း ၂၀၂၁)တွင် ရောင်းဖိုး ဒုတိယအရစ်ငွေကို ပေးချေရန်အသင့်ရှိကြောင်း အကြောင်းကြားညှိနှိုင်းခဲ့သော်လည်း လူကြီးမင်းဘက်မှ ငွေသားသာလျှင်ပေးချေရန် အကြောင်းကြားမှုအပေါ် နှစ်ဖက်ညှိနှိုင်းမှုအဆင်မပြေခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့နောက် လူကြီးမင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့ ရောင်းဖိုးဒုတိယအရစ်ငွေကို ပေးချေရန် ဆက်လက်ညှိနှိုင်းကြရာ (၂၀၂၁ ခုနှစ် ၇ လပိုင်း)၊ (၂၀၂၁ ခုနှစ် ၈ လပိုင်း)များတွင် ကမ္ဘာ့ကပ်ရောဂါ Covid 19 (Third Wave)ရောဂါကြောင့် လူအများစု၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်လည်းကောင်း၊ ငွေပေး ငွေယူကိစ္စများအတွက် အချိန်ကြန့်ကြာအောင် အတူတွေ့ဆုံရန်မဖြစ်နိုင်သည့် အခြေအနေတွင်လည်းကောင်း၊ ကျန်းမာရေးအတွက် လူသားအားလုံး စိုးရိမ်ကြောင့်ကြဖြစ်နေကြရသည့် အချိန်ကာလများဖြစ်၍လည်းကောင်း၊ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန် အခြေအနေမပေးခဲ့ဘဲ "လူကြီးမင်းဘက်မှ ငွေသားသာလာပေးရန်၊ အဆိုပါငွေသားများကို အိမ်သို့သယ်သွားပြီး ရေတွက်ပြီးနောက် တစ်ရက်ရောက်မှ စာချုပ်ချုပ်ဆိုပေးမည်"ဟု ပြောကြားမှုအပေါ် နှစ်ဖက်ညှိနှိုင်းမှုမရခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့အပြင် ယခုအခါ လူကြီးမင်းဘက်မှလည်းကောင်း၊ သက်ဆိုင်ရာရုံးဌာနအသီးသီးဘက်မှလည်းကောင်း၊ ကြန့်ကြာမှုအပေါ် ကျွန်ုပ်မိတ်ဆွေဘက်မှ နားလည်မှုဖြင့် စောင့်ဆိုင်းပေးခဲ့သော်လည်း ခေတ်ကာလအနေအထားနှင့် ကမ္ဘာ့ကပ်ရောဂါ Covid 19 (First Wave) (Second Wave) (Third Wave) များကြောင့် နှစ်ဖက်ညှိနှိုင်းအဆင်မပြေမှုအပေါ် လူကြီးမင်းဘက်မှ (၆လပိုင်း ၂၀၂၁ ခုနှစ်)ရက်ကတည်းက ယနေ့အချိန်အထိ ရောင်းဖိုးဒုတိယအရစ်ငွေကို လက်ခံခြင်းမရှိဘဲ (၁၆-၁၂-၂၀၂၀)ရက်စွဲပါ စာချုပ်၏စာမျက်နှာ (၂)အပိုဒ်(၃)(က)အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိဘဲ လူကြီးမင်းဘက်မှ ပျက်ကွက်နေကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုလှိုင်[၁၀/မလမ(နိုင်)၀၀၅၅၆၃]ဘက်မှ မြေအိမ်နှင့်ပတ်သက်၍ (၁၆-၁၂-၂၀၂၀)ရက်စွဲပါ စာချုပ်၏စာမျက်နှာ(၂)အပိုဒ်(၃)(က)ပါအတိုင်း ယနေ့အချိန်တွင် ရောင်းဖိုး ဒုတိယအရစ်ငွေပေးချေရန် အသင့်ရှိနေပြီး လူကြီးမင်းဘက်မှ ရောင်းဖိုးငွေကို လက်ခံရန်နှင့် စာချုပ်ပါအတိုင်း မြေအိမ်၏မြေငှားဂရန်မူရင်း၊ အရောင်းမြေပုံမြေရာဇဝင်မူရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ (၆၉၄၃/၂၀၁၈)မိတ္တူမှန်နှင့် အဆက်စပ်စာချုပ်စာတမ်းများ လက်ဝယ်ပေးအပ်ရန်နှင့် (၁၆-၁၂-၂၀၂၀) ရက်စွဲပါစာချုပ်၏ စည်းကမ်းချက်များအပေါ် ဆက်လက်လိုက်နာဆောင်ရွက်ရန် ထပ်မံအသိပေး အကြောင်းကြား ရှင်းလင်းအပ်ပါသည်။

သို့ပါ၍ လူကြီးမင်းမှ မလိုက်နာဘဲ ပျက်ကွက်လျှင် (၁၆-၁၂-၂၀၂၀)ရက်စွဲပါ စာချုပ်၏စာမျက်နှာ (၃)၊ အပိုဒ်(၁၁)အရ ကျွန်ုပ်၏အမှုသည်ပေးချေထားသော ရောင်းဖိုးငွေများ၏ (၂)ဆဖြစ်သောငွေများ နှင့် ကျွန်ုပ်၏အမှုသည် နစ်နာမှုကို တစ်လုံးတစ်ခဲတည်းပေးလျော်ရန် ထပ်မံတောင်းဆိုသည်။ ထို့အပြင် အထက်အပိုဒ်ပါ မြေအိမ်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေမှ စရန်ပေးဝယ်ယူထားပြီး ပဋိညာဉ်အား ဆက်လက်အကောင်အထည်ဖော်ရန် ဆောင်ရွက်နေချိန်တွင် အခြားမည်သူတစ်ဦးတစ်ယောက်အား ထပ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်းမပြုရန် ထပ်မံရှင်းလင်းတားမြစ်ကြေညာအပ်ပါသည်။

လူကြီးမင်း ဒေါ်လှကြည်[၁၂/သဃက(နိုင်)၁၃၃၀၃၉]နှင့် ၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၉၃၄/၂၀၁၈)အရ ဒေါ်လှရင်[၁၂/သဃက(နိုင်)၀၁၂၈၄၇]တို့ဘက်မှ ကြေညာခဲ့သော (၁၂-၁၀-၂၀၂၁)ရက်စွဲ၊ ကြေးမုံသတင်းစာပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းရန်နှင့် အဆိုပါကြေညာချက်ပါအကြောင်းအရာများမမှန်ကြောင်းနှင့် လူကြီးမင်းဘက်မှ မမှန်မကန်ကြေညာခြင်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုလှိုင် [၁၀/မလမ(နိုင်)၀၀၅၅၆၃]၏ ဂုဏ်သိက္ခာနှင့်ငွေကြေးထိခိုက်နစ်နာကြောင်းနှင့် (၁၆-၁၂-၂၀၂၀)ရက်စွဲပါ ပဋိညာဉ်ပါအချက်များအား လူကြီးမင်းဘက်မှ ဆက်လက်လိုက်နာရန်နှင့် မလိုက်နာပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အရေးယူအပြစ်ပေးနိုင်ရန် လွှဲအပ်ညွှန်ကြားထားကြောင်း ဒေါ်လှကြည်[၁၂/သဃက(နိုင်)၁၃၃၀၃၉] နှင့် ၎င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၉၃၄/၂၀၁၈)အရ ဒေါ်လှရင်[၁၂/သဃက(နိုင်)၀၁၂၈၄၇]နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချောစုလှိုင်[၁၀/မလမ(နိုင်)၀၀၅၅၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L.,D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ၅၂လမ်း၊ (၂)လွှာ၊ အမှတ်(၁၁၅)ဟုခေါ်တွင်သော (အလျားပေ၂၀xအနံပေ၆၀)အကျယ်ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဦးအောင်တင်ထွန်း[၁၂/သခန(နိုင်)၀၀၀၅၉၈]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းဟွမ်ခမ်း[၁၃/နခန(နိုင်)၀၆၄၇၇၄]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B,D.B.L., D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်–၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်း (၄)၊ ဂျိုးဖြူလမ်း၏အရှေ့ဘက် မြေကွက်ရှိ မြေကွက်အမှတ် (၁၆၈) အား လက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူနှင့် ရောင်းချပိုင်ခွင့်ရှိသူ ဒေါက်တာသက်နိုင်ဦး (၁၂/မဂဒ (နိုင်) ၀၅၂၃၄၀) ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် (၁၅–၁၁–၂၀၂၂) နေ့တွင် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာချက်ပါရှိပြီး (၅) ရက်အတွင်း စာရွက်စာတမ်း မူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ – **ဒေါ်သီတာနှင်း (LL.B)** — **ဒေါ်သန္တာတိုး (LL.B, LL.M (Q))**

တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၅၃၆၀) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၅၃၆၆)

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – ၀၉–၄၂၀၂၁၈၄၀၈၊ ၀၉–၄၂၁၁၂၆၁၈၃

## အများသိစေရန်

ကျွန်တော် ကိုသောင်းဖေ[၁၂/မဂတ(နိုင်)၀၀၃၅၂၇]၏သားဖြစ်သူ မောင်မင်းသော်ဇင်(ခ) မိုဟာမက်ဆိုဟိုဒ်မှာ (၂၈–၁၀–၂၀၁၉)ရက်တွင် ရန်ကုန်မြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် မွေးဖွားခဲ့သော ကျွန်တော်၏ အိမ်ထောင်စုစာရင်းဝင် သားအရင်းဖြစ်ပြီး မွေးစာရင်းမူရင်းမှာ ကျွန်တော် ဖခင်အရင်းဖြစ်သူထံတွင်ရှိပါသောကြောင့် တစ်ဦးတစ်ယောက်မှ လိမ်လည်၍ နယ်မြို့များတွင် မွေးစာရင်း အတုပြုလုပ်ခြင်း၊ ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် (ပျောက်ဆုံး၊ ပျက်စီး)ကြောင်း မွေးစာရင်း မိတ္တူလျှောက်ထားခြင်းများနှင့် လ.ဝ.က အိမ်ထောင်စုစာရင်းတွင် (မွေးတိုး)ထည့်သွင်းခြင်းများ ပြုလုပ်ပါက သက်ဆိုင်ရာမှ မပြုလုပ်ပေးပါရန် ကန့်ကွက်ပါကြောင်းနှင့် ပြုလုပ်ပြီးပါကလည်း တုပလိမ်လည်ထားမှန်း သိလျက်နှင့် အမှန်ကဲ့သို့ အသုံးပြုသောသူများအား မွေးစာရင်းဥပဒေအရသော်လည်းကောင်း၊ လ.ဝ.က ဥပဒေအရသော်လည်းကောင်း တရားစွဲဆိုလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုသောင်းဖေ(ခ)ကိုမင်း**
**[၁၂/မဂဒ(နိုင်)၀၀၃၅၂၇]**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲ့ကျေးရွာနေ အဖ ဦးလင်းအေးဖေ[၇/ကဝန(နိုင်)၀၈၅၃၂၃]၊ အမိ ဒေါ်ညွှန့်ညွှန့်ဝေ(ကွယ်လွန်)တို့၏သား မောင်ကျော်ဇေလင်း[၇/ကဝန(နိုင်)၀၉၃၄၃၇]သည် ဖခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးလင်းအေးဖေ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမောင်မောင်ဦး**
**B.A(Q),H.G.P,R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၄၂၆၀/၁၉၈၇)**
**Ph:09–5182982**
**တိုက်(၁၆)၊ အခန်း(၄၀၂)၊ အောင်သပြေလမ်း၊ (ယုဇနပလာဇာ)၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဘိုခြံရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၉၆)ဟုခေါ်တွင်သောမြေကွက်ကြီးအနက်မှ ပေ(၂၀x၆၈)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးနေမျိုးထွန်းနှင့်ဒေါ်မြင့်မြင့်ဌေးတို့မှ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထူးကျော်စိုးနှင့် ဒေါ်ပိုးသဲဖြူဝင်းတို့မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဖော်ပြပါမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မေစီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၅၂၂၇)**
**အမှတ်(၁၂၆)၊ ရေကူးဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၃၀၃၇၁**

## ဒေါ်ဝင်းကြူနှင့်အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ကုလားကြီးစုကွက်သစ်၊ မင်္ဂလာလမ်း၊ အမှတ် (၇၉၆/ခ)နေ ဦးသန်းထွန်း(ဘ)ဦးထွန်းချစ်[၉/မနမ(နိုင်)၀၅၄၆၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ကုလားကြီးစုကွက်သစ်၊ မြေတိုင်းအမှတ် (သကမ–၁)၊ မြေငှားစာချုပ်အမှတ်–၇၈၂/၂၀၀၄၊ မြေကွက်အမှတ်(၆၄၃)၊ ဧရိယာ(၀.၀၅၅)ဧက၊ ပေ (၄၀x၆၀) ဦးထွန်းချစ် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မှာ ဦးသန်းထွန်းပိုင်ဆိုင်သော ဂရန်မြေကွက်ဖြစ်ပြီး ဖော်ပြပါမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသောအိမ်တွင် ဒေါ်စောကြည်အား သက်ရှိထင်ရှားရှိ နေစဉ်အတွင်း နေထိုင်ခွင့်ပေးထားရာ ဒေါ်စောကြည်ကွယ်လွန်ချိန်တွင် ၎င်းနှင့်အတူနေဖြစ်သူ ဒေါ်ဝင်းကြူမှ မြေငှားဂရန်စာချုပ်အား ယူဆောင်ထားပြီး ယင်းအိမ်ခြံမြေအား ရောင်းချခြင်း၊ အိမ်အား ဖြိုချခြင်းများပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ ဖော်ပြပါ မြေကွက်ပိုင်ရှင်အမှန်ဖြစ်သူ ဦးသန်းထွန်း မသိရှိဘဲ ပြုလုပ်ဆောင်ရွက်မှုမှန်သမျှကို သဘောတူခြင်းမရှိ ကန့်ကွက်နိုင်ပါကြောင်း၊ လိုက်နာခြင်းမရှိဘဲ ဆက်လက်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဝင်းကြူနှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သန္တာထွန်း(LL.B)** | **ဒေါ်နီလာဝင်း(LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၄၀၅၉၃)** |
| **ဖုန်း–၀၉–၄၅၁၅၅၆၉၀၄** | **ဖုန်း–၀၉–၄၂၀၀၉၉၄၉၁** |

**အမှတ်(၇၁၁)၊ ရွှေဝါထွန်းလမ်း၊ ရွှေပုပ္ပါးလမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အ.ထ.က(၁)၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မင်းသန့်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းထွေး[၁၄/မမန(နိုင်)၁၈၆၂၄၈]ဖြစ်ပါသည်။

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့၊ အ.ထ.က(၂)၊ တက္ကသိုလ်ဝင်တန်းမှ မခင်မြတ်သူ၏မိခင်အမည်မှန်မှာ ဒေါ်ခိုင်သင်းစိုး[၁၀/ရမန(နိုင်)၂၄၀၆၆] ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်သင်းစိုး**

## ပျောက်ဆုံးကြောင်း

ဦးအောင်ကိုနိုင်[၁၄/ပသန(နိုင်)၂၀၄၇၈၆]၏ သင်္ဘောသားလုပ်သက်မှတ်တမ်းစာအုပ် (ရန်–၀၁၇၀၁/၂၀၀၆)မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၆၆၀၂၈၂၇၅**

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း(4)မြို့နယ်ရှိ မြေကွက်များဝယ်လိုသည်။ (ပွဲခပေးရန် မလိုပါ။)
**09-407080736**
**09-454050540**

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်များအထူး ဈေးကောင်းပေးဝယ်သည်။
**09-5027546**

ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
**43091527**

## ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက–ဖျက်ကြီး၊ တက္ကသိုလ်ဝင်တန်း(A)မှ မနွေးနွေးလှိုင်နှင့်သတ္တမတန်းမှ မအိမြတ်နွေးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင်စိုး [၁၄/အဂပ(နိုင်)၂၆၃၁၂၄] ဖြစ်ပါကြောင်း။

သွေးသည် အသက်

## ကျန်းမာရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ လွိုင်လင်ပြည်သူ့ဆေးရုံကြီး၊ ခိုလမ်ဆေးရုံ၊ မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်ကလေးကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများအတွက် လိုအပ်သောဆေးဝါးများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ စတင်ရောင်းချမည့်နေ့ရက် – ၂၂–၁၁–၂၀၂၂(တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက် – ၁၇–၁၂–၂၀၂၂(သောကြာနေ့)

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (တောင်ကြီး) ဖုန်း(၀၈၁–၂၁၂၁၀၆၉၊ ၀၈၁–၂၁၂၁၅၆၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁) တိုးချဲ့၊ ဇီဇဝါလမ်း၊ မြေကွက်အမှတ်(D–၅)၊ ဧရိယာ(၀.၂၂၂ဧက) (အလျားပေ ၁၀၀xအနံပေ ၉၇)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်စုမြတ်အောင်[၁၂/လမန(နိုင်)၁၂၆၇၆၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမိုးကျော်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၅၈၈)**
**အခန်း(၅)၊ အမှတ်(၅၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၄၉၆၃၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အောင်မြေလမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်–၇(ဘီ)၊ မြေကွက်အမှတ်(၂၉)၊ ဧရိယာ(24'4"x40')ရှိ နှစ်(၆၀)ဂရန်မြေ၏ (က)ဘက်ခြမ်း၊ ($12\frac{1}{2}$'x40')နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အဆောက်အဦအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးချစ်လှိုင်[၁၂/မဂတ(နိုင်)၀၃၇၂၆၇]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **(လွှဲအပ်ညွှန်ကြားသူ)** | **(လွှဲအပ်ညွှန်ကြားချက်အရ)** |
| **ဒေါ်အေးငြိမ်းဖြူ** | **ဦးမျိုးမင်းဆွေ(LL.B)** |
| **[၁၂/ဥကမ(နိုင်)၂၀၈၃၇၁]** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၃၉)** |

**အမှတ်(၃၁)၊ သီရိမင်္ဂလာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၁၅၁၁၄၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ တိုက်အမှတ်(၂၀)၊ ၅–လွှာ(ဘီ)၊ ခြေရင်းခန်း၊ အကျယ်အဝန်း ပေ(၁၅x၅၅)ရှိ တိုက်ခန်းတွင်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တစ်ပါးသူထံတွင် ထပ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းထားခြင်း အစရှိသည်တို့ လုံးဝကင်းရှင်းပါကြောင်းကို ဝန်ခံလျက် မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ဦးခိုင်စည်[၁၂/စခန(နိုင်)၀၆၄၅၃၇]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးလှဝင်းစိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၃၈) [LL.B,WIPO(Switzerland)]**
**တိုက်အမှတ်(၂၅)၊ မြေညီ(Hall)၊ ပန်းတနော်လမ်း၊ လင်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(နဝဒေးအိမ်ရာစီမံကိန်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၃/၄)၊ (၆)ရပ်ကွက်၊ မြေကွက်အမှတ်(၁၆/၇)၊ အကျယ်အဝန်း(အလျားပေ၆၀xအနံပေ၅၀) ဧရိယာ(၀.၀၆၈)ဧကရှိ (၁) ဦးဝင်းနိုင်[၁၂/ဥကမ(နိုင်)၀၃၁၂၈၇]နှင့် (၂) ဒေါ်မြင့်မြင့်အေး(ခ) ဒေါ်အေးအေးသိန်း[၁၂/ကမတ(နိုင်)၀၃၅၇၂၆]အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ၎င်းတို့ထံမှ အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသည့် (၁)ဦးစိုင်းနေထက်အောင်စွာ[၁၃/တကန(နိုင်)၀၁၆၅၆၄]နှင့် (၂) ဒေါ်မြတ်မြတ်စမ်း[၁၂/ကမတ(နိုင်)၀၁၂၆၄၀]တို့မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မွန်မွန်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)**
**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉– ၇၉၇၆၄၀၆၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးအေးသန့်ပိုင်ဆိုင်သော သိပ္ပံဈေး(အလုံ) ဆိုင်အမှတ်(၀/ ၁၂၊ ၀/၁၃) ပိုင်ဆိုင်ကြောင်း စာအုပ်(၂)အုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–979579028,09–799633844**

## မြေကွက်ရောင်းမည်(လှည်းကူးမြို့)

- (၄၀ပေ × ၆၀ပေ) = ၈ ကွက်တွဲ (နှစ်ဖက်ဒေါင့်)
- ဂရန်အမည်ပေါက်၊ အဝီစိတွင်းပါ၊ မီတာ(၂)လုံးပါ
- မြေအားလုံးဆလပ်လောင်းပြီး၊ သွပ်မိုး မိုးပြီး
- (၄၀ပေ × ၆၀ပေ) နှစ်ထပ်တိုက်ပါ
- လှည်းကူးမြို့၏ စုပေါင်းရုံးမျက်နှာခြင်းဆိုင်
- ရန်ကုန်–မန္တလေးကားလမ်းမကြီး၏ ဂုတ်ကွက်
- လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

(၄၀ပေ × ၆၀ပေ) = ၁ကွက် = ၇၀၀ သိန်း

Bank Transfer ဖြင့်ငွေအားလုံးပေးချေနိုင်သည်

**Ph : 09 5130218**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စံပြ(၂)လမ်း၊ အမှတ်(၁၄၈)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ၏ (၃–လွှာ) (ခြေရင်းဘက်)တိုက်ခန်းအား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်အေးအေးထွေး[၁၂/ပဇတ(နိုင်)၀၂၄၇၁၇]က တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ဒေါ်အေးအေးထွေးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းသွင်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူသွားရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်စန်းစန်းသွင်** | **ဒေါ်ခင်ခင်ဆု(LL.B)** |
| **[၁၂/ပဇတ(နိုင်)၀၁၂၉၂၄]** | **အထက်တန်းရှေ့နေ(စဉ်–၄၀၇၅၆)(၇–၁၂–၂၀၁၂)** |

**အမှတ်(၂၆၆)၊ စံပြ(၃)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၃၁၈၂၉၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ တိုက်အမှတ်(၄၃၄/ခ)ဟုခေါ်တွင်သော တစ်ခန်းတွဲ(၆)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း (အလျားပေ ၁၈xအနံပေ ၅၄)ရှိ တိုက်ခန်း တစ်ခန်းအပါအဝင် ယင်းမြေကွက်၏ နှစ်(၆၀) မြေငှားဂရန် စာချုပ်ပိုင်ဆိုင်မှုနှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်အုံးမြင့်[၁၂/သဃက (နိုင်)၀၂၄၅၉၅] က တာဝန်ယူဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၄၃၀၇၁၁၄၈၊ ၀၉–၇၉၉၂၇၇၀၅၀**

## "၁၆–၁၀–၂၀၂၂ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၃၁) ကြော်ငြာကဏ္ဍပါ ဦးသန်းမောင်နှင့် အများသိစေရန် ကြော်ငြာအား ပြန်လည်ရုပ်သိမ်းခြင်း"

၁၆–၁၀–၂၀၂၂ရက်နေ့ ကြေးမုံသတင်းစာကြော်ငြာကဏ္ဍတွင် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ကျွန်းကလေးအရှေ့ဘက်ကမ်းတာဆုံရပ်ကွက်၊ ရန်ကုန်ပြည်လမ်း၊ ကွင်းအမှတ်(၁၀၇၀/AN)၊ ဦးပိုင်အမှတ်(၁၃/စ)၊ ဧရိယာ(၀.၀၅)ဧကနှင့်ပတ်သက်၍ ဦးသန်းမောင်နှင့် အများသိစေရန် ကြေညာချက်အား ဒေါ်ဇင်မင်းဦး[၇/လပတ(နိုင်)၁၃၂၇၃၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မိသားစုကြားဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါ၍ ဖော်ပြပါကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်း ဒေါ်ဇင်မင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်သန္တာထွန်း(LL.B)** | **ဒေါ်နီလာဝင်း(LL.B,DBL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၂၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၄၀၅၉၃)** |
| **ဖုန်း–၀၉–၄၅၁၅၅၆၉၀၄** | **ဖုန်း–၀၉–၄၂၀၀၉၉၄၉၁** |

**အမှတ်(၆၃၀)၊ နဝရတ်ကိုးသွယ်လမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မကွေးလမ်း၊ အမှတ်(၆၁၇) နေ ဦးလှဝင်း[၁၂/အလန(နိုင်)၀၁၄၆၈၁]နှင့် ဒေါ်မိမိလှိုင်[၁၂/အလန(နိုင်)၀၁၄၆၈၂]တို့မှ ၎င်းတို့၏ သမီးဖြစ်သူ မနှင်းမြသီတာ[၁၂/လသယ(နိုင်)၀၃၉၂၈၆]ကိုင်ဆောင်သူသည် မိဘ၊ ဆွေမျိုးညီအစ်ကို မောင်နှမတို့၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ နေ့စဉ်နှင့်အမျှ မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေသည့် အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် မနှင်းမြသီတာနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း မိဘ၊ ဆွေမျိုး၊ ညီအစ်ကို မောင်နှမများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှဝင်း–ဒေါ်မိမိလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းမာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၆၅၀)**
**(၂၈၇/က)၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၃၁၆၀၄၈၀**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့ ဖတ်စရာ**

**ယူဂန္ဒာနိုင်ငံ၌ အရွယ်ရောက်ပြီးသူအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည်**

စာ » ၁၁

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၅၁ သန်းကျော်ရှိလာ**

စာ » ၁၂




**အခန်းဆက်ဝတ္ထုရှည်**

စာ » ၂၅

## အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ရက်စက်စွာသတ်ဖြတ်ခြင်းကြောင့် ကျန်းမာရေးဝန်ထမ်းသုံးဦး သေဆုံး၊ ရှစ်ဦး ဒဏ်ရာရရှိခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများအပြင် အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍပေါင်းစုံတို့ကို ပြန်လည်ကုစားသွားနိုင်ရေး ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှေ့တန်းကျစွာဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေး ဆိုင်ရာများကို အစိုးရ၊ တပ်မတော်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် မလိုလားသည့် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH၊ NUG၊ PDF စသည့် အဖွဲ့အစည်းများက နိုင်ငံ့အကျိုးတာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများကို

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့** ❐

## မန်ယူအသင်းက ဆိုးရှားအား နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီ

မန်ယူအသင်းဟာ ပရီမီယာလိဂ်တန်းတက်အသင်း ဝက်ဖို့ဒ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီး နောက်တစ်ရက်ဖြစ်တဲ့ နိုဝင်ဘာ ၂၁ ရက်မှာ အသင်းနည်းပြ ဆိုးရှားကို နည်းပြအဖြစ်ကနေ ထုတ်ပယ်လိုက်ပြီဖြစ်ပါတယ်။

**ခုနစ်ပွဲမှာ ငါးပွဲအထိ ရှုံးပွဲကြုံ**

နော်ဝေနိုင်ငံသား နည်းပြ ဆိုးရှားရဲ့ မန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့ သုံးနှစ်သက်တမ်းရှိစာချုပ်ဟာ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပေမယ့် အက်စ်တွန်ဗီလာအသင်း၊ လက်စတာစီးတီးအသင်း၊ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ကို ရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်တွေအပါအဝင် ပရီမီယာလိဂ်နောက်ဆုံးခုနစ်ပွဲမှာ ငါးပွဲအထိ ရှုံးပွဲကြုံခဲ့ရတာကြောင့် အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

**စာမျက်နှာ ၂၆ ကော်လံ ၁ သို့** ❖



## မကွေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသော ဗိဿနိုး PDF အဖွဲ့တာဝန်ခံ ဝင်းမြင့်လှိုင် (NLD ပါတီ တောင်တွင်းကြီးမြို့နယ် အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်း)အား ဖမ်းဆီးရမိ

မကွေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသော ဗိဿနိုး PDF အဖွဲ့တာဝန်ခံ ဝင်းမြင့်လှိုင် (NLD ပါတီ တောင် တွင်း ကြီး မြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း) နှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



**နေပြည်တော် နိုဝင်ဘာ ၂၁**

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အစိုးရဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ မိုင်းခွဲတိုက်ခိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် NLD ပါတီဝင် တောင်တွင်းကြီးမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဗိဿနိုးနယ်မြေ PDF အဖွဲ့တာဝန်ခံ ဝင်းမြင့်လှိုင်အား နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ရပ်စောက်မြို့နယ် နောင်ဘိုကျေးရွာအနီး နောင်ဘို ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ ဝင်းမြင့်လှိုင်နှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုနှင့် လုပ်ကြံသတ်ဖြတ်မှုများတွင် အသုံးပြုလျက်ရှိသည့် SigSauer P320 အမျိုးအစား

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ✪